www.burmeseclassic.com

ဇာနီအောင် (ရမ္မာဝတီ)

# တောက်လျှောက်အတက်သို့

## ရှိုင်လား

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

# ဆရာတော် ဦးဥတ္တမ

ဆရာမစ္စတာမောင်မှိုင်း

ဝသုန်မြေပေါ်တခွင် ပန္နက်အမှတ်ထားကြတဲ့၊
ဒဂုံဆံတော်ရှင်ပင် ၄က်မြတ်နှားဆီသို့၊ ဘဝဂ်ရပ်
အဖျားဆီက ဝတ်တပါး မပေါ်ရှာ၊ စက်ပြာသာဒ်
ရထားရယ်နှင့်၊ အထက် နတ်သိကြားသော်မှ ဝပ်တွား
ကန်တော့လာ။ ။

မိုးကြိုးခတဲ့ နိမိတ်ကိုဖြင့်၊ အမျိုးမျိုး ဆရာမှာ
ထိတ်ပေမဲ့၊ အတိတ် ဟိုအစဉ်အခါက၊ ပဟိုရ်ပလ္လင်
ရတနာ အင်းဝ သပေအထိုးတွင်မှ၊ ငြိုငြင်စရာ မင်းခပြ
သူ့မိုးလိုပ၊ ကိုယ်ထင်ရာ အတင်းအဓမ္မစိုးလေတဲ့၊
ထိုးကွင်းခကြောင် နဂိုဟန်ပန်နှင့်ကြွားနေကြ၊ မိုးညှင်း
၀ တန်ဆောင် သိုဟန်ဘွားမှာတော့၊ ဘုရားကို မရိုမသေချင်
သနဲ့၊ တရားကို အပိုတွေ ထင်တဲ့ပြင်၊ သံဃာတော်
အရှင်မြတ်တွေကိုမှ၊ အတွင်သတ်ကာ တမင် မအပ်မရာ
ပြုသလိုဖြင့်၊ ခု လက်ထက်တော်မှာ အင်္ဂလိပ်စိုးချိန်မို့၊
ညှိုးလျှဘွယ် ဆရာမမြင်ဘုလို့၊ ရာဇဝင်အတိတ်ရှေ့က
သဘောတွေနှင့်၊ မကြာခင် အဖိတ်နေ့ညမှာ ယောရက်

နှင့်၊ တောရစ် မကြည်လင်ဖို့၊ ထေရ်အရှင် ကျုပ်တို့ ဆရာတပါးပေပေါ့၊
ရားရှင် သာသနာတော်က၊ သမ္မာတော် ဇာတိတအားရယ်နှင့်၊ မြန်မာပေါ်မှာ
အရှိသားပေမို့၊ ယိုရှားကာ မနေစေဘုလို့၊ အပြေပြေကမ္ဘာလှည့်လည်ပြီး၊
ခြေအနေကို မကြာမကြာကြည့်တဲ့ပြင်၊ ဒကာတပည့်တွေကို ကောင်းစေချင်တဲ့
တ်ကယ်နှင့်၊ ကောင်းဟိတ်တဝေစေလှုဘို့တဲ့၊ ဒေါင်းရိုပ်မြေဇမ္ဗူမပြင့်၊ ပြေသူကို
ာမယူတဲ့ ခေတ်တွင်မှ၊ အသစ်ပြင်ရန်သဘောတွေနှင့်၊ လောက ပြေမြန်မာမှာ
ာ်ကွယ်၊ ယောပြပေရှာ။ ။

ထေရ်တဆူ ဥက္ကဋ္ဌတပါးရယ်ကြောင့်၊ ပြည်သူတွေ ဒုက္ခ ပွားပြန်ပေါ့၊
ဘုရားနှင့် ဓမ္မရာဇ်သာသနာမှာ၊ အပြစ်မရှာစေဖို့ ဆရာ့အမိဋ္ဌာန်တရား၊
စ်မနာလေသမို့ အမတနိဗ္ဗာန်တံခါး။ ။

သွေးမထူးချင်၊ တွေးဦးလျှင် တမြင်မြင်ပါ့၊ ကျေးဇူးရှင် ရဟန်းတော်
ပါးကိုမှ၊ အကြမ်းခေါ်ယူ ဖမ်းတော်မူလို့ သွားပေါ့တဲ့၊ ပြည်သား ပြည်သူ
င်လူတကာတို့၊ အသွင်တူဘာသာမှာ သာသနာကလည်း တဘက်ဟာမို့၊
ခက်တခါ ကြုံကြပေါ့၊ ရာဇဂုဏ် မင်းမာန်တင်းချိန်မို့၊ စွဲချက် ဥပဒေကို
ျက်ထုချေလို့ငြင်းရမဲ့၊ တိုင်းရင်းနေ ဒကာ ဒကာမတို့မှာဖြင့်၊ ဗျာပါမကြည်မရွှင်
ဒုက္ခများပေလိမ့်၊ သည်တခွင် မနုဿတွေကိုဖြင့် ကျုပ်က အလွန်သနားတယ်လို့၊
ာ်က တည္ဖွန်ညွှန်နှင့် ကြားတော်မူတတ်ပေသမို့၊ ပြည်ခွင် ဥက္ကဋ္ဌ နာယက
မွန် တပါးပေပေါ့၊ (ဘောဒါရီရယ်) ထေရ်ရှင် ဥတ္တမ သာသနတံခွန် ဘုရား။

မျှော်ငိုကာမှ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၅၂၈၁၁၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၁၄၃၀၁၂၁၁
ပုံနှိပ်ခြင်း - ပထမအကြိမ်
၂၀၁၁-ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ - ၅၀၀

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ - ဦးအောင်သန်းစိုး
လှိုင်ရောင်စုံပုံနှိပ်တိုက် (မြ-၀၇၈၂၆)
အမှတ်-၂၇၃၊ ၃၉-လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၅၃၄၁၈
ထုတ်ဝေသူ - ဒေါ်သင်းသင်းမွန်
သင်းစာပေ (မြ-၀၄၂၃၂)
အမှတ်-၁၀၊ ရတနာမြိုင်လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
စီစဉ်သူ - အောင်ရွှေစ်
(ရွက်ကျပင်ပေါက်စာစဉ်ဖြန့်ဖြူးရေး)
တန်ဖိုး - ၈၀၀ ကျပ်

CIP- ၆၀၉
စာနီအောင်(ရမ္မာဝတီ)
တောက်လျှောက်အတက်သို့ ရခိုင်လား
သင်းစာပေ၊ ၂၀၁၁။
၁၂၈-စာ၊ ၁၀.၅×၁၆ စင်တီ။
(၁) တောက်လျှောက်အတက်သို့ ရခိုင်လား

**စာနီအောင် [ရမ္မာဝတီ]**
(ရေးဖော်ကျူးတယ်)

# တောက်လျှောက်အတက်သို့
## ( ရ ခိုင် လား )

ပြည်လုံးကျွတ်ဖြန့်ချိရေး
ဂုရု (စာပေ)
၂၁-ဒါနလမ်း၊ သာယာကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်
ဖုန်း - ၀၉ ၇၃၁ ၅၂၁၆၀

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## (အညွှန်း)

ဆင်းရဲဒုက္ခရောက်ခြင်းသည် ကျွန်ုပ်တို့၏ နှလုံးရည်ကို ထက်မြက်ထွန်းပြောင်စေသော အကြောင်းတစ်ရပ်ဖြစ်၏။

အကြောင်းမူကား ချမ်းသာနေစဉ်အခါ၌ နှလုံးရည်သတ္တိသည် မြုပ်ကွယ်နေတတ်သောကြောင့်ပင်တည်း…။

တောရှေ့ (ဝ၅.ဝ - ဘဲနီ)

BURMESE CLASSIC .com

## (ကျေးဇူးအထူး)

အမှတ်မှား မရှင်းလင်းတာတွေ ပါရှိပါက သည်းခံခွင့်လွှတ် ဝေဖန်ထောက်ပြပေးကြပါ…။

(စာရေးသူ)

အပိုင်း (၁)

မြောက်ပိုင်းရခိုင်ဒေသ

# မြို့စိုက်တွေ

ရှိုကုလားတန်ကမ်းက××× သာယာပါရေ××× တဘက်က တောင်တန်းနန့်××× မမှိုင်းရရီချေ××× (အကျွန်ရို့မြို့)၂ ရှိုကုလား တန်ကမ်းက××× သာယာရေ×××

မဟာမုနိသျှင်ကျော်ဘုရားနန့်××× ဓာတ်မွှီတော်ရို့××× ကိန်းအောင်းစံပျော်ရေ××× ရန်အောင်ဇေယျ မာန်ငါးပါးနန့်××× ဦးရိုက်တော်ရိုးတေ××× သာထိကျိန်းတော်ခာတ်နန့်ရှူငွေမြင်းမူ သလုံးတော် စုံလှရေ××× ဆံတော်သျှင်ဘုရားနန့်သာယိသာယာ××× ဝီဆာလှ ပါရေ×××

ရှိုကုလားတန် ဝင်ပေါက်ဝက ထွန်းတောက်ခရေ××× အကျွန်ရို့ မြို့စိုက်တွေ××× မြို့စိုက်တွေ××× ကျက်သရေတိုးလို့××× ဂုဏ်မည့်ုးအောင်××× လှလို့ဝီဆာရေ××× ကြေကြေဖြူဖြူ ရှိုနိုင် သူ့ရှိုနိုင်သားရို့××× အောင်ဆုတောင်းလို့××× မိတ္တာရီလောင်းရေ အလွှန်ပင် ဆန်းကြေ××× ကုလားတန်ကမ်းချေ××× သာတောင် သာယာ ဝီဆာလှပါရေ××× အာဂုထက်တိုင်××× စိုပြေလို့ပင်××× တိုန့် ပါသီးရေ×××

www.burmeseclassic.com

www.burmeseclassic.com



# မြို့စစ်တွေ (မြန်မာပြန်)

ရွှေကုလာတန်ကမ်းက××× သာယာပါတယ်××× တစ်ဖက်က တောင်တန်းနဲ့××× မှိုင်းမှိုင်းဝေဝေ××× (ကျွန်တော်တို့မြေ)၂ ရွှေကုလားတန် ကမ်းက××× သာယာတယ်×××

မဟာမုနိသျှင်ကျော် ဘုရားနဲ့××× ဓာတ်မွေတော်တို့××× ကိန်းအောင်စံပျော်တယ်××× ရန်အောင်ဇေယျ မာန်ငါးပါးနဲ့××× ဦးခိုက်တော်ရိုးတွေ××× သာထိကျိန်းတော်ဓာတ်နဲ့ စူဠမြင်းမူသလုံးတော် စုံလှတယ်××× ဆံတော်ရှင်ဘုရားနဲ့ သာတောင့်သာယာ××× ဝေဆာလှပါတယ်×××

ရွှေကုလားတန် ဝင်ပေါက်ဝက ထွန်းတောက်ခဲ့တယ်××× ကျွန်တော်တို့မြို့စစ်တွေ××× မြို့စစ်တွေ××× ကျက်သရေတိုးလို့ ဂုဏ်မညှိုးအောင် လှလို့ဝေဆာတယ်××× ကြည်ကြည်ဖြူဖြူ ရွှေခိုင်သူ ရွှေခိုင်သားတို့××× အောင်ဆုတောင်းလို့××× မေတ္တာရေ လောင်းတယ်××× သိပ်ကိုဆန်းကြယ်××× ကုလားတန်းကမ်းခြေ××× သာတောင့်သာယာ××× ဝေဆာလှပါတယ်××× ဒီကနေ့တိုင်××× စိုပြည်လို့ပဲ ရှိနေပါသေးတယ်×××

## (နိဒါန်း)

ဝတ္ထုဆိုတာ ဘာလဲမေးရင် ဝတ္ထုလိုရေးရင် ဝတ္ထုပဲဖြစ်တယ်။ ရေးတတ်ရင် ဝတ္ထုဖြစ်တယ် ဆိုပါတယ်။ ခု မိမိဝတ္ထုကို ရေးပါတယ်။ ဒါဟာ ဝတ္ထုဖြစ်မဖြစ်ရယ်ဆိုတာကတော့ စာဖတ်သူ ဆုံးဖြတ်ရမယ့် အရာပဲ ဖြစ်သွားခဲ့ပါပြီ ဆိုတာပါ။ ဖတ်ကြည့်ကြဖို့ရာပါ။

"ကိုယ့်ရှေ့က လုပ်သွားသူတွေရဲ့ ကောင်းမွေဆိုးမွေတွေကို ကိုယ်ခံရတယ်။ ကိုယ်လုပ် နေတဲ့အလုပ်ရဲ့ ကောင်းမွေ ဆိုးမွေတွေကို လည်း ကိုယ့်သားစဉ်မြေးဆက် ခံကြရတယ်။ ဒါကြောင့် ကိုယ်လုပ်တဲ့ အလုပ်ရဲ့ ကောင်းကျိုးဆိုးကျိုးကို ကိုယ့်တစ်ယောက်တည်း ခံစားရတာ မဟုတ်ဘူးဆိုတဲ့ အသိစိတ်နဲ့ တာဝန်သိသိလုပ်သင့်တယ်"

**(ဆရာတော် ဦးဓေတိက)**

ဆိုခဲ့သလို စာတစ်ပုဒ် ရေးမိပြန်ပါပြီ။ ဘုရားစူး (ဝတ္ထုလတ်) တစ်ပုဒ်ပါ။ "တောက်လျှောက်အတက်သို့" ဆိုတာပါ။

မိမိဟာ ဟိုအဝေးတစ်နေရာဆီကို ခြောက်နှစ်လောက် ရောက် နေခဲ့ရတယ်။ ဒါကြောင့် အများနဲ့ကင်းကွာလို့ နေခဲ့ရတယ်။ ဒီနောက်ပိုင်း မှာ နယ်မဂ္ဂဇင်းတစ်စောင်က စာမူတောင်းခဲ့တယ်။ ဒါကြောင့် ဝတ္ထုရှည် တစ်ပုဒ် ရေးသားခဲ့တယ်။ စာရေးသူက လက်ရေးဆိုးတော့ ဖတ်မရဆိုပြီး ကွန်ပျူတာ စီပေးခဲ့ရတယ်။ ထုံးစံအတိုင်း ကိုယ်ရေးချင်တာနဲ့ ဖတ်စေချင် တာ ဖတ်ကြစေဖို့ပါပဲ။ ဒါပေမဲ့ တစ်ခါ ဝတ္ထုက ရှည်တယ်ပြောပြီး သုံးမရခဲ့ပြန်ပါဘူး။

ဒါကို လက်ခံပါတယ်။ စာမူတစ်ပုဒ် စာတစ်အုပ် ပုံနှိပ်ထွက်ပေါ် ဖို့ဆိုတာ မလွယ်ပါဘူး။

ခု.. ဒီစာမူကို ဘယ်လိုဆက်လုပ်ပါ့မလဲ။ တစ်ခြားသူတစ်ဦးနဲ့ တွဲထုတ်ဖို့ ကြိုးစားပါတယ်။ စာရေးသူတွေချင်းရော တခြားသူတို့နဲ့ပါ ပြောဆိုရတာ လက်ဝင်လှတယ်။ ဒါကြောင့် မိမိစာအုပ်ထုတ်ဝေလို့ ရအောင် တစ်အုပ်စာထိ ရေးလိုက်မိပါတယ်။ ထုတ်ဝေတာကတော့ တစ်ပိုင်းပေါ့။ ကြိုးစားရဦးမှာပေါ့။ ဒီလို စာမူတွေလဲ အများကြီးပါပဲ။

မိမိရဲ့စာမူတွေကို နယ်မဂ္ဂဇင်းအတွက် ရေးပေးခဲ့တာ ငွေကြေး ကြောင့်လည်း မဟုတ်ပါဘူး။ ရီးသားအားပေးစိတ်နဲ့ပါပဲ။ အပြင်

www.burmeseclassic.com



(လစဥ်)ပုံမှန်ထုတ် မဟုတ်တဲ့ မဂ္ဂဇင်းတွေ မိမိကြိုက်ပါတယ်။ အထူးသဖြင့် ကိုယ်ပိုင် (မူပိုင်) အရေးအသားတွေ ပါကြတယ်။ ရင်ဖွင့်ကြတယ်။ ဒါကြောင့်ပါ။ မိမိ အဲဒီလို ကြိုက်တဲ့ထဲက မှတ်မိခဲ့တဲ့ ဟိုဘက်ပိုင်းက မန္တလေးမဂ္ဂဇင်းတွေတချို့လည်း ကြိုက်တယ်။ ပြီး.. စမ်းချောင်းက ထုတ်တဲ့ စမ်းသစ်လည်း ကြိုက်တယ်။ ဦးဥတ္တမ ရာပြည့်မဂ္ဂဇင်းတွေ၊ ရခိုင်တန်ဆောင်တွေလည်း ကြိုက်တယ်။ ပြီး ရခိုင်က မိသားစုပိုင်း လည်း ကြိုက်ခဲ့တယ်။ ဦးဥတ္တမ အထူးထုတ်တွေလည်း ကြိုက်ခဲ့တယ်။ ပြီး စီးပွားရေးတက္ကသိုလ် မဂ္ဂဇင်းတချို့နဲ့ ဆေးတက္ကသိုလ် (၂) မဂ္ဂဇင်းတချို့လည်း ကြိုက်ပါတယ်။ ဒီလိုတင်ထုတ်တာဟာ တင်ပြီးမှ ထုတ်ရတာဖြစ်လို့ အသေအချာစိစစ်တာလည်း လုပ်ကိုင်နိုင်တယ်။ ဒေသ အရေးမို့လည်း အတော်များများ ပြောခွင့် (ရင်ဖွင့်ခွင့်)လည်း ပြုတာများပါတယ်။ ပြီး ဒီလိုအများနဲ့ ယှဉ်လာတဲ့အခါ ကိုယ့်ဒေသ ကိုယ့်လုပ်ရပ်တွေဟာ မသာရင်တောင် မညံ့အောင် ယှဉ်နိုင်ကြဖို့ ကြိုးစားကြည့်ခဲ့တာပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ဆိုခဲ့သလို အဆင်မပြေတော့ မိမိမှာ တာဝန်ပိုလာပါတယ်။ ရေးပြီးသွားတဲ့ စာမူ၊ ဒီစာမူကို ဒီအတိုင်း ထားလို့ မရဘူးလေ။ ကိုယ်ရေးသင့်တာမို့ ရေးထားတဲ့စာမူကို ကိုယ့်သိက္ခာအရ တာဝန်အရ ထုတ်ရမယ့် အခြေအနေမို့လို့ပါပဲ။ ဒါကြောင့် လိုရင်းက စာတစ်အုပ်ဖြစ်အောင် မိမိဒေသ ကျောက်ဖြူ (ရခိုင်ပြည်နယ်) တောင်ပိုင်း (ကျောက်ဖြူဝတ္ထု) အစအဆုံး ရေးထား ခဲ့ရာက ယခု ရခိုင်ပြည်နယ် မြောက်ပိုင်း (စစ်တွေ)အပိုင်းကို ဆက်ရေး ရတယ်။ အဆုံးရေးပြီးမှ အစကို ပြန်ဆက်ရတယ်။ နေရာဒေသ နောက်ခံသမိုင်း အဆင်ပြေအောင် ကြိုးစားရေးသားလိုက်ရပါတယ်။

အတားအဆီးဆိုတာ ကျော်ဖြတ်သွားဖို့ပဲ မဟုတ်ပါလား။ အခက်အခဲ အမြင့်ဆိုတာလည်း ကျော်လွှားဖြတ်ကျော်နိုင်ရေးအတွက် စိန်ခေါ်ချက်ပဲ မဟုတ်ပါလား။ မိမိ ဟိုအဝေးမှာ ခြောက်နှစ်နီးနီးလောက် ကြာခဲ့တယ်။ ခု ပတ်ဝန်းကျင် (စာပေအသိုင်းအဝန်း)နဲ့ ထိတွေ့လာတဲ့ အခါ ထူးခြားတာ အများကြီးပါပဲ။ ပထမ သူငယ်ချင်းတစ်ယောက်နဲ့ တွေ့တယ်။ သူ့ဆီက ဘာရေးရမယ်၊ ဈေးကွက် ဘယ်လိုရှိတယ် သူ ပြောပြပါတယ်။ သူ့ဆီက ပညာရပါတယ်။ ဒါပေမဲ့ တကယ် လုပ်ကြည့်တဲ့အခါ သူဟာ မှုမမှန်သူ ဖြစ်နေတယ်။ သူပါမက သူ့ရဲ့ သားချင်းတွေပါ တစ်ကြိတ်တည်း တစ်ဉာဏ်ထဲ ဖြစ်နေတာ တွေ့ရပါတယ်။ တစ်ယောက်က အကြမ်း၊ တစ်ယောက်က အနု၊ တစ်ယောက် တစ်မျိုးညစ်နဲ့ပဲ ဒီထက်အချင်းမပွားအောင် လူသူမကြားအောင် မနည်းအရှုံးပေး ရှောင်နေခဲ့ရပါတယ်။

နောက်တစ်ဦး ကွန်ပျူတာဘာညာနဲ့ ပတ်သက်သူပါ။ သူလည်း မိမိကို မျဉ်းဆွဲပြီး အချိုသတ်ပြီး မိမိဘာမှ လုပ်လို့မရအောင် အချိန်ဆွဲတွဲခေါ် လုပ်သွားခဲ့တယ်။ အပျော့ဆွဲနဲ့ပါ။ မိမိဘာမှလုပ်မရအောင် ကျောသတ်မျှောဆွဲလုပ်ရာက။ သူ့မိသားစုနဲ့ပါ အသုံးချခံရရာက မိမိ မနည်းကိုပဲ အရှုံးပေး ရုန်းထွက်ခဲ့ရပါတယ်။ နောက်တစ်ဦးကတော့ စီးပွားဖက်ပါ။ သူ့ကို အားကိုးခဲ့ပါတယ်။ ဒါပေမဲ့ ကမ္ဘာ့စီးပွားရေးနဲ့ နာဂစ်မုန်တိုင်း စီးပွားကပ်မှာ မိမိတို့တွေ အချင်းမများ ရန်မဖြစ်အောင် မိမိပြားဝပ် မှောက်ငြိမ်ကုပ်သွားခဲ့ရပါတယ်။

နောက်တစ်ဦးက မိမိနဲ့အတူလက်တွဲဖို့ အိမ်နေစေခဲ့ပါတယ်။ ဒီမှာ မိမိရဲ့မိသားစုနဲ့ မိမိနဲ့ကြားမှာ ရှင်ကွဲမကွဲအောင် မနည်းရှင်းထုတ်လိုက်ရပါတယ်။

တောလက် ကျေးလက်လူနေမှုအဆင့်မျိုးပဲရှိတဲ့ မိမိတို့ မိသားစုကြားမှာ အလိုက်သင့် နေထိုင်သွားဖို့လောက်ကို စိတ်နေသဘောထား

www.burmeseclassic.com



အမှန်ပါပဲ။ စိတ်သဘောထား မရိုးသား မမှန်ကန်တာ ကိုယ်တွေ့ကြုံခဲ့ရတယ်။ ဟော‥ နောက်တစ်ယောက် လာပြန်ပါပြီ။ လူဟာ လူနဲ့ မဆက်ဆံလို့မှ မရတာဘဲ ဆက်ဆံရပြန်ပါတယ်။ သူနဲ့က သားချင်းလည်း အတော်နီးစပ်တယ်။ မိမိအပေါ်ပဲ လေးစားတယ်။ စာပေလုပ်ငန်းနဲ့ အမျိုးသားရေးပုံစံ၊ လူမှုရေးလုပ်ငန်းတစ်ခုထိ လုပ်ဆောင်ကြဖို့ ပြောဆိုလုပ်ကိုင်ခဲ့ကြတယ်။ အဲဒါမှာ ငွေရေးကြေးရေးပါတယ်။ မိမိမိတ်ဆွေတွေက ကြွေးချကြတယ်။ ကတိတွေ ပျက်ကြတယ်။ အချိန်တွေကုန်တယ်။ ဒါကြောင့် မိမိရဲ့ ဒုတိယလူနဲ့ မိမိဟာ လမ်းခွဲရုံမက ရုံးပြင်ကနား ရောက်တဲ့ထိ စကားပြောဆိုခဲ့ရပါတယ်။ နောက်တစ်ယောက်လာခဲ့ပြန်ပါတယ်။ မိမိကို သူကိုယ်သူ အပ်နှံပါတယ်။ ဘာမဆိုသေတဲ့အထိ လုပ်သွားကြဖို့ ပြောပေမဲ့ တစ်လတောင် မခံပါဘူး။ သူက မိမိကို ထောက်ပံ့ဖို့နေနေသာသာ နေတာထိုင်တာ စရိတ်ငြိမ်းအပြင် လုပ်ခ ဥာဏ်ပူဇော်ခလေးကပါ မိမိက ပေးရမယ့် ပုံစံမျိုးထိ လုပ်လာခဲ့တယ်။ မိမိပြုခဲ့မိတဲ့ ကျေးဇူးတရား ကြောက်မက်ဖွယ်တုံ့ပြန်မှုများပါ။

မိမိနဲ့ မိမိတို့ရဲ့ မိသားစုကြားမှာ ဘယ်လိုမှ စိတ်ဓာတ်ချင်း ဆက်စပ်လို့ မရပါဘူး။ သူတို့က ရုပ်ခံစားမှုလောက်ပဲ ရှိကြပါတယ်။ မိမိက စိတ်ပိုင်းဆိုင်ရာ ခံစားမှုကို အလေးထားပါတယ်။

ဆိုခဲ့သလိုပဲ ဒါပေမဲ့ အတူတော့ နေကြတာပဲ။ ပေါင်းဖော်မှုတော့ မရှိပါဘူး ဆိုရမယ်။

ဆိုခဲ့သလို တချို့ကို ပေါင်းကြည့်တော့ ပေါင်းမရတော့ ခွာကြရတယ်။

ဒါတွေဟာ မဆန်းပါဘူး။ မိမိလည်း သင်ယူလို့ ပြုပြင်လို့ချည်း နေနေခဲ့ရတာ ရင်မောရင်ခုန်လွန်းရပါတယ်။

ခုနေ မိမိဟာ ကမ္ဘာမှား လူဖြစ်နေသလို ခံစားရပါတယ်။

ဒါပေမဲ့ ဒါဟာ လူ့ရဲ့ နိယာမပါ။ မိမိ အမှန်အတိုင်းချည်း ပြောလို့မရ၊ ဟုတ်တိုင်းချည်း လုပ်လို့မရဆိုတာ သိပါတယ်။ ရိုးသားကြိုးစားရမယ် ဆိုတာလဲ သိပါတယ်။ ရိုးသားကြိုးစားရမှုဟာ မရိုးသား မကြိုးစား သူအတွက်လည်း အနှောင့်အယှက်ပါပဲ။

တကယ်တော့ ဝါးလုံးခေါင်းထဲ သွားဝင်သလိုချည်း ခံစားရပါတယ်။ ထားပါတော့‥၊ ဆိုခဲ့သလို မိမိ ဒီစာစုကို အဆင်ပြေအောင် ကြိုးစားရေးသားထားပါတယ်။ တာဝန်အရ ဘဝပေးအရပဲ ဆိုပါတော့။

ပြီး မိမိ ဆက်လက်ကြိုးစားနေရအုံးမှာ။ မိမိဟာ စာရေးဆရာ၊ ကဗျာရေးသူ ဖြစ်တော့ကာ ဒီစာမူ စာအုပ်မှာ ကဗျာကို အလေးကဲ ရေးထားပါတယ်။ ဆိုလိုတာက ရခိုင်တော်လှန်ရေးသမားတွေ အများကြီးပါ။ အဲဒီထဲက မိမိဟာ ကဗျာစာဆိုတွေကို ဦးစားပေး ဖော်ပြရေးသား မိခဲ့တာပါ။ နေရာအခက်အခဲကြောင့်လဲ ဒီလောက် ကျယ်ကျယ်ပြန့်ပြန့် မရေးသားနိုင်ခဲ့လို့ပါ ဆိုတာပါ…။

အကြင် လူမိုက်သည်။

ကဲ့ရဲ့ထိုက်သူကို ချီးမွမ်း၏။

ချီးမွမ်းထိုက်သူကို ကဲ့ရဲ့၏။

ထိုလူမိုက်သည် နှုတ်ဖြင့် အကုသိုလ်အပြစ်ကို

ဆည်းပူး စုဆောင်းနေတယ်။

ထိုအကုသိုလ်အပြစ်ကြောင့်

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကို မရနိုင်။

(သံယုတ္တနိကာယ သဂါထာဝဂ် တုရူပြဟ္မသုတ်)

မိမိတော့ လူကောင်းသူကောင်းကို ချီးမွမ်းတာကို မချမ်းသာရင်

www.burmeseclassic.com

www.burmeseclassic.com



တောင် ဆင်းရဲတော့ မရနိုင်ဘူး ထင်ပါတယ်။ မိမိ ကြိုးစားရင်းနဲ့သာ ကြိုးစားနေအုံးမှာပါ။

'စစ်မှန်တဲ့ အောင်မြင်မှုဟာ အလိုလိုဖြစ်မလာဘူး··၊ သေသေချာချာ စီစဉ်ပြီး ကြိုတင်ပြင်ဆင်ပြီး လုပ်သင့်တာတွေကို ရေရှည်လုပ်လာမှ စစ်မှန်တဲ့ အောင်မြင်မှုဆိုတာ ဖြစ်လာတယ်။ ကံကောင်းလို့ အောင်မြင်တယ်ဆိုတာ မရှိသလောက် ရှားပါတယ်။ ပစ္စုပ္ပန်မှာ လုပ်သင့်တာတွေကို ဉာဏ်ပါပါ၊ ဝီရိယ ကောင်းကောင်း၊ ဇွဲကောင်းကောင်းနဲ့ ကိုယ်မလုပ်ဘဲနဲ့ အတိတ်ကံ တစ်ခုတည်းနဲ့ တကယ်ထူးခြားတဲ့ အောင်မြင်မှုမျိုးကို မရနိုင်ပါဘူး'

(ဆရာတော်ဦးဇောတိက)

ဘဝဟာ အတက်အဆင်းတွေနဲ့ပါ။ ဆင်းသူတွေ ရှိကြပေမယ့် တက်သူတွေလဲ ရှိနေကြပါတယ်။ ဆက်တက်ကြရမှာပေါ့။ ဆက်တက်လှမ်းနေကြပါ။ လူ့လမ်း၊ လူ့ဘဝလမ်းဆိုတာ အတက်ခရီးပါ။ တောက်လျှောက်အတက် ဆက်တက်ကြဖို့ရာ လက်ကမ်းစာပါ။ ရနိုင်လားပါ·· ဒီလောက်ပါ။

သည်းတွင် မယေကြွီလု လေးမျက်နှာကို··
မမျှော်ရှုက ဝမ်းနည်းဝမ်းပါး··
ဒီလှိုင်းသံလေ ညံဂယက်ကေ··
ယက်သောသောနှင့် အုံ့သြစဖွယ်··
အပြောကျယ်ကေ ပင်လယ်နဒီ··
လှိုင်းချီချီနှင့် မှိုင်းရီပျပျ··
တမြမြကေ ကမ်းစမမြင်··
ရှစ်ခွင်တိုင်းက မှုံမှိုင်းဆင်ဗျာ··



မင်းလွင်ဝိုင်းအုံ မြူနိုးချုံကေ··
အမှုန်ဆော်နှိုး ရီလဟာလေ သီဒါရိုးမှာ··
မိုးသံလီသံ လှိုင်းဂယက်ကေ··
ယက်ခတ်သံနှင့် တော်သံလည်းကျူး··
ဝါယောမည်လေ တောင်လီဖြူးလို့··
မျှော်ရှုတိုင်းပင် ဖော်ကွဲသူရို့··
ပူလို့ကျွမ်းအောင် လွမ်းမှုဆင်လေ··
ဘဝင်နှပျို့ ပေပဘာမှာ··
မျှော်ကာတမ်းဗျာ လွမ်းလို့ငိုရေ···

ထန်းမိုးဆရာထွန်း (ဝိဇ္ဇာသာခြင်း)မှ

လူ့ဘဝမှာ ပေးဆပ်ခဲ့ရတာ ချည်းပါလား··၊ ဒါပေမဲ့ ဒါကို ပထမတော့ ဝမ်းနည်းစရာ ထင်ခဲ့ပါတယ်··။ ဒါပေမဲ့ ဒီပေးဆပ်ခြင်း ဂုဏ်ရည်နဲ့ ပါရမီကို မိမိတန်ဖိုးရှိစွာ နားလည်သဘောပေါက်ထားခဲ့ပါပြီလေ··။

သင်ဟာ ကြိုးအဆုံးသို့ ရောက်နေပြီး ဖက်တွယ်ထားဖို့ရာ ကြိုးဆုံးမရှိတော့ရင် နောက်တစ်ကြိုးသို့ ခုန်ကူးပါ···။

ရှုံးနိမ့်ခြင်းဟာ ထပ်မံကြိုးစားဖို့ရာ အခွင့်အလမ်းပဲ ဖြစ်တယ်။

ပန်းပင်တွေကို ချေပစ်ပြီးမှသာ ရေမွှေးကို ရရှိနိုင်ပါတယ်။

စတင်ဖို့ရာ သတ္တိမရှိသူဟာ ဇာတ်လမ်းပြီးဆုံးသွားပြီပဲ ဖြစ်တယ်။

မီးပူလေ ရွှေစစ်လေ ဖြစ်တယ်။

မိမိဟာ ဘဝပေးအခြေအနေအရ ဘောင်ကျဉ်းကျဉ်းလေးထဲမှာ ကျင်လည်နေခဲ့ရတာ ကြာခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဘာပဲဖြစ်ဖြစ် အပြောင်းအလဲဖြစ်စေဖို့ရာရယ်၊ ဘဝကို ပြန်လည်သုံးသပ်ဖို့ရာရယ်၊ ခရီးထွက်မှပဲ ဖြစ်မယ်။ မိမိ ခရီးထွက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

မိမိ မရောက်ဖူးသေးတဲ့ ရှိုင်ဒေသ စစ်တွေကို ခရီးထွက်မယ် ရည်ရွယ်ပါတယ်။ ဒါကြောင့် စစ်တွေနဲ့ ပတ်သက်တာ၊ ရှိုင်ဒေသနဲ့ ပတ်သက်တာ၊ တချို့တွေ ရှာဖွေဖတ်ရှုနေမိပါတယ်။

ဆောက်ဖြစ်မှ ကျောင်းဒကာ ဆိုကြသလိုပါပဲ၊ တကယ် ခရီးထွက်ဖြစ် မဖြစ်တော့ မသိပါဘူး။

စာမှာပေမှာတော့ မိမိခရီး ထွက်ဖြစ်ဖို့ ကြိုးစားလို့ နေမိပါတယ်။

အရှုံးသမားတစ်ယောက်အနေနဲ့ မဟုတ်ပါဘူး။ အောင်ပွဲခံ ကြွားဝါနိုင်သူ တစ်ယောက်အနေနဲ့လဲ မဟုတ်ပါဘူး။ ရိုးသား ကြိုးကုတ်စွာ ပကာသန မာန်မာနတွေ ကင်းမဲ့စွာ မိမိသူငယ်ချင်းမိတ်ဆွေ ဆွေမျိုးတွေ မေတ္တာရှိသူတွေ ရှိရာအရပ်ကို အလည်ပြန်လာသူ တစ်ယောက်အနေနဲ့ (ဒါလဲ ငွေကြေးအချိန်ကအခ ကြိုးစားရအုံးမှာပါ) တကယ်က မေတ္တာအလျှဉ်နဲ့ပါ။ မေတ္တာဆိုတာ ရောင်ပြန်ဟပ်တတ်တယ် ဆိုတယ် မဟုတ်ပါလား။

မေတ္တာရဲ့ လက္ခဏာရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်လေးပါးကို စရိယာ ပိဋကအဋ္ဌကထာမှာ ခုလိုခွဲပြထားတာ ဖတ်ဖူးပါတယ်။

(၁) မေတ္တာဟာ သတ္တဝါတို့ရဲ့ အကျိုးစီးပွားကို ကပ်ပြီး ဆောင်တဲ့ အခြင်းအရာအနေနဲ့ ဖြစ်ခြင်းသဘောလက္ခဏာ ရှိတယ်။

(၂) သတ္တဝါတို့ထံ အကျိုးစီးပွားကို ကပ်ပြီး ဆောင်တဲ့ကိစ္စ ရှိတယ်။

(၃) အေးမြငြိမ်းချမ်းတဲ့ စိတ်သဘောထားလျှင် ဉာဏ်မှာ ရှေးရှု



ထင်လာတတ်တဲ့ အခြင်းအရာ ပစ္စုပဋ္ဌာန်ရှိတယ်။

သတ္တဝါတို့ရဲ့ နှစ်သက်ဖွယ်ရာ ဂုဏ်ကိုသာ ရှုမြင်တတ်တဲ့ ယောနိသော မနသိကာရ အကောင်းမြင်ဝါဒလျှင် နီးစွာသော အကြောင်း ပဒဋ္ဌာန်ရှိတယ်။

ဒီကနေ့မှာ အဓိက အချက်မှာတော့ မေတ္တာကို တကယ်ကို ပွားများလာနိုင်ပြီဆိုရင် အကောင်းမြင်ဝါဒ အလိုလိုရှိလာမှာပဲ ဖြစ်ပါတယ်။

မေတ္တာရှင်ဖြစ်တော်မူတဲ့ စာချဆရာတော်တစ်ပါးရဲ့ ထူးခြားတဲ့ အကောင်းမြင်ဝါဒ တချို့ကို ခုလို လက်တွေ့သိရှိဖတ်ရှုခဲ့ရပါတယ်။

တစ်ခါမှာတော့ ဒကာတစ်ယောက်နဲ့ အောက်ပါအတိုင်းပြောဆို ဆွေးနွေးထားတာကို လေ့လာတွေ့ရှိခဲ့ရပါတယ်။

**ဒကာ** တပည့်တော်တို့ ညီအစ်ကိုမောင်နှမတွေထဲမှာ တပည့်တော်ဟာ ကံအဆိုးဆုံးပဲဘုရား..၊ ဘာကြောင့်လဲဆိုတော့ အခြားညီအစ်ကို မောင်နှမတွေကျတော့ မိဘဆွေမျိုး ယောက္ခမတွေရဲ့ အထောက်အပံ့ကို ရသလောက် တပည့်တော်ကျတော့ သူတစ်ပါးရဲ့ အထောက်အပံ့ကို မရတဲ့အပြင် ကိုယ်ကပဲ အများကိုထောက်ပံ့နေရတယ် ဘုရား။

**ဆရာတော်** ဘယ်က ကံဆိုးရမှာလဲ..၊ ဒကာတော် ကံကောင်းတာ..၊ ပညာရှိ သူတော်ကောင်းမှန်သမျှ ယူရတာထက် ပေးရတာကို ပိုပြီး ဝမ်းသာကြတယ်။ ဘာကြောင့်လဲဆိုတော့ သံသရာမျက်စိနဲ့ ကြည့်မယ် ဆိုရင် ယူရတဲ့သူဟာ ဘာမှရမသွားဘဲ ပေးတဲ့သူကပဲ ရသွားတာ ကြောင့်ပဲ..၊ ခုခေတ် ရေစက်ချတဲ့အခါ သတိထား နားထောင်ကြည့်ပါ လား..၊ ဖြစ်လေရာ ဘဝတိုင်းမှာ ပေးပါ၊ ကမ်းပါ၊ စွန့်ကြဲပါဆိုတဲ့ စကားကို တောင်းခံလာတာ ရှိခဲ့ရင် မရှိမရ မမှုနိုင်ပါဘိတဲ့ စကားကို

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာနွမ်း ညှိုးမပြောရဆိုပါကုန်ဆိုတဲ့ ရေစက်ချအတိုင်း ဒကာတော် အနေနဲ့ ဆုတောင်းပြည့်နေတာပေါ့ ဒကာ၊ အခုလို ဆရာတော်အမိန့် ရှိတော့လည်း ကိုယ့်ကိုယ်ကို ကံကောင်းတယ်ဆိုတာ သိရပါပြီဘုရား။

**မေတ္တာရှင်ရွှေပြည်သာ (မေတ္တာအစွမ်းအဲ့ဖွယ်စခန်း)**

**ငှင်းစာ – ၂၇၊ ၂၈**

ကံကောင်းထောက်မစွာ မိမိဟာ ဘဝမှာ ပေးဆပ်မှုရဲ့အရသာ ကို ကောင်းကောင်းသိထား နားလည်သတိ၊ သိထားခဲ့ရပါပြီ။ ဒါကြောင့်ပါ၊ ဘဝမှာ လောကမှာ၊ တကယ်တော့ ဘာမှတုန်လှုပ် ချောက်ချားစရာ မရှိတော့ပါဘူးလေ။ ပေးဆပ်ရလေ အောင်မြင်လေပဲ။ ပေးဆပ်နိုင်လေ အောင်မြင်လေပဲ။ နောက်ဆုံး အသက်ပါပေးဆပ် နိုင်ရင်ကော ဘာဖြစ်လဲ။ ဒါဟာ ပိုမိုကောင်းမွန် မွန်မြတ်တဲ့ ပေးဆပ် ခြင်းပဲ မဟုတ်ပါလား။ ဒါကို မိမိ သတိထား နားလည်နှလုံးသွင်းစိတ်နဲ့ အတူပါ။ ဘဝမှာပေါ့ . . .

**** **** ****

# ရခိုင်ရှီပြေသာပါစီ

*ရှိုး– ထိုယိန်းဆွေဝင်(သံတွေ)*

☐ *ကျွားမေ* (အကျွန်ရို့ ရခိုင်ရှီပြေ‥ သာပါစီကြောင်းနန့်‥ ဆုတောင်းရအလီလီ‥ တနေစီးလို့‥ တရပ်တကျေး ရောက်ကေလေးလေ‥ ရခိုင်ဆိုစွာ ရေ‥ ကိုယ့်လူမျိုး ကိုယ့်ခလေ့ပါလေ‥ ကိုယ့်သမီး ကိုယ့်သား ဖြိုက်လို့‥ အသေးနှလုံးမှာ ထာဝရခိုင်မြေး‥ မယိုင် မလေး‥ မှတ်ကျောက်တင်ပါမေ)၂

☐ *ကျွားမေ* (တောတောင်စိမ့်စမ်း လှိုမြှောင်စခန်း ဒိန်နန့်ကယ်) သာယာ‥ ပင်လေပြာ ပတ်လယ်မာလေ‥ ငါရို့ရေ မွီးလို့ပေါက်ဖွား လာကတ်တေ‥ ရိုးရာခလေ့ချေနန့် ရှင်ပြု‥ ပျာရာလေ ယိုင်ကျေးမှု အစိုင်အလာ‥ ရင်မှာထိန်းလို့‥ ပင်လယ်ကြီးခမ်းတောင် မပျောက်ပါ လေ‥ မပျောက်ရပါလေ‥ ယုံကြည်နိုင်မြေး‥ ဥမကွေး‥ သိုက်မပျက် စေးလုံးညီညာပါတယ်ဝေး)၂

☐ *ကျွားမေ* (သံပြိုင်) (သူငယ်ချင်း ရောင်းရင်းရို့လေ အားလုံး‥ သိကတ်ပါရေ ငါရို့ပြေကို ချစ်မြတ်နိုးလို့‥ သိုက်စာ ယိုကတ်ပါမေ)၂ (ရတနာရှိုင်ဦ ဆန်ရီစပါး‥ ဖြိုးဖြိုးဝီ‥ ရခိုင်မြိမှာလေ‥ ဘဏ္ဍာစီးပွား တိုးပွားမေ‥)၂ အရာရာမှာဆိုကေ‥ ငါရို့အင်အား အရေးကြီးဆုံးလေ‥ ရခိုင်ရိုးမ တခွင်မာလေ‥ ငါရို့အမျိုး ဂုဏ်သရေ‥ ဗွီးသတ္တိမာန်ရေ ကြီးမား စီကြောင်း မဖြိုက်မနီ‥ ကြိုးစားကတ်ပါလေ‥)

**ရွက်ဝှန်းသီးသခြင်းများမှ –**

**** **** ****

# ရခိုင်ရွှေမြေသာပါစေ (မြန်မာပြန်)

ရေး – ကိုသန်းဆွေဝင်(သံတွဲ)

☐ *ကျွားမေ* (အကျွန်တို့ ရခိုင်ရွှေမြေ သာပါစေကြောင်းနဲ့‥ ဆုတောင်းရအလီလီ‥ တစ်နေ့ပေးလို့‥ တရပ်



www.burmeseclassic.com

www.burmeseclassic.com



တကျေး.. ရောက်ပေမယ့်လေ.. ရခိုင်ဆိုတာလေ.. ကိုယ့်လူမျိုး ကိုယ့်ဓလေ့ပါလေ.. ကိုယ့်သွေး ကိုယ့်သားဖြစ်လို့.. အသည်းနှလုံးမှာထာဝရခိုင်မြဲ.. မယိုင်မလဲ မှတ်ကျောက်တင်ပါမယ်)၂

☐ *ကျား၊မ* (တောတောင်စိမ့်စမ်း လျှိုမြောင်စခန်းတွေနဲ့.. ကမ်းသာယာ ပင်လယ်ပြာပတ်လည်မှာလေ.. ငါတို့တွေ မွေးလို့ ပေါက်ဖွားလာကြတယ်.. ရိုးရာဓလေ့လေးနဲ့.. ရှင်ပျူပြီးတော့လေ.. ယဉ်ကျေးမှု အစဉ်အလာ.. ရင်မှာထိန်းလို့.. ပင်လယ်ကြီးခန်းတောင်.. မပျောက်ပါလေ.. မပျောက်ရပါလေ.. ယုံကြည်နိုင်မြဲ.. ဥမကွဲ သိုက်မပျက် စည်းလုံးညီညာကြပါလေ)..

☐ *ကျား၊မ* (သံပြိုင်) (သူငယ်ချင်းရောင်းရင်းတွေလေ.. အားလုံးသိကြပါတယ်.. ငါတို့ပြည်ကို ချစ်မြတ်နိုးလို့.. သစ္စာရှိကြပါမယ်)၂ (ရတနာရွှေငွေ.. ဆန်ရေစပါး.. ဖြိုးဖြိုးဝေ.. ရခိုင်မြေမှာလေ.. ဘဏ္ဍာစီးပွားတိုးတိုးပွားမယ်..)၂ အရာရာမှာဆိုရင် ငါတို့အင်အားအရေးကြီးဆုံးလေ.. ရခိုင်ရိုးမ တခွင်မှာလေ.. ငါတို့အမျိုးဂုဏ်သရေ.. ခွဲသတ္တိမာန်တွေ ကြီးမားစေကြောင်း.. မဖြစ်မနေ ကြိုးစားကြပါလေ)

(ရွှေထီးခုနှစ်ဆီး သီချင်းများမှ)

**** **** ****



ရခိုင်ဒေသ စစ်တွေဘက်ကို ရခိုင်မြောက်ပိုင်းဒေသခေါ်ကြပြီး မိမိတို့ ကျောက်ဖြူဘက်ကို ရခိုင်ဒေသတောင်ပိုင်း ခေါ်ကြပါတယ်။ မိမိဟာ ရခိုင်တောင်ပိုင်းလား မသွားမီ ရခိုင်မြောက်ပိုင်းလား အရင်သွားချင်စိတ် ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒါကြောင့် ရှေ့ပြေးအနေနဲ့ မိမိတတ်အားသမျှ လေ့လာ စူးစမ်းသမှုပြုဖို့ စိတ်ကူးမိပါတယ်။

မိမိတို့ရဲ့ဒေသဟာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံထဲမှာပဲ ဖြစ်ပါတယ်။ မိမိတို့ရဲ့ဒေသကို ပြည်နယ်ခုနစ်ခုနဲ့ တိုင်းခုနစ်ခုနဲ့ ဖွဲ့စည်းထားခဲ့ပါတယ်။ (၇၄–၁၉၈၁)

သည်ဒေသဟာ မြန်မာနိုင်ငံတော်ရဲ့ အနောက်ဘက်နယ်စပ်မှာ ရှိပါတယ်။ ရခိုင်ပြည်နယ်လို့ ခေါ်တွင်ပါတယ်။

ရခိုင်ပြည်နယ်ဟာ မြောက်လတ္တီတွဒ် ၁၇ဒီဂရီ ၁၅မိနစ်က၊ ၂၁ဒီဂရီ ၂၇မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၅ မိနစ်က၊ ၉၄ ဒီဂရီ ၅၅ မိနစ်အတွင်း တည်ရှိပါတယ်။

ရခိုင်ပြည်နယ်ရဲ့ မြောက်ဘက်အဆုံး တောင်ကုန်းဒေသက တောင်ဘက် ဂွမြို့နယ်အဆုံး ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ် မကျောက်ချွန်ချောင်းဝထိ အလျားမိုင်ပေါင်း (၃၆၀)ခန့် ရှည်လျားလှပါတယ်။

ရခိုင်ပြည်နယ်မြောက်ဘက်မှာ အတန်ငယ်ကျယ်ပြန့်ပြီး တောင်ဘက်သို့ ကျဉ်းမြောင်းရှည်လျားကာ လိမ္မော်သီးစိတ် ပုံသဏ္ဌာန်ရှိပါတယ်။

ရခိုင်ပြည်နယ်ရဲ့ မြောက်ဘက်အကျဆုံးအရပ်မှာ မိုင် (၂၀)ခန့် ကျယ်ဝန်းပါတယ်။

ရခိုင်ပြည်နယ်ရဲ့ ဧရိယာစတုရန်းမိုင်ပေါင်းမှာ (၁၄၂၀၀)

www.burmeseclassic.com

www.burmeseclassic.com



တစ်သောင်းလေးထောင်နှစ်ရာခန့် ကျယ်ဝန်းပြီးတော့ မြို့နယ် (၁၇) မြို့နယ် ပါဝင်ပါတယ်။

ရခိုင်ပြည်နယ်မှာ ရပ်ကွက် (၁၁၉)ရပ်ကွက်၊ ကျေးရွာအုပ်စု (၁၀၄၁)အုပ်စုနဲ့ ကျေးရွာငယ်ပေါင်း (၃၈၇၁)ရွာ ရှိပါတယ်။

လူဦးရေစုစုပေါင်း (၂၀၃၅၀၃၁) နေထိုင်ပါတယ်။

(မှတ်ချက် – ၁၉၈၃ စာရင်း)

## နယ်နိမိတ်

ရခိုင်ပြည်နယ်ရဲ့ နယ်နိမိတ်မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။

(၁) မြောက်ဘက်မှာ ချင်းပြည်နယ် ပလက်ဝမြို့နယ်နဲ့ ဘင်္ဂလားဒေ့ရှ် သမ္မတနိုင်ငံ။

(၂) တောင်ဘက်မှာ ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်။

(၃) အရှေ့ဘက်မှာ ရခိုင်ရိုးမတောင်တန်းကြီးနဲ့ နယ်နိမိတ်သတ်မှတ်ထားတဲ့ မကွေးတိုင်း ဒေသကြီး၊ မင်းဘူးမြို့နယ်နဲ့ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်။

(၄) အနောက်ဘက်မှာတော့ ဘင်္ဂလားပင်လယ်အော်နဲ့ ဘင်္ဂလားဒေ့ရှ် သမ္မတနိုင်ငံ။

## မြေမျက်နှာပြင်

ရခိုင်ပြည်နယ်ရဲ့ မြေမျက်နှာပြင်ဟာ တောတောင်မြစ်ချောင်းတွေ ပေါများပြီးတော့ မြောက်ဘက်မှာ မြင့်ပြီးတော့ တောင်ဘက်သို့ တဖြည်းဖြည်း ဆင်ခြေလျှော နိမ့်ဆင်းလို့ ရှိနေပါတယ်။



မြစ်တွေဟာ မြောက်ဘက်က မြစ်ဖျားခံပြီးတော့ တောင်ဘက်သို့ စီးဆင်းကြပါတယ်။

ရခိုင်ပြည်နယ်ရဲ့ မြောက်ဘက်မှာ ကျယ်ပြန့်တဲ့ လွင်ပြင်ကြီးတွေရှိတယ်။ တောင်ဘက်သို့ တဖြည်းဖြည်းကျဉ်းသွားပြီးတော့ တောင်ကုန်းတွေ ပေါများပါတယ်။ အဲဒီလို မြစ်ချောင်းပေါများတာကြောင့် တစ်ရပ်မှ တစ်ရပ်သို့ လှေသင်္ဘောတွေနဲ့ သွားလာလို့ ပိုလွယ်ကူကြပါတယ်။

## ရာသီဥတု

ရခိုင်ပြည်နယ်ဟာ အပူပိုင်းဇုံအတွင်းမှာ ကျရောက်ပါတယ်။ အနောက်တောင်ရာသီလေနဲ့ အရှေ့မြောက်ရာသီလေနှစ်မျိုး တိုက်ခတ်လို့ ရှိပါတယ်၊ ဆိုပါတယ်။

ရာသီဥတုဆိုတာကတော့ အချိန်မှန်တိုက်ခတ်တဲ့လေကို ရာသီလေလို့ ခေါ်တာပဲ ဖြစ်ပါတယ်။

(၁) အရှေ့မြောက်ရာသီလေဟာ နတ်တော်လက ကဆုန်လအထိ (ဒီဇင်ဘာလက မေလအထိ) ခြောက်လကြာ တိုက်ခတ်ပါတယ်။

(၂) အနောက်တောင်ရာသီလေကတော့ နယုန်လကနေ တန်ဆောင်မုန်းလအထိ (ဇွန်လမှ နိုဝင်ဘာလအထိ ခြောက်လကြာထိ တိုက်ခတ်ပါတယ်)

အရှေ့မြောက်ရာသီလေ တိုက်ခတ်တဲ့အခါ ချမ်းအေးပြီးတော့ အနောက်တောင်ရာသီလေ တိုက်ခတ်တဲ့အခါမှာတော့ မိုးတွေရွာသွန်းပါတယ်။

ရခိုင်ပြည်နယ်မှာ နွေ၊ မိုး၊ ဆောင်းဆိုပြီး ရာသီဥတုသုံးမျိုး ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၁) **နွေဥတု** တပေါင်းလပြည့်ကျော် (၁)ရက်နေ့က ဝါဆိုလပြည့်နေ့အထိ၊ (မတ်လက ဇွန်လအထိ) လေးလတာမျှ ကာလဟာ နွေဥတုဖြစ်ပါတယ်။

(၂) **မိုးဥတု** ဝါဆိုလပြည့်ကျော် (၁)ရက်နေ့က တန်ဆောင်မုန်းလပြည့်နေ့အထိ (ဇူလိုင်လက အောက်တိုဘာလအထိ) လေးလတာ ကာလဟာ မိုးဥတုကာလပဲဖြစ်ပါတယ်။

(၃) **ဆောင်းဥတု** တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက်နေ့က တပေါင်းလပြည့်နေ့အထိ (နိုဝင်ဘာလက ဖေဖော်ဝါရီလအထိ) လေးလတာ ကာလဟာ ဆောင်းဥတုကာလပဲ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်ဒေသဟာ ပင်လယ်နဲ့ နီးနီးကပ်ကပ် တည်ရှိတာကြောင့် သမတဲ့ ပင်လယ်ရာသီဥတုကို ရရှိပါတယ်။

ရာသီဥတုဟာ ညီညွတ်မျှတပါတယ်။

ဘင်္ဂလားပင်လယ်အော်ကို ဖြတ်သန်းတိုက်ခတ်လာတဲ့ အနောက်တောင်ရာသီလေကို ရခိုင်ရိုးမတောင်တန်းကြီးတွေက ကာဆီးထားပါတယ်။

ဒါကြောင့် ရခိုင်ပြည်နယ်ဒေသမှာ တစ်နှစ်ကို ပျမ်းမျှအနေနဲ့ မိုးရေချိန်လက်မ (၂၀၀)ခန့် ရွာသွန်းတတ်ပါတယ်။

## သဘာဝပေါက်ပင်

ရခိုင်ပြည်နယ်ဟာ အပူပိုင်းဇုံမှာ ကျရောက်လို့ နေပြီးတော့ မိုးရေချိန်လက်မ (၂၀၀)ကျော် ရွာသွန်းတာကြောင့် ပူအိုက်စွတ်စိုတဲ့ ရာသီဥတုရှိပါတယ်။

တောတွေထူထပ်တာနဲ့ မြစ်ချောင်းပေါများတာတို့ကြောင့်



သဘာဝပေါက်ပင်တွေနဲ့ ဖုံးလွှမ်းလို့ ရှိနေကြပါတယ်။

ပေါက်ရောက်တဲ့ အပင်တွေကို အကြမ်းအားဖြင့် သုံးမျိုးခွဲနိုင်ပါတယ်။ အဲဒါတွေကတော့...

(၁) အမြဲစိမ်းသစ်တော။

(၂) ရွက်ပြတ်တော။

(၃) ဒီရေရောက်တောတွေပဲ ဖြစ်ပါတယ်။

## အမြဲစိမ်းသစ်တော

အမြဲစိမ်းသစ်တောတွေကို ရခိုင်ရိုးမနဲ့ စိမ့်စမ်းပေါများတဲ့ တောင်တန်းတို့မှာ တွေ့ရတတ်တယ်။

သစ်တောထူထပ်ပြီး အပင်ကြီးတွေမှာ ပေ (၁၀၀)ကျော်အထိ မြင့်တက်ပြီး အောက်ခြေမှာ ချုံနွယ်တွေထူထပ်ပြီး ရှိနေတတ်ပါတယ်။

## ရွက်ပြတ်တော

ရွက်ပြတ်တောတွေကိုတော့ နိမ့်တဲ့တောင်တန်း ဆင်ခြေလျှောတစ်လျှောက်နဲ့ ကျွန်းတောင်တန်းဒေသတွေမှာ တွေ့ရတတ်ပါတယ်။

ဒီသစ်ပင်တောတွေဟာ နွေရာသီမှာ အရွက်တွေ ကြွေတတ်ပါတယ်။

ဒီသစ်တောတွေမှာ ပျဉ်းကတိုး၊ သင်္ကန်း၊ ကျွန်းသစ်၊ ကညင်၊ ...ရင်း၊ ပိန္နဲ၊ ပိတောက်၊ မျောက်ခေါင်း၊ တောင်သရက် စတဲ့ သစ်ပင်တွေ ရှိကြပါတယ်။

ပြီးတော့ ကြိမ်၊ ဝါး၊ နွယ်အမျိုးမျိုးကိုလည်း တွေ့ရပါတယ်။

ဝါးပင်တွေက အများဆုံးပေါက်ရောက်ဖုံးလွှမ်းပြီး ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခရင်ဝါး၊ ဝါးပိုး၊ သရကျူးဝါးနဲ့ ဝါးနက်စတဲ့ ဝါးတွေ ပေါက်ရောက်တတ်ပါတယ်။

## ဒီရေရောက်တော

ဒီရေရောက်တောတွေကို ကမ်းရိုးတန်းတစ်လျှောက်နဲ့ ဒီရေရောက် ချောင်းစပ်နားတွေမှာ တွေ့ရတတ်ပါတယ်။

ဒီရေ အမြင့်ဆုံးအမှတ်နဲ့ အနိမ့်ဆုံးအမှတ်စပ်ကြားမှာ ကျယ်ကျယ်ပြန့်ပြန့် တွေ့ရတတ်ပါတယ်။

လမု၊ ကနစို၊ ပြူးပင်၊ ပြာပင်၊ ကပိုင်၊ သီလာ စတာတွေက အများအပြား ပေါက်ရောက်တတ်ကြပါတယ်။

ကပိုင်သစ် သီလာသစ်တို့ဟာ လူနေအိမ်၊ အဆောက်အအုံတွေ ဆောက်လုပ်ရာမှာ သိပ်ကိုပဲ အသုံးဝင်တဲ့ သစ်တွေပဲ ဖြစ်ကြပါတယ်။

## နေထိုင်ကြတဲ့လူမျိုးတွေ

ရခိုင်ပြည်နယ်မှာ နေထိုင်ကြတဲ့လူမျိုးတွေကတော့ အများစုဟာ ရခိုင်လူမျိုးတွေ ဖြစ်ကြပါတယ်။

သူတို့တွေဟာ နေရာဒေသကို လိုက်ပြီး စကားသံ လေယူလေသိမ်း အနည်းငယ်တော့ ကွာခြားကြပါတယ်။

ဒါပေမဲ့ အားလုံးဟာ ရခိုင်တွေပဲ ဖြစ်ကြပါတယ်။

ရခိုင်ဒေသက ရခိုင်တွေနဲ့ အမျိုးအနွယ်တူပေမယ့် အဆက်အသွယ် ခက်ခဲတာကြောင့် မိမိမျိုးနွယ်စုကို သီးခြားအမည်တွေနဲ့ ခေါ်တွင်နေထိုင်သူတွေလည်း ရှိကြပါတယ်။ သူတို့မှာ -



(၁) သက်
(၂) ဒိုင်းနက်
(၃) မြို (ခမီး)

(၁) သက်တိုင်းရင်းသားတွေဟာ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်မြို့နယ်တွေမှာ အများဆုံး နေထိုင်လို့ နေကြပါတယ်။

သူတို့ဟာ ရခိုင်နဲ့ တစ်နွယ်တည်း ဆင်းသက်လာသူတွေ ဖြစ်ကြောင်း သိရပါတယ်။

သူတို့ဟာ ဗုဒ္ဓဘာသာ ကိုးကွယ်ကြပါတယ်။

(၂) ဒိုင်းနက်တိုင်းရင်းသားတွေကတော့ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ မြောက်ဦး၊ မင်းပြား၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော မြို့နယ်တွေမှာ နေထိုင်ကြပါတယ်။

သူတို့ဟာ ဘင်္ဂါလီစကား ပြောလေ့ရှိကြပါတယ်။ ဒါပေမဲ့ ဗုဒ္ဓဘာသာဝင်တွေပဲ ဖြစ်ကြပါတယ်။

(၃) မြို့နဲ့ခမီး. . . သူတို့တွေဟာ မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်တွေမှာ နေထိုင်တတ်ကြပါတယ်။

အဲဒီမှာ မြေပြန့်နေသူတွေကို မြို့လို့ခေါ်ပြီးတော့ တောင်ပေါ်နေသူတွေကိုတော့ (ခမီး)လို့ ခေါ်ကြပါတယ်။

သူတို့တွေလည်း ဗုဒ္ဓဘာသာဝင်တွေပဲ ဖြစ်ကြပါတယ်။

နတ်ကို ကိုးကွယ်တတ်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## အခြားသူတွေ

တခြား မာရမာကြီးတွေဟာ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ မင်းပြား၊ ကျောက်ဖြူ၊ ဘူးသီးတောင်နဲ့ မောင်တောမြို့တွေမှာ နေထိုင်တတ်ကြပါတယ်။

သူတို့ဟာ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ကြပါတယ်။ ဘင်္ဂါလီစကားကို ပြောဆိုကြပါတယ်။

ပြီးတော့ ရခိုင်လူမျိုးနွယ်စုနဲ့ တိုင်းရင်းသားတွေ မဟုတ်ပေမယ့်လည်း ဒေသနိုင်ငံသားတွေအဖြစ် ကာလရှည်ကြာကတည်းက နေထိုင်ခဲ့ကြတဲ့ ဘင်္ဂါလီ (ကုလား)တွေနဲ့ ကမန်တိုင်းရင်းသားတွေလည်း ရှိကြပါတယ်။

ဘင်္ဂါလီကုလား မူဆလင်တွေဟာ ရခိုင်ဒေသ ဘူးသီးတောင်၊ မောင်တောနယ်မှာ အများဆုံး နေထိုင်ကြပါတယ်။ ပြီး‥ စစ်တွေ၊ ကျောက်တော်၊ မြောက်ဦးမြို့နယ်တွေမှာတော့ ဒုတိယအများဆုံး နေထိုင်တတ်ကြပါတယ်။

တစ်ခါကမန်တွေကတော့ ရမ်းဗြဲမြို့နယ်၊ ကျောက်နီမော်နဲ့ စစ်တွေမြို့နယ် သင်္ဘနက်ကျေးရွာတွေမှာ နေထိုင်လို့ နေကြပါတယ်။

ပြီးတော့ ဒီအရပ်မှာ ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်နဲ့ ဗမာတွေလည်း ရောထွေးနေထိုင်ကြပါတယ်။

တစ်ခါ ဟိန္ဒူ၊ ကုလား၊ တရုတ်စတဲ့ လူမျိုးခြားတွေလဲ နေထိုင်နေကြပါတယ်။

အလှအပ သယံဇာတတွေ ပေါပြည့်နေတဲ့ ဒေသမြေပါ။ ဒါကို ဝါးကျောင်းဆရာ ပဏ္ဍိတ်က ခုလိုဖွဲ့ဆိုထားခဲ့ပါတယ်။



## ရခိုင်ဟူသည် ပြည်နာမည်ကား...

ဥတည်အစ မှိုင်းပြည့်မှောင်
ကြီးသောတောင်မှ ရေမြောင်စီးဆင်း
ခရီးဝီးဆန့် ရှည်အခွန့်ကြောင့်
လိမ်တွန့်မော်ဖြစ် ပတ်ရစ်ဆက်သွယ်
ကျယ်ထက်ကျယ်လျှင် ပင်လယ်သို့ပေါက်
သမုဒ်ရောက်အောင် ကမ်းလျှောက်သစ်စည်
စပ်ယှဉ်ပေါင်းမြက် နွယ်ချုံယှက်၍
ချောင်းတက်ကြီးငယ် သွယ်သွယ်ဟိထ
ကစ္ဆပဟု မည်ရှန့်ဒီ
မြစ်ကိုမှီလျက် ခုတ်တိုးထွင်ကျင်း
လယ်ကွင်းဆိုမြိုင် တောရကြိုင်ကို
လုပ်ကိုင်မြို့တည် ကာလရှည်သော်…
တိုင်းပြည်ရခိုင် ခုတိုင်မော်ကွန်း သမိုင်းထွန်းဏ်။

**** **** ****

## သာလီစွ

ရှီး – ဦးအောင်သိန်း

(မဟာမဏိ မြတ်သျှင်ကပင် ရခိုင်သာရေ မျှော်ဖူးလို့… ကြွေလီဖိ… သာလီစွ)၂
ယင်းခိုက်က စာပီကိုလေ‥ ပြန်ကြွေစီချင်ရေ‥ ရခိုင်ပြေမာ (ထွန်းရေ)၂ ထိုကာလခိုက်မှာ‥ မဟာပိုင်ညာကျော်ထွန်းပေါ်

www.burmeseclassic.com

www.burmeseclassic.com



လီရေ‥ ပြိုင်သူယှားအောင်‥ ထွန်းလို့ ထင်ရှားပါယင့်လေ‥
ဓညဝတီ××× ဒွါရာဝတီ××× (မြောက်ဦးမြို့ ဟိလီယင့်)၂
မေဃဝတီ××× ရမ္မာဝတီ××× (မြောက်ဦးမြို့ ဟိလီယင့်)၂
မေဃဝတီ××× ရမ္မာဝတီ××× (မြောက်ဦးမြို့ ဟိလီယင့်)၂
ဓညဝတီ××× ဒွါရာဝတီ××× (မြောက်ဦးမြို့ ဟိလီယင့်)၂
နီခမန်း ထိုင်ခမန်း သာရေဝါ‥ ငါရို့ ဓညဝတီ‥ တိုင်းကိုလာ
ကေလှေလေး‥ ခမ်းနားမြို့ရိုး နီမခန်း ထိုင်မခန်း သာရေဝါ‥
ငါရို့ဓညဝတီ တိုင်းကို‥ လာကေလှေလေး‥ ခမ်းနား မြို့ရိုး‥
မဟိလား‥ ရှာလီကေ‥ ကြီးကျေစွာမာလေး ယှားလီရေ‥
ယိုင်ကျေးမှုလက်ရာနန့်‥ သာလီစွ မြင်လေးမြင်‥ သိလီဖို့‥
သာလီစွ‥ မြင်လေးမြင် သိလိဖိ‥ သာလီစွ‥‥ ယိုင်ကျေးမှု
လက်ရာနန့်‥‥ သာလီစွ‥ (မဟာမဏိ မြတ်သျှင်ကပင်‥
ရခိုင်သာရေ မျှော်မှုးလို့‥ ကြွေလီဖိသာလီစွ‥)၂

## သာယာစွ (မြန်မာပြန်)

(မဟာမဏိ မြတ်သျှင်ကပဲ‥ ရခိုင်သာတယ်၊ မျှော်မှုးလို့‥
ကြည့်လေပ သာယာစွ‥)၂ အဲဒီခေတ်က စာပေကိုလဲ‥
ပြန်ကြည့်စေချင်တယ်‥ ရခိုင်ပြည်မှာ (ထွန်းတယ်)၂
အဲဒီကာလခေတ်မှာ‥ မဟာပညာကျော်‥ ထွန်းပေါ်
လေတယ်‥ ပြိုင်သူရှားအောင်ထွန်းလို့ ထင်ရှားပါရဲ့လေ‥
ဓညဝတီ××× ဒွါရာဝတီ××× (မြောက်ဦးမြို့ရှိလေရဲ့)၂
မေဃဝတီ××× ရမ္မာဝတီ××× (မြောက်ဦးမြို့ရှိလေရဲ့)၂
မေဃဝတီ××× ရမ္မာဝတီ××× (မြောက်ဦးမြို့ရှိလေရဲ့)၂



ဓညဝတီ××× ဒွါရာဝတီ××× (မြောက်ဦးမြို့ရှိလေရဲ့)၂
နေချင်စရာ ထိုင်ချင်စရာ‥ သာယာတယ်‥ ငါတို့ ဓညဝတီ
တိုင်းကို လာခဲ့ရင်လေ‥ နေချင်စရာ ထိုင်ချင်စရာ‥
သာယာပါတယ်‥ ငါတို့ ဓညဝတီတိုင်းကို လာခဲ့ရင်လေ‥
ခန်းနားမြို့ရိုး အရှိလေ‥ ရှာလေရင် ကြီးကျယ်လာမှာလေ‥
ရှားပါတယ်‥
ယဉ်ကျေးမှု လက်ရာနဲ့‥ သာလေစွ‥ မြင်လဲမြင် သိလေတော့‥
မြင်လဲမြင် သိလေတော့‥ သာယာလေစွ ယဉ်ကျေးမှု
လက်ရာနဲ့‥ သာယာစွ‥‥
(မဟာမဏိ‥ မြတ်သျှင်ကပဲ‥ ရခိုင်သာတယ်‥ မျှော်မှုးလို့
ကြည့်လေပ‥ သာယာစွ)၂

*(ရွတ်ဆိုနှုန်းသီး သီချင်းတွေမှ)*

မြင့်မားတာကတော့ ကောင်းကင်‥
ကျယ်ပြန့်တာကတော့ မြေပြင်‥
ကောင်းကင်ထက် အမြင့်အမား‥
မြေပြင်ထက် ကျယ်ပြန့်အလား‥
သင်ဖြစ်လာမည် ယောကျ်ားဘသား‥

*သခင်သန်းထင် (မြန်မာပြန်)*

*အာဇာနည်သားတောင်းမိခင်စာအုပ် (၄င်းစာ-၇၇)*

မိမိစိတ်ဝင်စားတဲ့ စစ်တွေမြို့နယ်အကြောင်း ဆက်လက်လေ့လာ
ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



# စစ်တွေမြို့နယ်ဆိုတာ

သက္ကရာဇ်တစ်ထောင်ဖြစ်၊ တစ်ရာ့ရှစ်ဆယ်ကွန်းဝယ် ခုနစ်ခုတည်း၊ မာဃဖြစ်လဆန်းသာ ငါးရက်နိသည်၊ နီတွက်တဗိုဟိုလ်ကျော်တွင်၊ မြို့ဝန်လျှင် ပတ္တင်သတ်၊ ကတ္တင်ဟူမှတ်၊ ဒေးရှိန့်သတ်နှင့်၊ တိုင်ပင်ကြည့်မူ လတ်၍၊ စစ်တွေမြို့ရပ်နားမှာ‥ ကောင်းသည့်ခါဝယ်‥ မြို့ရွာတည် လုပ်ပေလျက်…

(တော်လှန်ရေးစာဆို ဒေးဝန်းအောင်ချော်ဦး)

စစ်တွေမြို့နယ်ဟာ ကုလားတန်မြစ်နဲ့ မေယုမြစ်ဝအကြား ကျွန်းပေါ်မှာ တည်ရှိတဲ့ မြို့တစ်မြို့ပဲ ဖြစ်ပါတယ်။

စစ်တွေမြို့နယ်ဟာ ဧရိယာစတုရန်းမိုင်ပေါင်း ၄၂မိုင် ကျယ်ဝန်းပါတယ်။

လူဦးရေစုစုပေါင်း (၁၉၈၄) ခန့်က ၁၆၉၀၉၀ဦး နေထိုင်နေခဲ့ကြပါတယ်။

အဲဒီတုန်းကပဲ ရပ်ကွက် (၃၁) ရပ်ကွက်နဲ့ ကျေးရွာအုပ်စု(၂၇) အုပ်စုနဲ့ ကျေးရွာငယ်(၉)ရွာ ရှိပါတယ်။

စစ်တွေမြို့နယ် မြောက်ဘက်မှာ ပုဏ္ဏားကျွန်းမြို့နယ် ရှိတယ်။ အရှေ့မြောက်ဘက်မှာတော့ ပေါက်တောမြို့နယ် ရှိပါတယ်။ တောင်ဘက်မှာတော့ ဘင်္ဂလားပင်လယ်အော်နဲ့ အနောက်ဘက်မှာတော့ ရသေ့တောင် မြို့နယ်တို့ရှိကြပါတယ်။

စစ်တွေမြို့ဟာ ရခိုင်ပြည်နယ်ရဲ့ မြို့တော်ပဲဖြစ်ပါတယ်။ သိပ်ကို စည်ကားတဲ့မြို့တော်ပဲဖြစ်ပါတယ်။ သက်ဆိုင်ရာရုံးတွေနဲ့ နာမည်အကြီးဆုံးကတော့ အကျဉ်းထောင်ကြီးပဲ ဖြစ်ပါတယ်။ ၁၉၈၄ ရဲ့ အနေအထား



တုန်းက ခုတင် (၂၀၀) ခန့် ပြည်နယ်ဆေးရုံးကြီးတစ်ရုံရှိတယ်။ အထူးကုဆရာဝန်တွေထားပြီး လူနာတွေကို ကုသပေးလို့ထားပါတယ်။

အဲဒီတုန်းက အဘိုး (၂၀)ဦး အဘွား (၂၀)ဦးတို့ကို ထားနိုင်တဲ့ ဘိုးဘွားရိပ်သာ တစ်ခုလည်းရှိပါတယ်။

အဲဒီတုန်းက အထက်တန်းကျောင်း (၆) ကျောင်း၊ စစ်တွေကောလိပ်၊ အထက်တန်း၊ အလယ်တန်းကျောင်းနဲ့ လက်မှုလုပ်ငန်းတွေ၊ ဆန်စက်ကြီးတွေ အစိုးရ ဖွဲ့နူဆီစက်၊ ရေခဲစက်၊ ဘိလပ်ရည်စက်၊ သစ်ခွဲစက်နဲ့ ဆီကြိတ်စက်တွေ ရှိကြပါတယ်။

စစ်တွေမြို့မှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးကြီး (၂)ခု ရှိပါတယ်။

ဈေးဆိုင်ကြီးတွေ ဖွင့်လှစ်ပြီးတော့ အထည်အလိပ်ပစ္စည်းတွေ စားသောက်ကုန်ပစ္စည်းတွေ၊ လူသုံးကုန်ပစ္စည်းတွေကို ရောင်းချလို့ ရှိကြပါတယ်။

ပြီးတော့ သမဝါယမဆိုင်ကြီးတွေ ကုန်သွယ်ရေး အရောင်းဆိုင်ကြီးတွေလဲ ရှိကြပါတယ်။ ကုန်ပစ္စည်းတွေကို ရောင်းလို့ အသက်မွေးမှုကြပါတယ်။

ဆိတ်ရိုးကျ ချောင်းဝမှာ မြန်မာ့ရေနံ ကော်ပိုရေးရှင်းပိုင် ရေနံ လှောင်ကန်ကြီးတွေနဲ့ ရန်ကုန်ကတင်ပို့တဲ့ ဒီဇယ်၊ ဓာတ်ဆီ၊ ရေနံဆီတွေကို သိုလှောင်ပြီး ရခိုင်ပြည်နယ်က မြို့တွေဆီကို ဖြန့်ဖြူးရောင်းချပေးနေပါတယ်။

စစ်တွေမြို့မှာ အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းကြီးတစ်ခု ရှိပြီးတော့ လေကြောင်းပို့ဆောင်ရေး ကော်ပိုရေးရှင်းက လေယာဉ်တွေဟာ နေ့စဉ် အဆင်းအတက် ပြုလုပ်လို့ ရှိကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလက်ရှိ လေယာဉ်ကွင်းကို ၁၉၆၈ ခုနှစ်က စနစ်တကျ တိုးချဲ့ဆောက်လုပ်ခဲ့တာပဲ ဖြစ်ပါတယ်။

စစ်တွေမြို့ရဲ့ ဆိပ်ကမ်းဟာလည်း အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း တစ်ခုပဲ ဖြစ်ပါတယ်။

ကမ်းရိုးတန်းသွား သင်္ဘောတွေနဲ့ နိုင်ငံခြားသင်္ဘောတွေ ဝင်ထွက်ပြီးတော့ ရခိုင်ပြည်နယ်ရဲ့ ထွက်ကုန်တွေကို သယ်ယူနေကြပါတယ်။

စစ်တွေမြို့မှာ ပြည်သူ့ပုလဲနဲ့ ငါးလုပ်ငန်း ကော်ပိုရေးရှင်းက စက်ရုံတည်ဆောက်ပြီး ရခိုင်ကမ်းရိုးတန်းက ဖမ်းဆီးရမိတဲ့ ငါးပုစွန်တွေကို ရေခဲစိမ်ပြီးတော့ နိုင်ငံရပ်ခြားကို တင်ပို့ရောင်းချနေကြပါတယ်။

စစ်တွေမြို့ရဲ့ တောင်ဘက်အစွန်ဆုံး အငူမှာတော့ ပွိုင့်လို့ခေါ်တဲ့ ပင်လယ်ကမ်းခြေ အပန်းဖြေနေရာ တစ်ခုရှိပါတယ်။

အဲဒီပွိုင့်မှာ မျှော်စင်တစ်ခုရှိပါတယ်။ ၁၈၄၄ ခုနှစ်က မီးပြတိုက် အဖြစ် အသုံးပြုခဲ့ပါတယ်။

အဲဒီမီးပြတိုက်က မြန်မာနိုင်ငံရဲ့ ပထမဆုံးမီးပြတိုက်တစ်ခုပဲ ဖြစ်ပါတယ်။

ခုနေမှာတော့ သံထည်နဲ့ပြုလုပ်ထားတဲ့ မီးပြတိုက်တစ်ခုကို တည်ဆောက်ထားရှိပါတယ်။

စစ်တွေမြို့လယ်မှာတော့ နာရီစင်ကြီးတစ်ခုရှိပါတယ်။ အဲဒီနာရီ စင်ကြီးမှာ ၁၈၈၇ ခုနှစ်ကတည်းက တည်ဆောက်ခဲ့တာပဲ ဖြစ်ပါတယ်။

နာရီစင်ကြီးရဲ့ အမြင့်မှာ ၇၁.၃၂ပေ ရှိပါတယ်။

စစ်တွေမြို့မှာ မိုက္ကရိုဝေ့ဖ် မျှော်စင်တစ်ခု ရှိပါတယ်။

အဲဒီမိုက္ကရိုဝေ့ဖ် ဆက်သွယ်ရေးလမ်းကြောင်းကနေပြီးတော့ ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူ၊ သံတွဲ၊ မာန်အောင်၊ ရမ်းဗြဲ၊ မြေပုံ၊ တောင်ကုတ်မြို့တွေသို့ တယ်လီဖုန်းနဲ့ ပြောကြားနိုင်ကြပါတယ်။



အဲဒီစစ်တွေမြို့ရဲ့ အနောက်ဘက်မှာတော့ ကန်တော်ကြီးလို့ ခေါ်တဲ့ ကန်ကြီးတစ်ခု ရှိပါတယ်။

အဲဒီရေကန်ကြီးက မြို့သူမြို့သားတွေ သောက်သုံးဖို့ရာ ပိုက်လုံးတွေနဲ့ ရေကို ဖြန့်ဖြူးပေးလို့ ရှိကြပါတယ်။

စစ်တွေမြို့သို့ ရခိုင်ပြည်နယ်မြို့နယ် ဒေသအသီးသီးက ပစ္စည်းတွေကို တင်ပို့ရောင်းချလေ့ ရှိကြပါတယ်။

စစ်တွေမြို့က စားသောက်ကုန်တွေ လူသုံးကုန်ပစ္စည်းတွေကိုလည်း အခြားမြို့နယ်တွေဆီသို့ တင်ပို့ရောင်းချကြပါတယ်။

စစ်တွေမြို့ရဲ့ ရေကြောင်းပို့ဆောင်ရေး ကော်ပိုရေးရှင်းပိုင် သင်္ဘောတွေ.. သမဝါယမပိုင် မော်တော်ရေယာဉ်တွေနဲ့ ပုဂ္ဂလိကပိုင် မော်တော်ရေယာဉ်တွေဟာ စစ်တွေမြို့ သတ်ရိုးကျချောင်း ဆိပ်ကမ်းက သွားလာဝင်ထွက်ပြီး ခရီးသည်တွေကို ကုန်စည်တွေ ပို့ဆောင်ပေးလို့ နေခဲ့ပါတယ်။

သယ်ယူတာတွေ ပြုလုပ်ပေးလို့ ရှိခဲ့ပါတယ်။

ခုနေမှာတော့ မင်းဂံချောင်းမှာ တိုးချဲ့သင်္ဘောဆိပ်ကမ်း တစ်ခုကို တည်ဆောက်လို့ ရှိနေပါတယ် ဆိုထားပါတယ်။

ဒါဟာ မိမိအမှတ်တရ လက်လှမ်းဖတ်မှတ်မိခဲ့တဲ့ အကြောင်း အရာပဲ ဖြစ်ပါတယ်။ ပထဝီနိုင်ငံရေးသဘောကို မိမိခြုံငုံလေ့လာကြည့်ချင်လို့ပဲ ဖြစ်ပါတယ်။ ဒီလောက်ပါ။ ဟိုခေတ်က ကဗျာတစ်ပုဒ်မှာတော့ ခုလို ရေးခဲ့ပါတယ်။

သုံးပင်တိုင်သည် လှေယာဉ်သင်္ဘောလှနှင့် ဖောက်ထော်ကဝေ..

www.burmeseclassic.com



တူသာ·· မီးငှုမြစ်မှာ ပြည့်မျှဝင်လျှင်းပါ၏။ ရောင်းဝယ်ရာ တသောသော·· နီကြပါသည်·· မြို့ဆိပ်ကမ်းနားဌ ရခိုင်များ မြန်မာပေ ဟိန္ဒူတ်သာနီ ဘရင်ဂျီနှင့် ပသိကုလားသည်တည့်·· ကသည်းနွမ်းသျှမ်း တို့မှာ၊ စလိုက်ဘာသာနီကြပါသည်။ မြို့ရွာ ထူထပ်ပေါ်၏။ ထက်မြင့်ဖျား နတ်ဘုံသွင် မြို့ချမ်းသာကို သစ်တည်လုပ်ကျင်၏။

(အေဝန်းကြီးအောင်ချော်ရှိ)

ကိုယ့်ကိုယ်ကို အကောင်းဆုံးဖြစ်အောင်လုပ်ဖို့ လူတိုင်းမှာ တာဝန်ရှိတယ်။ ဒါဟာ အရေးကြီးဆုံး တာဝန်ပဲ။ ဒီတာဝန်ကို မကျေတဲ့ သူဟာ တခြားတာဝန်တွေကို မကျေနိုင်တော့ဘူး။

(ဆရာတော်ဦးဇောတိက)

ဒါဟာ လူတိုင်းမှာ ထားရှိရတဲ့ သဘောထားကို ရေးပြတာ ပါပဲ။

နောက်စာတစ်ပုဒ်မှာလဲ ဆရာတော်က···

"လူတွေဟာ ကိုယ့်ကိုယ်ကို တန်ဖိုးရှိတဲ့ လူလို့ ခံစားရတာကို ကြိုက်တယ်။ လိုချင်တဲ့ ကိုယ့်လူမျိုး ကိုယ့်နိုင်ငံ ကိုယ့်အယူအဆ ကိုယ့်ဘာသာတရားကိုလည်း တန်ဖိုးရှိတယ်လို့ ခံစားရတာကို ကြိုက်တယ်။ လိုချင်တယ်။ အများက ကိုယ့်ကို တန်ဖိုးထားတာ လေးစား အသိအမှတ်ပြုတာကို လိုချင်တယ်။ ကိုယ့်လူမျိုး ကိုယ့်နိုင်ငံ ကိုယ့်ဘာသာတရား၊ ကိုယ့်အယူအဆ၊ ကိုယ့်ယဉ်ကျေးမှုကို တခြား နိုင်ငံက လေးစားတာကိုလည်း လိုချင်တယ်။ အဲဒါတွေကို ရအောင် နည်းမျိုးစုံနဲ့ လုပ်ကြတယ်။ ကိုယ့်ကို မလေးစားရင်၊ ကိုယ့်လူမျိုး ကိုယ့်နိုင်ငံ ကိုယ့်ဘာသာတရားကို မလေးမစားလုပ်ရင် မခံနိုင်ကြဘူး။ မလေးမစားလုပ်ရင် အသက်တောင် အသေခံပြီး ကာကွယ်တယ်။



ဒါကိုကြည့်ရင် လေးစားမှုကို ခံရဖို့ဆိုတာ လူသားတွေအဖို့ အင်မတန် အရေးကြီးတဲ့ ကိစ္စဖြစ်တယ်ဆိုတာ သိနိုင်တယ်။ စုပေါင်းပြီးတော့ ညီညီညွတ်ညွတ်နဲ့ လေးစားမှုကိုရဖို့ အားထုတ်ကြတယ်။ နိုင်ငံဆိုပြီးတော့ တည်ထောင်တယ်။ လူမျိုးဆိုပြီးတော့ အသိုင်းအဝိုင်းဖွဲ့တယ်" ဆိုထားပါတယ်။

ပြီးတော့ တစ်ခါ ဆရာတော်က···

"လူ့သမိုင်းတစ်လျှောက်လုံးမှာ လူတွေကို တွန်းအားအများဆုံး ပေးတဲ့အရာဟာ အသိအမှတ်ပြုတာ ခံချင်တဲ့စိတ်ပဲ··၊ လူလူချင်း လေးစားတာ ခံရဖို့၊ ဂုဏ်ပြုတာ ခံရဖို့၊ နေရာပေးတာ ခံရဖို့ကို နည်းမျိုးစုံနဲ့ ကြိုးစားကြတယ်။ ကိုယ့်လူမျိုးကို စော်ကားရင် အသက်နဲ့လဲပြီး တုံ့ပြန်တယ်။ ကိုယ့်ဘာသာကို စော်ကားရင် အသက်နဲ့ လဲပြီး တုံ့ပြန်တယ်။ ထို့အတူပဲ ကိုယ့်မိသားစုကို စော်ကားရင်လည်း ကိုယ့်ကိုယ်ကို ကိုယ်လေးစားတဲ့သူဟာ မခံနိုင်ဘူး··၊ လူတွေလုပ်တဲ့ ကိစ္စတော်တော် များများဟာ လေးစားတာကို ခံရဖို့၊ အသိအမှတ် ပြုတာကို ခံရဖို့ လုပ်တာ ဖြစ်ပါတယ်။

The struggle for recognition အသိအမှတ်ပြုမှုကိုရဖို့ ကြိုးစားတာဟာ အရင်းခံဖြစ်တဲ့ အကြောင်းဖြစ်တယ်။

အလုပ်များများလုပ်နေရုံနဲ့ ဂုဏ်ယူစရာ မဖြစ်ဘူး···။

လုပ်သင့်တာကို လုပ်နေမှ ဂုဏ်ယူစရာ ဖြစ်တယ်။ ဘဝရဲ့ အရည်အသွေးမြင့်မားဖို့ အရေးအကြီးဆုံးအချက်က အလုပ်တွေ များများလုပ်တာ မဟုတ်ဘူး··၊ အရေးအကြီးဆုံးအချက်က မှန်ကန်တဲ့ အလုပ်၊ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်။ အရည်အသွေး မြင့်မားတဲ့အလုပ် တွေကို လုပ်ဖို့ပါ။ လုပ်သင့်တာကို မလုပ်ဘဲ အလုပ်များများ လုပ်နေရုံနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘာထူးမှာလဲ” ဆိုထားပါတယ်။

ဒါဟာ မိမိသဘောကျတဲ့ စာစုတွေကို ကောက်နုတ်ပြတာတွေပဲ ဖြစ်ပါတယ်။

စာပေတွေ၊ စာအုပ်တွေမှာ။ ဖတ်လို့မကုန်နိုင်ပါဘူး။ ဖတ်လေ ဖတ်ချင်လေ၊ ဖတ်စရာတွေ့လေပါပဲ။

ဒီလိုပါပဲ လေ့လာစရာတွေလည်း များလှပါတယ်။ ဒီလိုပဲ လေ့လာလေ လေ့လာစရာများလေ လေ့လာလို့ မဆုံးလေပါပဲ။

ခံစားစရာလဲ ဒီလိုပဲ။ ခံစားတတ်လေ ခံစားစရာများလေ ခံစားလို့ မဆုံးလေပါပဲ…။

မိမိကတော့ အထူးသဖြင့် ခံစားတတ်သူပဲ ဖြစ်ပါတယ်။ ဒါကြောင့် စာမှာ ပေမှာလည်း ခံစားလို့ မဆုံးနိုင်စရာချည်းပါပဲ။

ဘယ်အရာကို ကြိုက်သလဲ။ ဘယ်အရာကို ယူမလဲ။ ဘယ်ရာကို ဆွဲယူသလဲ။ များပဲ များလှပါတယ်။ မဆုံးနိုင်ပါ…။

ဟော… စာတစ်ပုဒ်မှာလည်း ခုလိုရေးထားခဲ့ပါတယ်။ ကြာတော့ ကြာခဲ့ပါပြီ…။

အဲဒီကြာတာကိုပဲ မိမိကြိုက်ပါတယ်။

၁၉၆၇ လောက်ကပါ…။

“ငါသည် ငါ၏ ဦးတည်ရာ ဆောင်ရွက်ချက် မပြီးမြောက်သေးမီ သေရတော့မည်။ သို့သော် ငါသည် မင်းတို့အပေါ်တွင် ယုံကြည်ချက်ရှိပါသည်။ မင်းတို့သည် တိုင်းပြည်နှင့် လူမျိုးက ပိုင်ဆိုင်သည် ဆိုသည်ကိုတော့ တခဏတလေမျှ မမေ့လျော့ပါလေနှင့်…၊ မင်းတို့၏ အရိုးကြေကြေ အရေပေါင်စုတ်စုတ် ငါတို့ ဆုံးရှုံးခံရတဲ့ တိုင်းပြည်ကိုတော့ မင်းတို့ ပြန်လည်ရရှိအောင် ကြိုးစားကြရမယ်…၊ အဖနိုင်ငံသို့ တစ်ခါ



တစ်ကြိမ် ငါတော့ဖြင့် ပြန်ရောက်လိုပါသေးသည်။ အဖနိုင်ငံကြီး လွတ်လပ်ရေးရပြီးသည့်အခါ ငါ၏ ကိုယ်ခန္ဓာကို ဒါလ်ဒေါ်မြစ်ကမ်းပါး၌ မြှုပ်နှံကြပါ”

ထို့နောက်တွင် သူသည် မစ္စစ်ကန်ဘန်ဆုစ်အား ရဲဘော်ကင်အီဆွန် ကြီးပြင်းလာသောအခါ၌ ပေးအပ်ပါဟု ပြောဆိုကာဖြင့် သူ၏ မော်ဇာသေနတ်ကို ပေးအပ်လိုက်သည်။

သခင်သန်းတင်၊ သားတော်ငါးဦးမောင်(စာ၊ ၃၈–၃၉)

ပြီး… မိမိလက်လှမ်းမီသမျှ စစ်တွေမြို့အကြောင်း ဆက်လက်လေ့လာနေမိပါတယ်။ အင်္ဂလိပ်မြန်မာ စစ်ပွဲမှာ ၁၈၂၄ ခုနှစ်မှာ စတင်ဖြစ်ပွားခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီး မော်ရီဆင်က ရခိုင်ဒေသကို ထိုးစစ်ဆင်ရာမှာ ဦးစီးကွပ်ကဲရပါတယ်။ ဗိုလ်မှူးချုပ် မက်ဘိန်နဲ့ဟာ ဒုတိယ ဦးစီးချုပ်အဖြစ်နဲ့ ဦးစီးပါဝင်ခဲ့တယ်။ ရေတပ်ကို ကွန်မန်ဒို ဟွန်းဟောက ချုပ်ကွပ်ကဲလိုက်ပါရပါတယ်။

ဒီအင်္ဂလိပ် တပ်မတော်မှာ စစ်သည်အင်အား ၉၃၄၃ ယောက် ပါဝင်တယ်လို့ သိရပါတယ်။ အဲဒီအင်္ဂလိပ်တပ်ဖွဲ့ဟာ ၁၈၂၅ ခု ဇန်နဝါရီလမှာ ကော့ဘဇာကို ချီတက်တယ်။ ပထမ ရခိုင်ခံတပ်ဖြစ်တဲ့ မောင်တောအနီးသို့ ၁၈၂၅ ခု ဇန်နဝါရီလ (၃၁)ရက်နေ့မှာ ဆိုက်ရောက်လာခဲ့တယ်။ အဲဒီလိုရောက်တော့ စစ်တပ်ကို နှစ်တပ်ခွဲပြီး တစ်တပ်ကို ဗိုလ်ချုပ်ကြီး မော်ရီဆင် ဦးစီးပါတယ်။ ကျန်တပ်ကိုတော့ ဗိုလ်မှူးချုပ် မက်ဘိန်က ကွပ်ကဲရတယ်။ ဗိုလ်ချုပ်ကြီး မော်ရီဆင်ရဲ့ တပ်ဖွဲ့ဝင်တစ်ဦး ဖြစ်တဲ့ ဗိုလ်ဆင်ဆထရှင်းဆိုသူက ၁၈၂၅ ခု ဖေဖော်ဝါရီ (၂၅)နေ့စွဲနဲ့ ဆက်ဆိုင်ရာ ဗိုလ်ချုပ်ကြီးထံ အစီရင်ခံရာမှာ…

“ကျွန်တော်တို့ဟာ ရခိုင်မြစ် (ကုလားတန်မြစ်)လို့ ယူဆရတဲ့

www.burmeseclassic.com



မြစ်ဝကို ဝင်မိခဲ့ပြီဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ကို အနှောင့်အယှက် ပေးနိုင်တဲ့ ခံတပ်တစ်ခုကို တွေ့ရပါတယ်။ စုံစမ်းကြည့်တော့ အဲဒီမြစ်မှာ မယူမြစ် ဖြစ်ပါတယ်။ ရခိုင်မြစ် (ကုလားတန်မြစ်)မှာ အရှေ့တောင်ဘက်မှာ ရှိတယ်လို့ သိရပါတယ်။ ရခိုင်မြစ်ပေါ်သို့ အဲဒီနေ့ညနေဘက်မှာ ကျွန်တော်တို့ ဝင်နိုင်ခဲ့ပါတယ်။ မြစ်ဝဟာ ရှစ်မိုင်ခန့်ဝေးတဲ့ နေရာမှာ ခံတပ်တစ်ခု ရှိကြောင်း သိရပါတယ်။

(၂၀)ရက်နေ့က အထောက်တော်တွေရဲ့ သတင်းပေးချက်အရ ရခိုင်ဘုရင်ခံမှာ စစ်လှေ (၁၀၀) စစ်သည်တော် နှစ်ထောင်နဲ့ ကျွန်တော်တို့ကို တိုက်ခိုက်ဖို့ စုန်ဆင်းလာကြောင်း သိရပါတယ်။ ကျွန်တော်တို့ ကမ်းက ခွာပြီး အဆင်သင့် ရန်သူတပ်တွေကို စောင့်နေကြပါတယ်လို့ တွေ့ရပါတယ်။

မတ်လ (၂၅)ရက်နေ့မှာ ကြက်ကိုင်းတန်မှာ တပ်စွဲကြပါတယ်။ ကြက်ကိုင်းတန်မှာ အင်္ဂလိပ်စစ်တပ်တွေ မြောက်ဦး (မြို့ဟောင်း)သို့ ချီတက်ရာမှာ လမ်းခုလတ်စခန်းအဖြစ် အင်္ဂလိပ်တွေက သုံးခဲ့ကြပါတယ်။

အဲဒီကမှ စစ်ကြောင်း၊ လေးကြောင်းခွဲပြီးတော့ မြောက်ဦးကို ထိုးစစ် ဆင်ကြပါတယ်။ မတ်လ (၂၉)ရက်က (၃၁)ရက်အထိ တိုက်ပွဲ အကြီးအကျယ် ဖြစ်ပွားခဲ့ပါတယ်။

နောက်တစ်နေ့မှာတော့ အင်္ဂလိပ်တွေ မြောက်ဦးမြို့ကို သိမ်းပိုက်လိုက်နိုင်ခဲ့ပါတော့တယ်။

အင်္ဂလိပ်မြန်မာ စစ်ပွဲဖြစ်ပွားတဲ့ အချိန်ထိ မြောက်ဦးမြို့ဟာ ဘုရင်ခံနေတဲ့ မြို့တော် ဖြစ်နေခဲ့ပါသေးတယ်။

စစ်တွေမြို့မှာ အဲဒီအချိန်အထိ မြို့တစ်မြို့ ဖြစ်မလာခဲ့သေးပါဘူး။ ယခု စစ်တွေမြို့ရဲ့ ဆင်ခြေဖုံး ကြက်ကိုင်းတန်မှာ အရေးပါတဲ့ အခြေအနေမှာ ရှိနေခဲ့ပါတယ်။ ကြက်ကိုင်းတန်မှာ နယ်ချဲ့အင်္ဂလိပ်တွေ အတွက် မြောက်ဦးကို ထိုးစစ်ဆင်ရာမှာ အရေးပါ အရာရောက်တဲ့ အစိတ်အပိုင်းက ပါဝင်နေခဲ့ပြီ ဖြစ်ပေမယ့် ခုလက်ရှိ စစ်တွေမြို့မှာ သာမန် တံငါရွာကလေး တစ်ရွာအဖြစ်သာ ရှိနေခဲ့ပါသေးတယ်။



အဲဒါကြောင့် အင်္ဂလိပ်မြန်မာ စစ်ပွဲဖြစ်ပွားပြီးတဲ့အချိန်အထိ စစ်တွေမြို့မှာ မြို့တစ်မြို့အဖြစ်နဲ့ မတည်ရှိခဲ့သေးတာ ထင်ရှားပါတယ်။

အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲကို ရန္တပိုစာချုပ်နဲ့ ၁၈၂၆ ခု ဖေဖော်ဝါရီလ (၂၆)ရက်နေ့မှာ အပြီးသတ်ပါတယ်။

အဲဒီစစ်ပွဲက နယ်ချဲ့အင်္ဂလိပ်တို့ဟာ ရခိုင်ဒေသနဲ့ တနင်္သာရီ ဒေသတွေကို ရလိုက်ပါတယ်။ အဲဒီ ရရှိလိုက်တဲ့ ဒေသတွေကို သူတို့ရဲ့ အအုပ်ချုပ်ခံ နယ်မြေအဖြစ် သတ်မှတ်ပြီးတော့ ကိုလိုနီအုပ်ချုပ်ရေး အဆောက်အအုံကို တည်ဆောက်ဖို့ လိုလားခဲ့ပါတယ်။

တစ်ဖက်မှာလည်း ဥရောပတခွင်မှာ စက်မှုလုပ်ငန်းက တိုးတက်လို့ လာခဲ့ပါတယ်။ အဒီကမှ ကုန်ချောတွေကို အမြောက်အများ ထုတ်လုပ်လာကြတယ်။ ထုတ်လုပ်ပြီးတဲ့ ကုန်ချောတွေကို ရောင်းချဖို့ရာ ဈေးကွက်တွေ လိုလာပါတယ်။ တစ်ခါ ကုန်စည်ထုတ်လုပ်ဖို့ရာ အတွက် ကုန်ကြမ်းတွေရတဲ့ ဒေသတွေ လိုလာပါတယ်။

အဲဒီအချိန်မှာပဲ အင်္ဂလိပ်ဟာ စက်မှုတော်လှန်ရေးအရ ထုတ်ကုန်လုပ်ငန်း အထွတ်အထိပ်သို့ ရောက်နေခဲ့ပါတယ်။

ကုန်ထုတ်လုပ်ငန်း အထွတ်အထိပ်သို့ ရောက်နေတဲ့ နယ်ချဲ့ အင်္ဂလိပ်တွေဟာ ရခိုင်ဒေသကို သိမ်းယူချိန်မှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲလို့ ရှိနေခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရခိုင်မြို့တော် မြောက်ဦးမြို့မှာ ပင်လယ်နဲ့ အလှမ်းဝေးလှတယ်။ ကုန်တင်သင်္ဘောတွေ ဝင်ထွက်ဖို့မှာ မလွယ်လှဘူး။ ရာသီဥတုကလည်း မျှတတဲ့အခြေအနေမှာ မရှိခဲ့ဘူး။ အဲဒီလို လမ်းပန်းဆက်သွယ်မှု မလွယ်တာ ရာသီဥတုမမျှတာတို့ကြောင့် နယ်ချဲ့အင်္ဂလိပ်တွေရဲ့ စီးပွားရေး ချုပ်ကိုင်မှုမှာ ထိခိုက်နေခဲ့ရတယ်။

စစ်တွေကျွန်းဟာ ပင်လယ်ရေပြင်က ၁၅ ပေ အမြင့်မှာရှိတယ်။ ကုလားတန်မြစ်နဲ့ ဘင်္ဂလားအော်တို့ဆုံရာ ကမ်းနဖူးမှာ ရှိပါတယ်။ မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ တစ်မိနစ်နဲ့ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၅ မိနစ်မှာ တည်ရှိပါတယ်။

မိုးရေချိန်လက်မ (၂၀၀)ကျော် ရှိပါတယ်။ မြောက်ဦးမြို့ထက် အပူအအေး မျှတပါတယ်။ ပြုပြင်လုပ်ကိုင်လာပါက သင်္ဘောဆိပ်ခံကောင်း ဖြစ်လာမှာကို အင်္ဂလိပ်နယ်ချဲ့တို့က သိပြီး ဖြစ်ပါတယ်။

အဲဒီမှာ သွားရေးလာရေး လွယ်ကူလာပါမယ်။ ကုန်သန်းရောင်းဝယ်ရေး အချက်အချာ ဖြစ်လာပါမယ်။ သူတို့တွေရဲ့ ကိုလိုနီဈေးကွက်ဟာ စစ်တွေမြို့က သိပ်ကို သင့်လျော်လို့ နေခဲ့ပါတယ်။

ဥရောပတိုက်သားတွေအတွက် ကျန်းမာရေးအခြေအနေမှာ မြောက်ဦးမြို့ထက် သင့်တော်တယ်။ အဲဒီအခြေအနေ အနေအထားတွေအရ သူတို့က စစ်တွေကျွန်းကို ပြုပြင်လာကြတယ်။

၁၈၂၆ ခု နောက်ပိုင်းမှာ ရခိုင်ဒေသရဲ့မြို့တော်ဖြစ်တဲ့ မြောက်ဦးကို မြို့တော်အဖြစ် ရပ်စဲပြီးတော့ စစ်တွေကျွန်းကို ရခိုင်ဒေသရဲ့ မြို့တော်အဖြစ် ရွေးချယ်လိုက်ကြပါတော့တယ်။ ဆိုပါတယ်။

"သကြိစ်တစ်ထောင်ဖြစ် တစ်ရာရှစ်ဆယ်စွန်းဝယ် ခုနစ်ခုတည်း မာဃဖြစ်လဆန်းသာ ငါးရက်နိသည် နီထွက်တစ်ပို၍ ကျော်တွင်



မြို့ဝန်လျှင် ပတ်တင်သတ် ကတ်တင်ဟု မှတ်၊ ဒေးရှိန်သတ်နှင့် တိုင်ပင်ကြည့်ရှုလတ်၍ စစ်တွေရပ်မြစ်နားမှာ ကောင်းသည်အခါဝယ် မြို့ရာတည်လုပ်ပါလျက်...။ (ဒေးဝန်းအောင်ချော်ရှိ)

**** **** ****

စစ်တွေမြို့ဆိုတော့ စစ်တွေမြို့သား ဦးဥတ္တမကို သတိရလာခဲ့ပါတယ်။

ထင်ရှားတာက ပြည်သူ့ဦးသျှောင် လွတ်လပ်ရေးမီးရှူးတန်ဆောင် ဦးဥတ္တမဟာ နယ်ချဲ့ရဲ့ ဒိုင်အာခီအုပ်ချုပ်ရေးကို တစိုက်မတ်မတ် ဆန့်ကျင်ခဲ့ပါတယ်။

ဗြိတိသျှနယ်ချဲ့သမားတွေနဲ့ မစေ့စပ်စတမ်း အသက်ခန္ဓာကိုယ်ရှိသရွေ့ တိုက်ပွဲဝင်ခဲ့ပါတယ်။ ဖိနှိပ်ညှင်းဆဲ အမျိုးမျိုးခံပြီး ဗျူရိုကရေစီတဖြစ်လဲ ဒိုင်အာခီ အုပ်ချုပ်ရေးကို လက်မခံဖို့ရာ ပြည်ရွာအနှံ့ လှည့်လည်ဟောပြောခဲ့ပါတယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ပြည်သူ့ဆန္ဒမပါဘဲ အသေမွေးဖွားတဲ့ လျှာမွေးအုပ်ချုပ်ရေးပဲ ဖြစ်ကြောင်းကို ၁၉၂၂ ဇူလိုင်လ (၁၅၊ ၁၆) မှ ဂျီစီဘီအေအသင်းကြီးမှာ...

ဗျူရိုကရက်တစ်စနစ်တွင် အစိုးရတို့က ပြည်သူကို မတိုင်ပင်၍ သော်လည်းကောင်း၊ ပြည်သူ့ဆန္ဒကို မယူ၍သော်လည်းကောင်း၊ အစိုးရတို့ အလိုရှိရာ ပြုမူလုပ်ကိုင်နိုင်သည့် ဒိုင်အာခီစနစ်မှာ ပြည်သူ အသက်ဝိညာဉ် မရှိသော ရုပ်တို့၏ တည်ထားပြရုပ်ပြုပြီးလျှင် အစိုးရအရာရှိတို့ စီမံဆောင်ရွက်ခြင်း၌ ပြည်သူတို့အလို ထူထောင်ခွင့်ပြုသော ပရိယာယ်ဆောင်သော စည်းစနစ် ဖြစ်ချေသည်လို့ ဆိုခဲ့တယ်။

"ဒိုင်အာခီဟာ အသက်မပါဘဲ အသေဖွားသော သားနှင့်တူလေသည်။ မွန်တောဂူ ချမ့်စ်ဖို့ စီရင်ပြုလုပ်သော ဒိုင်အာခီအုပ်စိုးနည်း

www.burmeseclassic.com

www.burmeseclassic.com



စနစ်တို့သည် အင်္ဂလိပ်ပါလီမန်က ပြုပြင်ဆင်ယင်၍ ပေးလိုက်သော အခါက ယင်းအသေဖွားသော သားကဲ့သို့ အသက်ပါလာသည်မရှိ‥၊ နာမ် မရှိသော ရုပ်အလောင်းကဲ့သို့ပင် ဖြစ်ဘိ၏'' ဆိုပြီးတော့ မီးမောင်း ထိုးပြခဲ့ပါတယ်။

ဒိုင်အာခီဟာ ဒီအုပ်ချုပ်ရေးဟာ ဗြိတိသျှနယ်ချဲ့သမားများရဲ့ အကျိုးစီးပွားနဲ့ သူတို့ရဲ့ သစ္စာတော်ခံ အိန္ဒိယပဋိညာဉ်ခံဝန်ထမ်းတွေကို သာ ကာကွယ်ပေးတဲ့စနစ်ဖြစ်တယ်။

သူတို့ရဲ့ အခွင့်အာဏာ အကျိုးစီးပွား ထိခိုက်မှု မှန်သမျှကို ဘယ်သောအခါမှ ခွင့်ပြုမှာ မဟုတ်ဘူး။ ဗျူရိုကရေစီ အုပ်ချုပ်ရေးသမား တွေရဲ့ တန်ခိုးတေဇာကို ကြီးထွားအောင် လုပ်ပေးတဲ့စနစ်ပဲ ဖြစ်တယ်။

အဲဒီအခွင့်အရေးတွေကို ဘယ်နည်းနဲ့မှ ရုပ်သိမ်းသွားမှာ မဟုတ် ဘူး‥‥။

''အိန္ဒိယပဋိညာဉ်ခံ ဝန်ထမ်းအရာရှိအဖွဲ့ကိုကား မည်သည့် အခါမျှ ဆုတ်ယုတ်အောင် လုပ်လိမ့်မည်မဟုတ်။ နှောင့်ယှက်လိမ့်မည် လည်း မဟုတ်။ ထိုအဖွဲ့သည် ဗြိတိသျှအစိုးရများ၏ တေဇာတန်ခိုး ဖွံ့ဖြိုးအောင် ပြုလုပ်တဲ့ အဖွဲ့ဖြစ်ကြောင်း၊ ထိုသူတို့၏ ခံစားခွင့်များကို ပြန်၍ ရုပ်လိမ့်မည်မဟုတ်ပေ''လို့ ဆရာတော်က ရဲရဲကြီး ဖွင့်ချ ရေးသားခဲ့ပါတယ်။

လက်အောက်ခံ ကိုလိုနီနိုင်ငံဖြစ်တဲ့ အိန္ဒိယပြည်၊ မြန်မာပြည်ကို ဘယ်နည်းနဲ့မှ ဗြိတိသျှနယ်ချဲ့သမားတွေက လက်လွှတ်ပေးမှာ မဟုတ် ဘူး‥၊ နယ်ချဲ့သမားတွေက ပေးတဲ့ အုပ်ချုပ်ရေးစနစ်မှာ ဗျူရိုကရက် တွေအတွက်သာ ဖြစ်တယ် ဆိုပါတယ်။ ''အိန္ဒိယ ပဋိညာဉ်ခံ ဝန်ထမ်းတို့ ၏အဖွဲ့အတွက်သာလျှင် စီမံပေးခြင်းဖြစ်သည်။ အိန္ဒိယပြည်ကို



လွတ်လပ်ရေးပေးလို၍ မဟုတ်ကြောင်းမှာ ထင်ရှားလေသည်။ ဒိုင်အာခီ အုပ်ချုပ်ရေးမှာ အစမ်းပေးခြင်းမျှသာဖြစ်၍ ဗြိတိသျှလူမျိုးတို့၏ သဘောအလိုရှိသမျှသာလျှင် အိန္ဒိယပြည်က ခံစားနိုင်ရန် ရှိတော့သည်'' ဆိုပြီးတော့ ၁၉၂၂ ဩဂုတ်လ (၂)ရက်နေ့က ဂျူဗလီယောမှာ ပြုလုပ်တဲ့ ဂျီစီဘီအေ အစည်းအဝေးမှာ ဆရာတော် ဦးဥတ္တမက ဩဝါဒစာတမ်းမှာ ထည့်သွင်းပြောကြားထားခဲ့ပါတယ်။

တစ်ခါ ၁၉၂၂ ဇူလိုင်လ (၁၅၊ ၁၆)ရက်တွေမှာ ပြုလုပ်တဲ့ ဂျီစီဘီအေ အစည်းအဝေးကြီးမှာလည်း ဒိုင်အာခီသပိတ်တရားအဖြစ် ဆရာတော်က‥‥

''ပုလိပ်ဌာန၊ အစိုးရရာထူးခန့်ထားရေးဌာန၊ တရားရာဇဝတ် ရေးဌာနတို့ကို အစိုးရလက်ရှိ ထား၍ (ရီဇာဗဆဗ္ဗဂျက်)ခေါ် သီးသန့်ခွဲခြား ထားသော ဌာနများ၌ ပါဝင်နေသမျှ ကာလပတ်လုံး ပြည်သူတို့အား တာဝန်ခွဲဝေပေးရန် စီမံစေခြင်းသည် အထမမြောက် မအောင်မြင်နိုင် တာဝန်လွှဲပေးရာ ကျ၍ ပြည်သူတို့၏ လွတ်လပ်ချမ်းသာရေး မတိုးတက် နိုင်ဘဲ ရှိနေလိမ့်မည်။

အဲဒါကြောင့် ပြည်သူတို့၏ အကျိုးမပါသော နယ်ချဲ့သမားများ၏ အကျိုးကို ကာကွယ်သော ဗျူရိုကရက်တို့ရဲ့ အခွင့်အရေးကို ကာကွယ် ပေးသော ဒိုင်အာခီအုပ်ချုပ်ရေးကို လက်မခံဖို့ပဲ ဖြစ်တယ်။ ကိုယ်ပိုင် အုပ်ချုပ်ရေး (ဟုမ်းရူး)ကိုသာ ယူရန်ဖြစ်တဲ့ ဒိုင်အာခီမင်းတိုင်ပင် အမတ်ရွေးပွဲမှာ ပါဝင်ဆောင်ရွက်တာ၊ ဆန္ဒမဲပေးတာ တွေများ မပြု လုပ်ဖို့'' ဖိနှိပ်အုပ်ချုပ်ရေးမှုများကြားမှ ပြည်သူ့ရှေ့ဆောင် ဆရာတော် ဦးဥတ္တမဟာ မကြောက်မရွံ့ ပြည်သူလူထုကို တိုက်တွန်းနှိုးဆော် ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၂၂ ခု၊ နိုဝင်ဘာလ (၉)ရက် သရက်မြို့မှာ ကျင်းပတဲ့ ဒသမအကြိမ်မြောက် ဂျီစီဘီအေ ညီလာခံမှာ ဆရာတော်က "မြန်မာပြည်ရှိ လူဦးရေတစ်ရာလျှင် ၉၀ မျှတို့က ဒိုင်အာခီအမတ် ရွေးကောက်ပွဲတွင် တစ်စုံတစ်ရာ ဝင်စွက်လျက် ဆန္ဒမဲပေးခြင်း၊ အမတ်အဖြစ်နှင့် ရွေးကောက်ခြင်းတို့ကို မပြုလုပ်ကြကြောင်းဖြင့် ဆုံးဖြတ်ကြပြီး ဖြစ်၍ ထိုအမတ်ရွေးကောက်ပွဲသို့ မဝင်မပါ မဆောင်ရွက်ကြစေရန် ဟောပြောနှိုးဆော်ပါဟု ဦးပဉ္ဇင်းဟာ မေတ္တာရပ်ခံပါသည်"လို့ တွေ့ရပါတယ်။

ပြီးတော့...

"စိတ်ဝမ်းမကွဲ ကျောက်သံခဲ သံတိုင်ကဲ့သို့ ကျင့်ယူဆောင်ရွက်၍ လာခဲ့ကြသည့်အတွက် တစ်ကမ္ဘာလုံးရှိ ဗိုလ်ခြေအပေါင်းတို့က အံ့သြမကုန်နိုင်ဘဲ ရှိကြလေပြီ။ ဤကဲ့သို့ ကြံ့ခိုင်တည်ကြည်နိုင်ကြခြင်းမှာ "သမဂ္ဂါနံ တပေါသုခေါ"ဟု ဆိုအပ်သည့် စည်းလုံးညီညွတ်ခြင်းတည်းဟူသော သမ္မာသမ္ဗိသာ၏ သုခပင်တည်း" ဆိုပြီးတော့ ပြည်သူတို့ရဲ့ အောင်ပွဲကို ဒိုင်အာခီ ၁၉၂၂ ခု ဇူလိုင် (၁၅၊ ၁၆)ရက်မှာ ပြုလုပ်တဲ့ အစည်းအဝေးမှာ ဟောခဲ့တာပါ...။

တစ်ခါ...

အစိုးရဆိုတာ မည်မျှပင် ရက်စက်စေကာမူ ပြည်သူတို့၏ တစ်လုံးတစ်စည်းတည်း ပေါင်းစည်း ကြံစည်၍ လွတ်လပ်ရေး ရှာကြတော့မည် ဟူသော အဓိဋ္ဌာန်ဖြင့် လုပ်ကြံခြင်းကို တာရှည်မှာ မခံမရပ်တည်နိုင် ဖြစ်ချေသည်လည်း ဆိုခဲ့ပါတယ်။။

တစ်ခါ "လွတ်လပ်ရေးအောင်ဆုကို ရနိုင်ရန် အခြေသည် ဒါယကာ ဒါယကာမတို့၏ လက်တွင်း၌ပင် ရှိလေသည်။ ဒူးပဆစ်တုပ်၍ လက်စုံမိုးလျက် ရှိခိုးပန်ထွာ တောင်းဆိုရသည် မဟုတ်။ ထိုသို့ ခယ



တောင်းဆိုခြင်းဖြင့်လည်း မရနိုင်ပေ" ဆိုခဲ့ပါတယ်။

သို့နှင့် ၁၉၂၃ ဇန်နဝါရီလ (၂)ရက်နေ့မှာ စတင်ခဲ့တဲ့ ဒိုင်အာခီ အုပ်ချုပ်ရေးကို ၁၉၃၇ ဧပြီလ (၁)ရက်နေ့မှာ ရုတ်သိမ်းခဲ့ရပါတယ်။

ဒါဟာ ၁၅ နှစ်တိုင်အောင် ပြည်သူတို့နဲ့အတူ တိုက်ပွဲဝင်ခဲ့တဲ့ မပူးပေါင်းရေးမူဝါဒ အောင်မြင်မှုပဲ ဖြစ်ပါတယ်။

၁၉၁၇မှ ၁၉၃၇ အထိ နှစ်ပေါင်း (၂၀)အတွင်း မြန်မာ့သမိုင်းဖြစ်စဉ်မှာ ဆရာတော့် လှုပ်ရှားမှုနဲ့ ဆက်စပ်နေခဲ့တာပဲ ဖြစ်ပါတယ်။

အမှောင်တွင်း ကျရောက်နေခဲ့တဲ့ မြန်မာပြည်သူတွေကို လွတ်လပ်ရေးလမ်းစ ဖော်ပေးခဲ့တယ်။ ဆရာတော်ရဲ့ အရှိန်အဟုန်ကြောင့် ငါးပွင့်ဆိုင်အဖွဲ့ဟာ မင်းတိုင်ပင်အမတ် (၄၅)ဦးကို ရရှိခဲ့တယ်။ ဒိုင်အာခီ ဥပဒေပြုလွှတ်တော် မင်းတိုင်ပင် အစည်းအဝေးမှာ အင်အားအရှိဆုံး ဖြစ်ခဲ့ပါတယ်။

ဒါပေမဲ့ ဆရာတော်ကို အဲဒီအဖွဲ့ဝင်တွေဟာ စွန့်ခွာခဲ့ကြပါတယ်။ လျစ်လျူရှုခဲ့ကြပါတယ်။ ဒါပေမဲ့ ဆရာတော် မတုန်လှုပ်ခဲ့ပါ။ ဆင်းရဲဒုက္ခခံပြီး ၁၉၃၉ ခု စက်တင်ဘာလ (၆)ရက်နေ့မှာ ဆီးချိုရောဂါနဲ့ ရန်ကုန်ဆေးရုံကြီးမှာ ပျံလွန်တော် မူခဲ့ပါတယ်။ ဆရာတော်ကို စစ်တွေမြို့ ရှုပရပ်မှာ ကုန်သည်ဦးမြနဲ့ ဒေါ်အောင်ကျော်သူတို့မှ ၁၂၄၁ ခု ပြာသိုလ လပြည့်ကျော်တစ်ရက် တနင်္ဂနွေနေ့မှာ မွေးဖွားခဲ့ပါတယ်။

၁၉၂၁ မှာပဲ ဖြစ်ပါတယ်။ မတ်လ (၇)ရက်နေ့မှာ တရားဟောပြီး ဦးဝေပုလ္လကိုယ်တော်နဲ့အတူ ကျောင်းကုန်းမြို့သို့ မတ်လ (၈)ရက်နေ့မှာ ရောက်ခဲ့တယ်။ မတ်လ (၁၀)ရက်နေ့ တရားဟောနေစဉ် ဖျာပုံစီရင်စုဒေသရဲ့ မြို့အပိုင် ဆူးကလပ်ရွာကြီးမှာ တရားဟောခဲ့စဉ်က ဟောပြောတဲ့ အချက်အလက်တွေ ပါရှိတယ်လို့ ဆိုပြီးတော့ ဖျာပုံ

www.burmeseclassic.com

www.burmeseclassic.com



အရေးပိုင်က ပုဒ်မ ၁၂၄ (က)အရ ဖမ်းဆီးခဲ့တယ်။ အဲဒီလို ဖမ်းဆီးပြီးတော့ ဖျာပုံသို့ ပို့တယ်။ အဲဒီကတစ်ဆင့် မအူပင်မြို့ စက်ရှင် တရားသူကြီး ဦးဘိုးလှရဲ့ရုံးမှာ စစ်ဆေးပြီးတော့ ပုဒ်မ ၁၂၄ (က) အရ ပြစ်မှုထင်ရှားတာကြောင့် အလုပ်ကြမ်းနဲ့ ထောင်ဒဏ် (၃)နှစ် အပြစ်ပေးခဲ့တယ်။

အဲဒီလို ဦးဥတ္တမကဲ့သို့ မိမိတိုင်းပြည်နဲ့ နိုင်ငံအကျိုးကို ဆောင်ရွက်နေသူတစ်ဦးကို နိုင်ငံရေးနဲ့ ထောင်ဒဏ်ချတာ မြန်မာပြည်မှာ ပထမဆုံးဘဲ ဖြစ်ခဲ့ပါတယ်။

တစ်ခါ ၁၉၂၂ ဇူလိုင်လ (၂၉)ရက်နေ့မှာ မန္တလေးသို့ ကြွလာခဲ့ပါတယ်။ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေးတရား ဟောခဲ့ပါတယ်။

အဲဒီနောက် ဥရောပနိုင်ငံတွေသို့ ကြွရောက်ခဲ့ပါတယ်။ ၁၉၂၄ ခုနှစ်မှာ မြန်မာနိုင်ငံသို့ ပြန်လာခဲ့ပါတယ်။ ဩဂုတ်လ (၁၆)ရက်နေ့မှာ မန္တလေးမြို့သို့ တရားဟောရန် ကြွတယ်။ ၂၁ ဦးအဖွဲ့တို့က နှောင့်ယှက်ပြီးတော့ ရဲအစောင့်နဲ့ ရန်ကုန်ပြန်လည်ကြွခဲ့ရတယ်။ (၂၁)ဦးတို့ နှောင့်ယှက်ပြီးတော့ ရဲအစောင့်နဲ့ပဲ ရန်ကုန်အရောက် ပြန်ခဲ့ရတယ်။

ဒီ(၂၁)ဦးတို့ နှောင့်ယှက်ပြီးတော့ ရဲအစောင့်နဲ့ ရန်ကုန်ပြန်ခဲ့ရတော့ ရန်ကုန်မြို့ လမ်းမတော်မှာ မြို့လုံးကျွတ် အစည်းအဝေး ခေါ်ပြီး အင်္ဂလိပ်အစိုးရ ဆန့်ကျင်ရေးတရား ဟောရာ ဟောပြီး (၇)ရက်အတွင်းမှာ ဒုတိယအကြိမ် အဖမ်းခံရပြီး ထောင်ဒဏ် (၃)နှစ် ကျခံခဲ့ရပြန်ပါတယ်။

"သူ့ကျွန်ဘဝသို့ ရောက်ရှိနေကြသော တိုင်းရင်းသား မြန်မာလူမျိုးများ၏ ကြီးပွားချမ်းသာရေး စီးပွားတိုးတက်ရေး ကျန်းမာပျော်ရွှင်ရေး လူစည်မီ ဂုဏ်တန်းစေ့ အသက်ရှင်နိုင်ရေးတို့အတွက် တိုင်းပြည်



တကယ် လွတ်လပ်ရေးရမှသာလျှင် အလိုရှိအပ် တောင့်တအပ်သောလိုအင်ဆန္ဒပြည့်ဝနိုင်လိမ့်မည်ဖြစ်ကြောင်း ထို့ကြောင့် တိုင်းပြည်လွတ်လပ်ရေးရရာရကြောင်း အလုပ်ကို ပထမဦးဆုံး ညီညီညွတ်ညွတ်စုပေါင်းလုပ်သင့်ကြောင်း…"

ရဲရဲတောက်တရားတွေ ဟောပြောခဲ့ပါတယ်။ တစ်ခါ ဆရာတော်က "တိုင်းတစ်ပါးသား လူမျိုးခြားတို့၏ လက်အောက်ကျွန်သဘောက်ဘဝ ရောက်နေရသမျှ ကာလပတ်လုံး နိဗ္ဗာန်ကိုလည်း ဖြောင့်ဖြောင့်တန်းတန်း မျက်မှောင်မပြုနိုင်။ သူတော်ကောင်းတရားကိုလည်း အေးအေးချမ်းချမ်း အားမထုတ်နိုင် သာသနာတော်၏ အရိပ်ဟူသည်လည်း ဘယ်လိုမှမရှိနိုင်။ ထို့ကြောင့် သံဃာနှင့်လူ ဘယ်အခါမှ ခွဲခြားထား၍ မရ‥ သာသနာတော်ကြီး တကယ်စည်ပင်ပြန့်ပွားတိုးတက်စေလိုလျှင် ထာဝရ အတူတကွ ပူးတွဲ၍ တိုင်းပြည်ကြီး လွတ်လပ်အောင် ပထမဆုံး အပင်ပန်းခံ အနစ်နာခံကာ ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ခြင်းသည် သာသနာ့ဝန်ထမ်း ရဟန်းတော်များ အဖို့ လောလောဆယ် အရာရာတို့ထက် အရေးတကာ့ အရေးအကြီးဆုံး ဖြစ်သည်" ဟု ကြိုးကြောင်းညွှန်ပြ တိုက်တွန်းခဲ့ပါတယ်။

"ရခိုင်ပြည်သား ဆရာတော် ဦးဥတ္တမသည် ကျွန်တစ်ခေတ်က ကျွန်တော်တို့ တစ်မျိုးသားလုံး တစ်နိုင်ငံလုံးအတွက် ရဲဝံ့စွာ လုပ်ကိုင်ဆောင်ရွက်ခဲ့သော ဂုဏ်ကျေးဇူးကို ယနေ့ပမာ အမျိုးသားတိုင်းက သိခြင်း နှလုံးသွင်းခြင်း အောက်မေ့ခြင်းတို့သည်ပင်လျှင် ဘုရားဟောကတညုတာ ကတဝေဒီမင်္ဂလာတရားတော်ကို အောက်မေ့ရာ ရောက်သည်"

(ဦးခန့် (ပန်းတနော်) ရေး ၁၉၆၀ ခု၊ ဇူလိုင်လထုတ် မြဝတီ

www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂဇင်းပါ ရခိုင်ပြည်သား အမျိုးသားခေါင်းဆောင်ကြီး ဆောင်းပါးမှ..)

မြန်မာတို့ရဲ့ သမိုင်းကြောင်းမှာ ပေါ်ပေါက်ထင်ရှားခဲ့တဲ့ မျိုးချစ်အာဇာနည်သူရဲကောင်းကြီးတွေ (၁) ရန်ကြီးအောင်၊ ကုန်းဘောင်စ၊ ဘိုးတော်ဒေသဆိုတဲ့အတိုင်း မြန်မာပြည်ကြီးကို တတိယအကြိမ် အထွတ်အထိပ်သို့ ရောက်စေလျက် ကုန်းဘောင်မင်းဆက်ကို စတင်တည်ထောင်သူ ဦးအောင်ဇေယျ (၂) မြန်မာတို့ ကျွန်တွင်းနစ်မွန်း မျောပါနေစဉ် တော်လှန်ရေးစိတ်ဓာတ်ကို ထကြွလေအောင် စတင်နှိုးဆွလိုက်တဲ့ ဆရာတော် ဦးဥတ္တမနဲ့ (၃) ဆရာတော် ကမ်းလှမ်းပေးအပ်လိုက်တဲ့ တော်လှန်ရေး မီးရှူးမီးတိုင်ကြီးကို ကိုင်ဆောင်ပြီးတော့ နယ်ချဲ့ အင်္ဂလိပ်တို့ရဲ့ ကိုလိုနီ ဗိမာန်ကြီးကို ပြာကျအောင် ရှို့မြှိုက်လိုက်တဲ့ မြန်မာ့လွတ်လပ်ရေးကို အရယူပေးခဲ့တဲ့ ရဲဘော်သုံးကျိပ်တို့ရဲ့ ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း ဒီသုံးဦးတို့ ပါဝင်ခဲ့ကြပါတယ်။

“တက္ကသိုလ်ကျောင်းတိုက်၌ တက္ကသိုလ်သမဂ္ဂ အိုးဝေမဂ္ဂဇင်း စာတည်းအဖြစ် လုပ်ကိုင်နေစဉ် ဦးဥတ္တမကိုယ်တော်၏ ဟောပြောချက်များကို ကြားနာရ၏။ အသိဉာဏ်တစ်ခုသည်လည်း ကျွန်ုပ်၏ ဦးနှောက်တွင် ပွင့်လင်းလာ၏။ ထို့ကြောင့် သမဂ္ဂ ကြေညာချက်တွင်လည်းကောင်း၊ အိုးဝေမဂ္ဂဇင်းတွင်လည်းကောင်း၊ နိုင်ငံတော်ပညာသင်များအား အနောက်နိုင်ငံသို့ လွှတ်ရိုးလွှတ်စဉ်အတိုင်း မလွှတ်ဘဲ အရှေ့အာရှ ဂျပန်နိုင်ငံသို့သာ လွှတ်သင့်ကြောင်း၊ အရှေ့သို့ ရှေးရှုသင့်ပြီဖြစ်ကြောင်းများကို ရေးသားခဲ့ဖူး၏။ ဗမာ့လွတ်လပ်ရေးသည် အရှေ့ဘက်တွင်သာ ရှိ၏။ အရှေ့ရှိ နိပ္ပွန်တို့နှင့်သာ ဆိုင်၏ဟူသော အချက်ကို ကျွန်ုပ်များစွာ ယုံကြည်နှလုံးသွင်းမိခဲ့လေ၏”

အဲဒီလို ဗိုလ်ချုပ်အောင်ဆန်းဟာ ဂျပန်ခေတ် ၁၉၄၃ ခုနှစ်၊



ဩဂုတ်လ (၃)ရက် လွတ်လပ်ရေးနေ့အထူး အထူးထုတ်တဲ့ ဗမာ့ခေတ်သတင်းစာမှာ ရေးသားခဲ့ပါတယ်။

“ယင်းရေးသားချက်ကို ထောက်ရှုခြင်းအားဖြင့် မြန်မာ့လွတ်လပ်ရေးကို ကြိုးပမ်းရန် ဗိုလ်ချုပ်အောင်ဆန်းအား လှုံ့ဆော်မှုမှာ ထင်ရှားလှပေသည်။ ထို့ကြောင့် ဆရာတော်သည် တော်လှန်ရေး မီးရှူးမီးတိုင်ကြီးကို ဗိုလ်ချုပ် လက်သို့ ကမ်းလှမ်း ပေးကမ်းလိုက်သည်ဟူ၍ ဆိုသင့်ဆိုထိုက်သဖြင့် ဆိုလိုက်ခြင်းဖြစ်၏”

(မိုးကြိုးဦးအုန်းခင်ရေး မြန်မာပြည် ဇာတ်လမ်းရှုပ်သမျှစာအုပ်မှ)

“ဤသို့ဖြင့် ဆရာတော်ဦးဥတ္တမကိုယ်တော်ကြီးကို ဗမာတစ်မျိုးသားလုံး၏ ကျေးဇူးရှင်ကြီးဟုလည်းကောင်း၊ ကိုလိုနီဆန့်ကျင်ရေး တစ်ဦး၏ အကြီးအမှူးစစ်သူကြီးဟုလည်းကောင်း၊ ဗမာ့လွတ်လပ်ရေး၏ မီးရှူးတန်ဆောင်ဟုလည်းကောင်း၊ မျိုးချစ်အာဇာနည် ဗမာ့သားကောင်းသားမြတ်တစ်ဦးအဖြစ်လည်းကောင်း၊ ဗမာ့နိုင်ငံရေး ခေါင်းဆောင်စာရင်းဝင်အမှတ် (၁) ပုဂ္ဂိုလ်ကြီးဟုလည်းကောင်း၊ မြောက်များစွာသော ဂုဏ်ထူးဝိသေသက အပေါင်းတို့ကို ခံယူထိုက်အောင် တစ်သက်တာပတ်လုံး ကိုယ်ကျိုးစွန့်လွှတ်၍ အနစ်နာ အပင်ပန်းခံကာ တိုင်းပြည်နှင့်လူမျိုးအတွက် စွန့်စားကြိုးပမ်းခဲ့မှုကြောင့် ကိုလိုနီခေတ်ဦး ဗမာ့နိုင်ငံရေးသမိုင်းတွင် ပထမဆုံး စာမျက်နှာမှ ထိုက်ထိုက်တန်တန် ထည့်သွင်းအသိအမှတ်ပြု၍ မော်ကွန်းထိုးခဲ့ရသည် မဟုတ်ပါလော..”

***(သခင်လွင်ရေး ဦးဥတ္တမလေတံခွန်စင် စာအုပ်)မှ***

တစ်ခါ...

“ဆရာတော် အရှင်ဦးဥတ္တမ ကိုယ်တော်ကြီးအား နယ်ချဲ့

www.burmeseclassic.com

www.burmeseclassic.com



သမားက ဖမ်းဆီးထောင်ချလိုက်ခြင်းကို အကြောင်းပြု၍ မြန်မာ့နိုင်ငံရေးကို သံဃာတော် လူပါ စိတ်အားထက်သန်စွာ ဆောင်ရွက်ခဲ့ကြသည်။ သံဃာသမဂ္ဂအဖွဲ့များကို ဖွဲ့ကြသည်။ ထိုမှတစ်ဆင့် မဟာသံဃာသမဂ္ဂ အဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းထူထောင်ခဲ့ကြသည်။ အမျိုးသမီး ကုမ္မာရီအဖွဲ့များလည်း ရာနှင့်ထောင်နှင့် ချီ၍ မြို့တိုင်းရပ်တိုင်း မှိုလိုပင် ပေါ်ပေါက်လာခဲ့လေသည်။ ရန်ကုန်ပုလိပ်မင်းကြီး အမိန့်ထုတ်ထားသည့်ကြားမှပင် ဆရာတော်အား ဖမ်းဆီးထောင်ချမှုကို ဆူပူကန့်ကွက်ခဲ့ကြသည်။ ထိုသို့ တစ်မျိုးသားလုံး အုံကြွလာခြင်းသည်ပင် ဆရာတော်၏ စေ့ဆော်ချက် လှုံ့ဆော်မှုအောင်ပွဲပင်တည်း…”

(ရခိုင်ကြေးမုံမှတ်စဉ်မှ)

“မြန်မာပြည်သူတို့၏ နိုင်ငံရေး အနိုးကြားဆုံးကာလ ၁၉၂၀-၂၁-၂၂ ခု အတွင်းမှာပင် ဆရာတော်အား ထောင်မှ လွှတ်ပေးခဲ့ရသည်။ စာရိတ္တကောင်း၍ဟု အကြောင်းပြကာ ထောင်မှလွှတ်ပေးခဲ့ရသည်။ တကယ့်တကယ်အားဖြင့်မူ ပြည်သူတို့၏ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲအရှိန်ဖြင့် လာ၍သာ ဆရာတော်အား လွှတ်ပေးရခြင်းဖြစ်သည်”

(၄င်းစာ ၂၉)မှ

“အမှောင်အတိပြည့်နေသည်ဟု ပြောဆိုမြည်တွန်နေခြင်းထက် သင်ကိုယ်တိုင်က ဖယောင်းတိုင် တစ်တိုင် ထွန်းညှိပေးဖို့ ကောင်းပေသည်…”

(တွန်ဖြူးရှဉ်)

ပထွေးဟာ ဘယ့်နှယ်အဖေရင်းဖြစ်နိုင်ပါ့မလဲ…
လူမျိုးခြားဟာ လူမျိုးခြားပါပဲ… နယ်ချဲ့ဟာ နယ်ချဲ့ပါဘဲ…
သူတို့ရဲ့ နန်းဇာတိဟာ ဖော်စမြဲပါ…
ခုလဲ ရခိုင်မှာ သူတို့ဇာတိ ပေါ်ခဲ့ပါပြီ… ဒီလိုပါ…



နယ်ချဲ့အင်္ဂလိပ်တွေဟာ စီးပွားရေး ပညာရေးနဲ့ လမ်းပန်းဆက်သွယ်ရေးတွေကိုလည်း အရင်းရှင်ပုံစံအတိုင်း တည်ဆောက်လိုက်တယ်။

တစ်ချိန်တည်းမှာ လူတန်းစား ပြဿနာ ပေါ်လာတယ်။ တစ်ဖက်က အရင်းရှင်လူတန်းစား။ လက်စေခံလူတန်းစားနဲ့ ဗျူရိုကရက်တွေ။ အခြားတစ်ဖက်မှာတော့ အဖိနှိပ်ခံတွေနဲ့ မျိုးချစ်အင်အားစုတွေ ဖြစ်တယ်။ ဖိနှိပ်မှုတွေကို တွန်းလှန်ကြတယ်။

နယ်ချဲ့သမားတွေကို ရွံရှာမုန်းတီးတယ်။ ဒီလိုနဲ့ (ယခင်ရခိုင်တိုင်း)မှာ နယ်ချဲ့အင်္ဂလိပ်တွေဟာ အရှင်းရှင်စီးပွားရေး စနစ်ကို အခြေခံချမိတာနဲ့ တစ်ချိန်တည်းမှာပဲ မင်းသားကြီးရွှေဘန်း၊ ဒေးဝန်းကြီးအောင်ကျော်ရွှီ၊ မြို့သူကြီးအောင်ကျော်ဇံ စတဲ့မျိုးချစ်အာဇာနည်ကြီးတွေဟာ နယ်ချဲ့သမားတွေကို တော်လှန်ကြတယ်။

အဲဒီပုဂ္ဂိုလ်တွေဟာ ရခိုင်ဒေသရဲ့ ဗွေဦးက တော်လှန်ရေးသမားတွေ ဖြစ်ကြတယ်။

တော်လှန်ရေးခေါင်းဆောင်မင်းသားကြီး ရွှေဘန်းရဲ့အဖမှာ အင်းဝသို့ သုံ့ပန်းအဖြစ်နဲ့ ခေါ်ဆောင်တာ ခံခဲ့ရသူဖြစ်ပါတယ်။

မင်းသားကြီးမှာလည်း အင်းဝသို့ ပါခဲ့ရသူပဲဖြစ်ပါတယ်။ ဒေးဝန်းကြီးအောင်ကျော်ရွှီမှာ ဗိုလ်ချုပ်ဗန္ဓုလရဲ့ယောက်ဖတော်သူ ဖြစ်ပါတယ်။

သူတို့တွေဟာ တစ်ချိန်က အင်္ဂလိပ်တွေထံမှာ အစိုးရအမှုထမ်းခဲ့ကြသူတွေပဲ ဖြစ်ကြပါတယ်။

စစ်တွေမြို့ရဲ့ မယုလမ်းမကြီးရှိ ဆိတ်တိုက်ညောင်ပင်စခန်းကို အဲဒီပုဂ္ဂိုလ်တို့က တော်လှန်ရေးရဲ့ လျှို့ဝှက်စခန်းအဖြစ် အသုံးပြုခဲ့ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီစခန်းက နယ်ချဲ့အင်္ဂလိပ်တွေကို ၁၈၂၇ ကမှ စပြီးတော့ တော်လှန်ခဲ့ကြတယ်။ ၁၈၃၆ ခုအထိ (၉)နှစ်ခန့်ကြာ တော်လှန်ရေးကို ဆင်နွှဲခဲ့ကြပါတယ်။

သစ္စာဖောက်တစ်ဦးရဲ့လက်ချက်ကြောင့် တော်လှန်ရေးဆုံးရှုံးခဲ့ရတယ်။ မျိုးချစ်အာဇာနည်တွေရဲ့ တော်လှန်ရေးလုပ်ရပ်တွေကို သေးသိမ်မှု ဖြစ်စေဖို့ရာအတွက် နယ်ချဲ့သမားတွေက။ ရက်စက်ကြမ်းကြုတ်သူတွေ၊ အသရေမရှိသူတွေအဖြစ် အဲဒီပုဂ္ဂိုလ်တွေကို မှတ်တမ်း တင်ထားခဲ့ကြပါတယ်။

ဒါပေမဲ့ အဲဒီမျိုးချစ်တွေတို့ကတော့ ဒီလို မဟုတ်ပါဘူး။ အမျိုးကို ချစ်တယ်။ သူ့ကျွန်မခံလိုကြပါဘူး။ သစ္စာဖောက်တွေကို ကမ္ဘာအဆက်ဆက်တိုင် မကျေချမ်းခဲ့ကြပါဘူး။ ဒါတွေကို အာဇာနည်ပုဂ္ဂိုလ်တွေရဲ့ လက်ရာတွေအဖြစ် သွေးမော်ကွန်းရတုတွေက သက်သေထူခဲ့ကြပါတယ်။

အဲဒီနောက်မှာတော့ ရခိုင်ဒေသမှာ နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းတွေ ဆက်တိုက်ပေါ်ခဲ့ပါတယ်။ ၁၈၇၀-၇၁ ခုနှစ်မှာ ဦးမောင်ဖြူ ၁၈၈၈ ခုနှစ်မှာ မောင်တင်နဲ့ ဗိုလ်ငတို့ဟာ မြောက်ဦးမြို့နယ်က အင်္ဂလိပ်တွေကို တော်လှန်ခဲ့ကြတယ်။ ၁၈၉၀ ခုမှာ ရသေ့တောင်ကျောက်တော် မြောက်ဦးမြို့နယ်တွေမှာတော့ ဦးကြာထွန်း၊ ဦးရွှေလှ၊ ဗိုလ်လာဘ၊ ဗိုလ်ကျော်ဝတို့က တဖန် တော်လှန်ခဲ့ကြပြန်ပါတယ်။

သူတို့ကိုလည်း လူဆိုးသူခိုးဆိုပြီးတော့ နယ်ချဲ့အင်္ဂလိပ်တွေဟာ မှတ်တမ်းတင်ထားခဲ့ကြပါတယ်။ ဒါပေမဲ့ သူတို့လုပ်ရပ်တွေက ဘာဆိုတာ သက်သေခံခဲ့ကြတာပဲ မဟုတ်ပါလား…။

ဦးချင်းဖော်နဲ့ သားဖြစ်သူ ဦးဖော်အောင်တို့ဟာလည်း ၁၈၉၁



ခု စက်တင်ဘာလလောက်က စပြီးတော့ မယူကမ်းခြေ မင်္ဂလာကြီးတောင် မြေအောက်စခန်းကနေပြီးတော့ နယ်ချဲ့သမားတွေကို တော်လှန်ခဲ့ကြပါတယ်။

ဦးချင်းဖော်မှာ ဂူတောင်ရွာရဲ့ သုံးဆယ်မြောက်ဖြစ်တဲ့ ကျွန်းအုပ်ကြီးပဲ ဖြစ်ပါတယ်။

ဦးဖော်အောင်ကို စစ်တွေမြို့မှာ ပညာသင်ကြားစေခဲ့ပါတယ်။ (၇)နှစ်အတွင်းမှာ (၇)တန်းကို အောင်မြင်ခဲ့ပါတယ်လို့ ဆိုပါတယ်။ သူဟာ ငယ်စဉ်ကတည်းကပဲ စာပေကျမ်းဂန်နဲ့ ရခိုင်ရာဇဝင် အစောင်စောင်ကို လေ့လာဖူးသူ ဖြစ်တာနဲ့အညီ နယ်ချဲ့အင်္ဂလိပ်ကို မုန်းတီးခဲ့သူ ဖြစ်ပါတယ်။

ဦးချင်းဖော်နဲ့ သားဖြစ်သူ ဦးဖော်အောင်တို့ရဲ့ တော်လှန်ရေးလုပ်ငန်းဟာ အင်္ဂလိပ်တွေကို အကြီးအကျယ် တုန်လှုပ်စေခဲ့ပါတယ်။ ၁၈၉၂ ခု၊ ဖေဖော်ဝါရီလမှာ မျိုးချစ်အာဇာနည်နှစ်ဦးကို ဖမ်းဆီးမိခဲ့ကြပါတယ်။

စစ်တွေအကျဉ်းထောင်မှာ ချုပ်နှောင်ထားခဲ့ပါတယ်။ အချုပ်နှောင်ခံထားရစဉ်မှာ စစ်တွေထောင် ထောင်ထမှု ဖြစ်ပွားခဲ့ပါတယ်။

အင်္ဂလိပ်လူမျိုး ထောင်မှူးတစ်ဦး သေဆုံးခဲ့ပါတယ်။ သက်ဆိုင်ရာ အာဏာပိုင်တွေက ရုန်းရင်းဆန်ခတ်မှုကို သေနတ်နဲ့ ပစ်ပြီး နှိမ်နင်းခဲ့ရပါတယ်။ ဒါကြောင့် လူအများအပြား သေဆုံးရတဲ့ အမှုမှာ‥ ဦးဖော်အောင်က သူနဲ့သာဆိုင်တယ်ဆိုပြီး ပေးတဲ့အပြစ်ခံယူပါတယ်။

ဒါပေမဲ့ နယ်ချဲ့ဆန့်ကျင်ရေး အရှိန်ဟာ ရခိုင်ဒေသမှာ ငြိမ်းခဲ့တယ်ရယ်လို့ မရှိခဲ့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ မြန်မာတစ်ပြည်လုံး နယ်ချဲ့လက်အောက် ကျရောက်တဲ့ အခါ ပြည်ထောင်စုတိုင်းရင်းသား စည်းလုံးရေးကို အလေးပေးခဲ့တဲ့ ဆရာတော် ဦးဥတ္တမမှာ စစ်တွေမြို့မှာ မွေးဖွားခဲ့ပေမယ့် အနေနည်းခဲ့ ပါတယ်။ သူဟာ နိုင်ငံခြားမြို့ကြီးတွေသို့ သွားရောက်လေ့လာမှုတွေ များခဲ့ရတယ်။ မျိုးချစ်စိတ် ပြင်းပြအောင် မြန်မာတစ်နိုင်ငံလုံးကို အမြဲ လှုံ့ဆော်နေခဲ့ရတယ်။ ဘဝနတ်ထံ ပျံလွန်တော်မူတဲ့ထိပဲ…။

မြို့ကြီးပြကြီးတွေနဲ့ ကမ္ဘာ့အနှံ့ ရောက်ပေမယ့် မိမိဒေသ ကိုယ့်ဇာတိတော့ သူမမေ့ခဲ့ပါဘူး… ဆရာတော်ကို အင်္ဂလိပ်တစ်ဦးက "ဘယ်ဒေသမှာ နေရတာ အပျော်ဆုံးလဲ ဘယ်အရာဟာ အကောင်းဆုံး လဲ" မေးခဲ့ပါတယ်။ ဒီတော့ ဆရာတော်က "စစ်တွေမြို့ ရှုစ္စာချောင်း နားတန်းမှာ နေရတာ အပျော်ဆုံးဖြစ်တယ်။ ဆာနေတဲ့အခါ စားရတဲ့ အစာဟာ အကောင်းဆုံး ဖြစ်တယ်" ဖြေခဲ့ပါတယ်လို့ ဖတ်မှတ်ခဲ့ပါတယ်။

အဲဒီလို စစ်တွေမြို့ ရှုပစ္စာချောင်းနားတန်းကို ပျော်စရာ အကောင်းဆုံးလို့ ဆိုလိုက်တာဟာ ဆရာတော်ဟာ ဒေသစွဲနဲ့ ဖြေကြား တာ မဟုတ်ပါဘူး။ မိမိရဲ့ ဘဝနဲ့ မွေးရပ်မြေကို မမေ့ကြောင်းကို ဖော်ထုတ်ခဲ့တာပဲ ဖြစ်ပါတယ်။

ပြီး… ဦးမဲအောင်၊ ဦးစိန်လှအောင်တို့ဟာလဲ ဆရာတော်နဲ့အတူ တစ်ချိန်တည်းမှာ နယ်ချဲ့ဆန့်ကျင်ရေးကို လုပ်ကိုင်လာခဲ့ကြပါတယ်။

ဖက်ဆစ်တော်လှန်ရေးလုပ်ငန်းကို မြန်မာပြည်မှာထက် အချိန်စော လုပ်ကိုင်ခဲ့ကြတယ်။

ဖက်ဆစ်ဂျပန်တွေရဲ့ ရက်စက်မှုတွေဟာ ရခိုင်လူငယ်တွေရဲ့ အမျိုးသား လွတ်မြောက်ရေးအတွက် စိတ်ဓာတ်ကို တက်ကြွစေခဲ့ပါ တယ်။ ဒါကြောင့် ပြောင်မြောက်ခဲ့ကြပါတယ်။



၁၉၄၃ ခုလောက်မှာတော့ ဖက်ဆစ်ဂျပန်တွေဟာ မဟာမိတ် အသွင်နဲ့ တန်ပြန်ထိုးစစ် ဆင်လာခဲ့ပါတယ်။

၁၉၄၄ ခု နိုဝင်ဘာလ (၈)ရက်နေ့မှာ ရေတပ်ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်ဟာ သက်ဆိုင်ရာ စစ်သေနာပတိထံသို့ ရခိုင်က ဂျပန် တွေကို ရှင်းလင်းသုတ်သင်ရန်နဲ့ ဇန်နဝါရီလမကုန်မီ စစ်တွေကို ရေတစ်ပိုင်း ကုန်းတစ်ပိုင်း စစ်ဆင်တိုက်ခိုက်ဖို့ ညွှန်ကြားခဲ့ပါတယ်။

၁၉၄၅ ဇန်နဝါရီလ (၅)ရက်မှာ စစ်တွေကို မဟာမိတ်တွေ ခြေချနိုင်ခဲ့ပါတယ်။

ယင်းမှ စစ်တွေမြို့မှာ တပ်ချနေတဲ့ မဟာမိတ်တပ်တွေဟာ ၁၉၄၆ ခု အကုန် ၁၉၄၇ ခု အဆန်းလောက်မှာ တပ်တွေကို ရုတ်သွား ခဲ့တယ်။

တပ်ရုတ်သိမ်းသွားပြီးမှသာ စစ်တွေမြို့လူထုတွေ မြို့ထဲကို ပြောင်းရွှေ့နေထိုင်ခွင့် ပြုလိုက်ပါတော့တယ်။

"သင့်မှာ တွေ့ကြုံလာသမျှ အချိန်အခါဆိုတာ အရေးကြီးဆုံး အချိန်အခါဆိုပြီး မှတ်ရမယ်။

ဘာကြောင့်ဆို နောင်အဖို့မှာ ဘယ်ကဲ့သို့ ဖန်တီးလာမှာကို မသိနိုင်လို့ပဲ ဖြစ်တယ်" (ဒေါ်အောင်မာဆင်)

**** **** ****

စကားနဲ့ပေးလိုက်တဲ့ ဒဏ်ရာဟာ ဓားနဲ့ပေးလိုက်တဲ့ ဒဏ်ရာထက် ကုသရ ပိုခက်တာကို မကြာခဏပဲ တွေ့ရတတ်ပါတယ်။ (ဆာမီးဒ် ဆစ်ဒနီ)

**** **** ****

www.burmeseclassic.com

www.burmeseclassic.com



နည်းလမ်းမကျတဲ့ ဖိနှိပ်အနိုင်ကျင့်မှုဆိုတာ ရေရှည်ငြိမ်သက်မှုဆိုတာကို ဘယ်လိုလုပ် ဖြစ်စေနိုင်ခဲ့မှာလဲ.. လူတစ်ယောက်ကို ရုပ်ကို ပိုင်ဆိုင်ပေမယ့် စိတ်ကိုပိုင်ဖို့ဆိုတာ သိပ်ခက်တယ် မဟုတ်လား...။

မိမိအတိတ်ကို ဖျော်ကြည့်နေမိခဲ့ပါတယ်.. ဖိနှိပ်ခံမှုရဲ့ အတိတ်မှာလဲ ဒီလိုပဲ ရှိခဲ့ပါတယ်။

၁၈၂၆ ခု ဖေဖော်ဝါရီလ (၂၆)ရက်မှာ တနင်္သာရီတိုင်းနဲ့ ရခိုင်ဒေသတို့ကို ပေးလိုက်ရတယ်။

အဲဒီလို ပေးလိုက်ရပြီး နှစ်ပေါင်းအတန်ကြာအောင် ရခိုင်တို့ရဲ့ ဒေသက မငြိမ်မသက် အခြေအနေမှာ ရှိနေခဲ့ပါတယ်။

ဗြိတိသျှအုပ်ချုပ်ရေး တည်ထောင်ပြီး နှစ်နှစ်အကြာမှာ ရခိုင်မင်းမျိုးမင်းနွယ်တွေက ဗြိတိသျှတို့ကို တော်လှန်ခဲ့ကြပါတယ်။

အဲဒီတော်လှန်ရေးကို ဗိုလ်ချင်းပျံရဲ့ ယောက်ဖဒေးဝန်းကြီးအောင်ကျော်ရွှီ ပြီး.. ဒေးဝန်ကြီးရဲ့တူ မြို့သူကြီးအောင်ကျော်ဖုံနဲ့ မင်းသားကြီးရွှေဘန်းတို့က ဦးဆောင်ခဲ့ကြပါတယ်။

သူတို့ဟာတစ်ချိန်က ဗြိတိသျှလက်အောက်မှာ အမှုထမ်းခဲ့ကြပါတယ်။ ဒါပေမဲ့ သူ့ကျွန်မခံလိုစိတ်ကြောင့် ၁၈၂၇ ခုနှစ်က စတင်တော်လှန်ခဲ့ကြတယ်။ ဒါကြောင့် ဖမ်းဆီးထောင်ချခံခဲ့ရတယ်။ မင်းသားကြီးရွှေဘန်းမှာ ထောင်တွင်းမှာ ကွယ်လွန်ခဲ့တယ် သိရပါတယ်။

ဒေးဝန်းကြီးအောင်ကျော်ရွှီနဲ့ မြို့သူကြီး အောင်ကျော်ဖုံတို့မှာ အဲဒီတော်လှန်မှုကြောင့် အလုပ်ကြမ်းနဲ့ ထောင်ဒဏ်တွေ ကျခံခဲ့ကြရပါတယ်။

"ပြန်လို့လို့လဲ ကြည့်ရာရာ အသားမည်းမည်း သွားကြဲကြဲနှင့်နားလည်းမထိုးပါတည်း.. မှတ်ဆိတ်သာချက်ရှိ နှာခေါင်းမျောက်ကေ



ရင်ဘတ်မှာလည်း ဆိတ်မှာအမွေးရှိသို့.. ပြောလတ်ဘိကျိုကျာကျာခေါင်းမှာတုပ္ပိ၊ ဘဒရီကို ကိုယ်စီဝတ်ကြပါလျက် မရှုသာသည် မမျှော်ချိကျွန်တို့တိုင်းမြေ ရခိုင်ပြည်ကို နတ်နယ်ပင် ထင်မိပါ၏။

(ဒေးဝန်းကြီးအောင်ကျော်ရွှီ)

မင်းသားကြီး၊ ဒေးဝန်းကြီးနဲ့ မြို့သူကြီးတို့မှာ လက်ရုံးရည်ကိုချည်းသာ အလေးပေးခဲ့တာ မဟုတ်ကြပါဘူး.. စာပေနဲ့လည်း နယ်ချဲ့ကိုတော်လှန်ဖို့ လှုံ့ဆော်ခဲ့ကြပါတယ်။

သူတို့ရဲ့ ရခိုင်တော်လှန်ရေး ရဲတင်းကဗျာတွေဟာ ခုထိ ရှိနေခဲ့ပါတယ်။ ဒါကို ၁၉၅၀ ခုထုတ် ရန်ကုန်တက္ကသိုလ်က ရခိုင်ကျောင်းသူကျောင်းသားတွေရဲ့ လွှတ်လပ်ရေးစာစောင်မှာ ရခိုင်တော်လှန်ရေး ကဗျာစစ်ဆိုပြီး ခုလို ရေးခဲ့ပါတယ်။ "တကယ့် တော်လှန်ရေးကဗျာဟူသည်ကား သူတစ်ပါးတို့ ထကြွတော်လှန်ကြပြီးနောက် အာဏာလက်ဝယ်သိမ်းပိုက်ကာမှ ရေးတတ်ကြသော မော်ကွန်းရဲတင်း မြင့်ရည်တက်ကဗျာများကို မဆိုလိုပေ... တော်လှန်ရေးခေါင်းဆောင်ကိုယ်တိုင်ရေးစပ်ကာ တိုက်လိုခိုက်လို တော်လှန်စေလိုသော အရေးအသားသဘောထား အဓိပ္ပာယ် ကုံလုံပြည့်ဝသည့် ကဗျာကိုသာလျှင် တော်လှန်ရေးကဗျာစစ်၏ အဓိပ္ပာယ်ဟု ဆိုရပေမည်" ဆိုခဲ့ပါတယ်... မင်းသားကြီး ရွှေဘန်းရဲ့ "မင်းသားအမှန် ငါလျှင်ကြုံ" အစချီကဗျာနဲ့...

မြို့သူကြီး အောင်ကျော်ဖုံရဲ့ "ဥဒါန်းမကျေဖြစ်ရလေခြင်း" ကဗျာတို့ကို ချီးကျူးခဲ့ပါတယ်။

နယ်ချဲ့ကိုတော်လှန်ရင်း သစ္စာဖောက်တွေရဲ့ လက်ချက်ကြောင့်ထောင်သွင်းအကျဉ်းခံခဲ့ရပါတယ်။ ဒါကို...

မြို့သူကြီးအောင်ကျော်ဖုံက ရခိုင်ပြည်ကြီး ထီးကျိုးစည်ပေါက်

www.burmeseclassic.com



သူ့လက်ရောက်ရတာဟာ လူတစ်စုရဲ့ သစ္စာမတည်မှုကြောင့်လို့ ရတုရေးမှတ်ခဲ့ပါတယ်။

ဒါပေမဲ့ စိတ်ပျက်အားငယ်မှုနဲ့ ရေးတာမဟုတ်ခဲ့ပါဘူး။ ထပ်မံတော်လှန်ဖို့ရာ နောက်နောင် လူ့ဘဝကိုသာ တောင်းဆိုခဲ့ပါတယ်။

"ပညာနှင့်ဉာဏ်
သင့်စွာဖန်၍ တာဝန်မပျက်
သစ္စာရှက်လျက် အသက်ကိုလီး
သွေးချောင်းစီးမျှ အပြီးကြွဲနိုင်...
နိုင်ငံတိုင်း မြို့.. အစိုးရိုးနှင့်
ကိုယ့်မြို့ ကိုယ့်ပြည် ကိုယ့်ဌာနေကို
ရမည်မုချ ဤလောကသည်
အောက်ကျမခံချင်သောကြောင့်..."

(ဒေးဝန်းအောင်ကျော်ရှိ)

နယ်ချဲ့တော်လှန်ရေးသမားသူတို့ဟာ အောင်ကုလား၊ စရေစွေစတဲ့ တစ်ကျိပ်ခြောက်ယောက်သောသူတို့တွေရဲ့ သစ္စာဖောက်မှုကြောင့် ဗြိတိသျှနယ်ချဲ့သမားတို့ရဲ့ တရားစွဲဆိုတာ ခံခဲ့ရတယ်။ ဒါကို ဒေးဝန်းအောင်ကျော်ရှိရဲ့ မှတ်တမ်းရှုန်းလိုက်ရတုမှာ...

"မိယုတ်မာဖမဲ့သား နောင်သံသရာ ခံဖို့ရာကို ဆံဖြူလွှာမကွဲကြားဘဲ သူမိုက်များ ဒိဋ္ဌိတွေ ရုံးလျှင် ဆိုမှု ကျွန်ုပ်ပြု၍ တစ်ယောက်တစ်ခုပေတည်း။

အစဉ်ဆက်၍သာ သည်တစ်ခါတွင် သူကောင်းဖြစ်ဗျာပဲ ထင်မှတ်ကာ စိတ်ထဲဝယ်.. ကျမ်းကိုစွဲကြား မုသားပြောသည် သဘောကြားမြင်ပေ၏။ တစ်ယောက်စီ တစ်ဆင်ခြီလိုတမှာ တစ်ခွန်းမှာ



တစ်ခွန်းသည် ကေန်းတောင်ဟေ့သည်သို့လို့ မှတ်တမ်းတင်ခဲ့ပါတယ်။

ဒေးဝန်းကြီးကို တရားရုံးက စွဲချက်တင်ပြီး ထောင်ဒဏ်တစ်ဆယ့်လေးနှစ် အပြစ်ပေးတယ်.. အမိန့်ချမှတ်ချိန်မှာ "မိခင်နယ်ဟန်မပြား နမကြီး မောင်၏ ထိပ်တင်သဖွယ်ဖြစ်သော နမကြီးသည် သည်းအူများကြွေပြတ်ကာ ကြောက်မှုယောင်ယမ်းလျက်နှင့်ပင် ဘဝတပါးသို့ ပြောင်းခဲ့ရှာသည်။ ယင်းသို့ မိမိ၏ နမကြီး ရုပ်လောင်းကိုပင် မဖူးတွေ့ရဘဲ သုံးပင်တိုင်ပင် တွမ်းမဆင့် တက်မငင်သည့် သင်္ဘောကြီးကို စီး၍ မွေးရပ်မြေမှ ခွာခဲ့ရသည်။ ယင်းနောက် ဒေးဝန်းကြီးတို့လူစုကို လောကီထောင်မှာ ချုပ်နှောင်ထားသည်။ တစ်ချိန်တစ်ခါက ဒေးဝန်းတို့လူစုမှာ စည်းစိမ်ခန့်ထည်နဲ့ နေခဲ့ရသူတွေ ဖြစ်တယ်။

ခုတော့ အနေကျဉ်းကျပ်တယ်.. အစားကျဉ်းကျပ်တယ်.. ဒါပေမဲ့ မညည်းညူကြပါဘူး.. ဘုရားတရားကိုပဲ ရှုမှတ်နေကြပါတယ်.. တစ်ရက်ပေးရိက္ခာအကြွေ ငါးပြားနဲ့ တစ်ထပ်စားပြီးတော့ အသက်ကို ဆက်လို့နေခဲ့ကြတယ် ဆိုပါတယ်။

ယင်းအခိုက်မှာပဲ သူ့ကိုးကွယ်ရာ ဆရာတော် ကွယ်လွန်ခဲ့ပါတယ်.. ဒါကို သားဖြစ်သူ လာပြောခဲ့တယ် ဆိုပါတယ်...။

ချိုင့်လှောင်ငှက်အလား ရေမဲ့ငါးပမာ ခံစားရရှာပါတယ်။ ခုတော့ အဝေးကပဲ ဖူးမျှော်နိုင်ပါတော့တယ်..။ ဒါကို စာဆိုပီပီ...

"ကျော်ဓောဝေ သားတွေးသား ဖခင်မရောက်.. လမ်းကိုလျှောက်လျက် ရပ်စောင့်မျှော်ရှုပါလေ.. ဘယ်နှိခါ ရောက်ပါမည်.. မပီတွတွ ပီတွတွသည် အဖကိုချည်း မြည်လျက်ရှိလတ်သည့်အခါ မြေးနှင့်သောင်မ ဖက်ရမ်းကြ၍ ရှုတကျွန်လို့ ရှာလျက်တုန်းယန်းကာ ရှိလိမ့်မည်" ရေးခဲ့ပါတယ်...။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်က တန်ဆောင်မုန်း လဆန်းစဖြစ်ခဲ့ပါတယ်‥ ကစ္ဆပနဒီ မြောက်ဟေမန္တက စုံလီ(လေ) တိုက်ခတ်လာခဲ့ပါပြီ‥ တစိမ့်စိမ့်နဲ့ ဆောင်းရဲ့အချမ်းကို ခံနေကြရပါတယ်…။

"တန်ဆောင်မုန်းလျှင် ဆန်းလတ်ခါ ကစ္ဆပနဒီ မြောက်ဆီဟေဝန္တာက သွန်ချလာသည် စုံလီပြင်း စိမ့်စိမ့်ချမ်းကာ မွေ့ရာသလွန်တွင်း၌ လွှမ်းတင်းတည်‥ တကာကာ တစာစာသည် ကြမ္မာငှက်ပမာသို့ ဘယ်နန့်ခါ ရောက်ပါမည်။ ကျွန်ုပ်တို့အရှင် သားဖခင်နန့် အလျှင်ဖူးချင်ပါသည်ဟု စီးမျက်ရည်ယိုကျကာ ညဥ့်ပင် မစက် လက်ဆယ်ဖြာကို ပေါင်းလျက် ဦးတင်ပါ၏။ ဓာတ်မွေတော်မြတ် ရှစ်စရွတ်ကိုယ်စား ရှင်တော်မြတ်မဟာကို စောင့်ကာရှင်မြတ်အား နေ့မခြား‥ လျှောက်လျက်သော် သားဖြူပိုင် သက်လုံးကြင်နှင့် နို့ရှင်ချွေးမတော်တို့ တမ်းမျှော်ကြ ရှိလိမ့်မည်"

တစ်ဘက်မှာလဲ နယ်ချဲ့တို့ရဲ့ သတ်မှတ်ထားတဲ့ ဆောင်အတွင်းက တရားဥပဒေရဲ့ လွတ်မြောက်ရေးကို ကြံဆနေခဲ့ကြပါတယ်။

မင်းခစား ရွှေနေအောက်ကျို ကုလားတွေနဲ့ တိုင်ပင်ပြီး ဒေးဝန်ကြီးတို့လူစု လွတ်မြောက်ရေးအတွက် ဗြိတိသျှနယ်ချဲ့သမားတွေရဲ့ ရုံးတော်သို့ လျှောက်ထားခဲ့ကြပါတယ်။

အဲဒီရဲ့ လျှောက်ထားချက်အရပဲ ဒေးဝန်းကြီးမှာ အပြစ်ဆုံခြည်ခြမ်းမှ အပြစ်မရှိဘဲ ချုပ်နှောင်မှုမှ လွတ်မြောက်ခဲ့ရပါတယ်။

ဒါပေမဲ့ သူယုတ်တို့ကို သူအပြစ်မဆိုခဲ့ပါဘူး‥ မကောင်းမှုဆိုတာ မကောင်းကြံသူတို့ကို မကြာမီမှာဘဲ ပြန်လည်ရတတ်ကြပါတယ်ဆိုတာ လောက်ပဲ သူထောက်ပြခဲ့ရှာပါတယ်လေ‥ သူ့စိတ်ထားက မြင့်မားလှတယ်ဆိုတာပါပဲ…။



"အစိုးရဟူသည် မည်မျှပင် ရက်စက်စေကာမူ ပြည်သူတို့၏ တစ်လုံးတစ်ဝတည်း ပေါင်းစည်းကြံစည်၍ လွတ်လပ်ရေး ရှာကြတော့မည်ဟူသော အစီအစဥ်ဖြင့် လုပ်ကြံခြင်းကို တာရှည်စွာ မခံမရပ်နိုင် ဖြစ်ချေသည်" (ဆရာတော်ဦးဥတ္တမ)

မမှန်ကန်မှုကို ငုံ့မခံတာ လူ့ဓမ္မတာပဲ ဖြစ်ပါတယ်။

မတရားလုပ်ရပ်ကို ငုံ့မခံတာ လူ့ဓမ္မတာပဲ ဖြစ်ပါတယ်။

နယ်ချဲ့ဟာ ရခိုင်ကို သိမ်းပိုက်ပြီးတဲ့အခါ အုပ်ချုပ်ရေးအတွက် အမှုထမ်းအရာထမ်း လိုအပ်လာပါတယ်။

ဒါကြောင့် အရှေ့အိန္ဒိယကုမ္ပဏီအာဏာပိုင်တွေဟာ မြို့ဝန်ခေတ် အုပ်ချုပ်ရေးနေရာမှာ အုပ်ချုပ်ရေးတစ်ရပ်ကို အစားသွင်း အုပ်ချုပ်စေခဲ့ပါတယ်။

အဲဒီအုပ်ချုပ်ရေးနဲ့ အထက်အာဏာပိုင်ရာထူးကို မြို့ဝန်အထက်နေရာတွေမှာ ကုမ္ပဏီ အမှုထမ်းအင်္ဂလိပ်တွေကို ခန့်ထားပါတယ်။

ရခိုင်ဘုရင်လက်ထက်ကစပြီးတော့ ဘင်္ဂလားနယ်စပ်မှာ နေထိုင်ကြသူတွေနဲ့ မြို့ဝန်ခေတ် အဲဒီနယ်သို့သွားရောက်နေထိုင်ကြသူတွေထဲက ကုမ္ပဏီအမှုထမ်းကြသူတွေ ရှိပါတယ်။

အဲဒီကုမ္ပဏီက ရခိုင်အမှုထမ်းတွေကို ရခိုင်မှာ မြို့သူကြီး ကျွန်းအုပ် ချောင်းအုပ် သူကြီးရာထူးတွေကို ခန့်အပ်ပြီး အခွင့်ပြေဖို့ ကြိုးစားခဲ့ကြပါတယ်။

ဒီလိုနဲ့ ရခိုင်ပြည်သူလူထုကို အုပ်ချုပ်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ မြို့သူကြီး အောင်ကျော်ဇံကို တာဝန်ပေးအပ်ပုံနဲ့ ပတ်သက်ပြီး ဦးကျော်မည်း (ရာဇဝင်ဆရာ)က…

"ဒေးရှိန်သတ်သည် တွဲလတ်စာနှာ ချင့်ရှုပါသော် ယသာခနေ

www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံကြ၍ များလှသိပ္ပံ အောင်ကျော်ဖံအား အမြန်ခေါ်ပြီး မြို့သူကြီးဟု အပြီးသေသပ် အဆိပ်ခတ်လျက် ပေးအပ်သည်မှ နေ့ကစ၍ ရက္ခပူရ ဘွဲ့နာမဖြင့် ဓညဝတီပြည်ခွန်ဆီ၍ ရှင်ဘုရင်သညာ ခန့်ဖနောသည် ခြင်းရာ ကိစ္စ ပြီးစီးကြ၏'' လို့ တွေ့ရပါတယ်။ ဒါကြောင့် မြို့သူကြီးမှာ ပြည်သူ ပြည်သားတွေဆီက ဘဏ္ဍာအခွန်ခန့်ဖနောတွေ ကောက်ခံကြရတာ သေချာပါတယ်။

ဒါပေမဲ့ ဒေးဝန်းကြီးရာထူးကတော့ ဘယ်အဆင့်မှာရှိတယ် ဆိုတာ မသိရပါဘူး‥ ပီကျွန်းအုပ် အောင်ကျော်ရွှိကို ဒေးဝန်းရာထူး တိုးပေးခဲ့တာတော့ တွေ့ရတယ်‥။ ဘဏ္ဍာအခွန်ငွေ ကောက်ခံပေးရတဲ့ ရာထူးပဲ ဖြစ်ပါတယ်။ မြို့သူကြီးထက်တော့ အဆင့်နိမ့်မှာ မဟုတ်ပါ ဘူး…။

## မင်းသားကြီးရွှေဘန်း

မင်းသားကြီးရွှေဘန်းမှာ ကုမ္ပဏီဝန်ထမ်းတစ်ဦးပဲ ဖြစ်ပါတယ်။ ဘယ်အဆင့်နဲ့ တာဝန်ထမ်းဆောင်ခဲ့တာတော့ အသေအချာ မသိရသေး ပါဘူး။ သူဟာ အင်းဝသို့ ဖမ်းဆီးခေါ်ဆောင်တာ ခံရသူဖြစ်တယ်။ အင်းဝက လွှတ်လိုက်တာ (ဒါမှမဟုတ်) ဘယ်ပုံ လွတ်မြောက်လာတာ ကိုတော့ မသိရဘူး‥ ရခိုင်သို့ ပြန်ရောက်တဲ့အခါ ကုမ္ပဏီအစိုးရထံမှာ တာဝန် ထမ်းဆောင်တယ်‥ မင်းသားကြီးဟာ ကုမ္ပဏီအစိုးရထံ အမှု ထမ်းစဉ်က အခွန်စည်းကြပ်မှုနဲ့ ပတ်သက်ပြီး မကျေမနပ် ဖြစ်ကြတယ်။ ရခိုင်ပြည် လွတ်မြောက်ရေးနဲ့ ပတ်သက်ပြီးပဲ မကျေမနပ် ဖြစ်ကြတယ်‥ မင်းသားကြီး ရွှေဘန်း၊ ဒေးဝန်းကြီးအောင်ကျော်ရွှိ၊ မြို့သူကြီး အောင်ကျော်ဖံတို့ ဦးဆောင်ပြီးတော့ ကုမ္ပဏီအစိုးရကို တော်လှန်ခဲ့ကြ



တယ်။ ဒါပေမဲ့ တော်လှန်ရေးမှာ အရေးနိမ့်ခဲ့တယ်‥ ဝဲသ၊ ဟိန္ဒူ မျိုးမဟုတ်တဲ့ သစ္စာဖောက်တစ်ကျိပ်ခြောက်ယောက်တို့ကြောင့် အဖမ်းခံခဲ့ ကြရတယ်။ကာလကတ္တားထောင်မှာ အကျဉ်းချခံထားတာ ခံရတယ်‥ အဲဒီအမှုကို စစ်ဆေးပြီးတဲ့နောက်မှာ တစ်သက်တစ်ကျွန်း အပြစ်ပေး ခဲ့တယ်။

အကျဉ်းခံနေရတုန်းမှာ သူဟာ အငတ်ခံဆန္ဒပြတယ်။ ဆန္ဒပြပြီး (၄၁)ရက်မြောက်မှာ သေဆုံးသွားခဲ့ပါတယ်‥ လူသေပေမဲ့ သူ့လုပ်ရပ် မသေခဲ့ပါဘူး‥ သူ့ရုပ်အလောင်းကို ယူဆောင်လာခဲ့ကြပြီး ကုလားတန် မြစ် လက်ယာဘက် (အရှေ့ဘက်)ကမ်းရှိ ဝဖြီးချပ်တောင်တန်းအနီးက ပွဲကြည့်တောင် (ခေါ်) မုတ်ဆိတ်တော်ခာတ် တည်ရှိရာ တောင်ထိပ်မှာ သင်္ဂြိုဟ်ပြီး အရိုးအိုးကို ဂူတည်ထားခဲ့ကြပါတယ်…။

သူဟာ သေမဲ့မူးမူးမှာ ပြည်သူတွေကို မှာတမ်းရတု ရေးခဲ့ပါ သေးတယ်။ ထောင်နံရံမှာ သွေးမော်ကွန်း တင်ခဲ့တယ် ဆိုကြပါတယ်။ ဒီလိုပါ…

“မင်းသားအမှန် ငါလျှင်ကြံဆ နိုင်ငံရပ်စည် တိုင်းပြည်အတွက် ကိုယ့်အသက်ကို ရက်ရက်စွန့်ခွာ ကုလားရွာ၌ ခန္ဓာရုပ်ပဟောင်း ဘဝပြောင်းလိမ့်'' ဆိုပြီးတော့မှတစ်ခါ…

“ငါ့လမ်းကြောင်းကို ကောင်းကောင်းလိုက်နာ ပြည်ဓညာကို တစ်ခါမုချ ငါတို့ရအံ့'' လို့ ကိုယ့်နောက်သားနောင်လာတွေအတွက် မှာတမ်းသွယ်ခဲ့တာကြောင့် ဒီကနေ့ထိ ပြည်သူတွေရဲ့ အသည်းနှလုံးမှာ ပုံတင်ထပ်ဆဲပဲ ဖြစ်ခဲ့တယ်‥ သူ့စွမ်းဆောင်ချက်ဟာ ပြည်သူ့ရင်မှာ ပုံတင်ထပ်ဆဲ ဖြစ်နေဆဲပဲ ဖြစ်ပါတယ်။

ကဗျာအစွမ်းအံ့မခန်းပါ…

နောက်စာဆိုရှင်ကတော့…

www.burmeseclassic.com

www.burmeseclassic.com



# ဒေးဝန်းအောင်ကျော်ရှိ

ဒေးဝန်းအောင်ကျော်ရှိဟာ ပီကျွန်းအုပ်ဖြစ်တယ်။ ဒေးဝန်းကြီး ရာထူးတွေကို မထမ်းဆောင်မီမှာ သူဟာ သော်တလီတစ်ဦးဖြစ်တယ်။ ဒီဒေးဝန်းကြီးရဲ့ ဘဝတစ်လျှောက်လုံးမှာ စစ်ရေးနိုင်ငံရေးနဲ့ လွှမ်းရေးတွေ ပြွမ်းလို့ နေခဲ့ပါတယ်။ ဒုက္ခသုက္ခ အမျိုးမျိုး ခံစားခဲ့ရပါတယ်။ အဲဒါတွေကို ဒေးဝန်းကြီးရဲ့ စာပေလက်ရာတွေမှာ ဘဝမှတ်တမ်းအဖြစ် မှတ်တမ်းတင်ခဲ့ပါတယ်။ အဲဒါဟာ ဒေးဝန်းကြီးရဲ့ စာပေတွေပဲ ဖြစ်ပါတယ်။

စစ်တကောင်းနယ်သို့ မြို့ဝန်ခေတ်က သွားရောက်ခိုလှုံသူတွေ အနက်မှာ ဒေးဝန်းကြီးလည်း တစ်ဦးပါဝင်ခဲ့ပါတယ်။ ချင်းပုံနဲ့ ယောက်ဖတော်စပ်ပါတယ်။ မြို့သူကြီးအောင်ကျော်ဇံမှာ ဒေးဝန်းကြီးရဲ့ ကူတော်သူပဲ ဖြစ်ပါတယ်။

စစ်တကောင်းမြို့ဝန် ဂါနော်စ်သတ်ထံမှာ ၁၅၈၂ ခုမှာ တာဝန်ထမ်းဆောင်ခဲ့တာကို သူက…

"သကြစ်မှာ တစ်ထောင်ဖြစ်‥ တစ်ရာသျှစ်ဆယ့် ငှန်းသည် ခုနစ်ဝယ်‥ မယ်ချစ်သခင် တစ်တကောင်းသည် ဖလောင်းရင်ပြင်၌ တိုင်းတွင်မှူးခင်းကိစ္စ ပေါ်ပေါက်ရာကို ဖြီးဖျော်မိုးမ ဓကေ"လို့ စာသခဲ့ပါတယ်။

သူဟာ သက္ကရာဇ် ၁၁၈၅ ခု၊ သျှင်မဖြူကျွန်း အရေးအခင်းနောက်ပိုင်းမှာ ဒီဒေးဝန်းကြီး အောင်ကျော်ရှိဟာ ရာပသိန်သက် T.C. Rolertsonနဲ့အတူ ပူးတွဲတာဝန်ထမ်းဆောင်ခဲ့တယ်။ ရခိုင်၊ ကုလား၊ ဆိပ်ဖာဘိတ် (စစ်ပါရီ)တွေကို စုဆောင်းပေးခဲ့ရပါတယ်။

သူဟာ ကုမ္ပဏီစစ်တပ်နဲ့အတူ လိုက်ပါပြီးတော့ ရခိုင်သို့ ရောက်တဲ့အခါ မြို့ရွာအုပ်ချုပ်ရေးအတွက် သင့်တော်သူတွေကို ကျွန်းအုပ်၊



ချောင်းအုပ် ခေါ်ထားခန့်ထားဖို့ရာ သော်တလီအောင်ကျော်ရှိက ဆောင်ရွက်ပေးရပါတယ်။

ကုမ္ပဏီအာဏာပိုင်တွေဟာ မြောက်ဦးမြို့ကို သိမ်းပိုက်ပြီးတဲ့နောက် သော်တလီ အောင်ကျော်ရှိကို ပီကျွန်းအုပ်ရာထူးကို ခန့်ပါရဝါနာ ပေးအပ်ပါတယ်။

နယ်မြေပိုင်းခြား သတ်မှတ်ပြီး ကျွန်းအုပ်အရာခန့် ပါရဝါနာ ပေးအပ်ခဲ့ပုံကို သော်တလီ အောင်ကျော်ရှိရဲ့ ရတုမှာ ခုလိုရေးခဲ့ပါတယ်။

"ပီနန်ကျွန်းနဲ့ ယိုးကျွန့်ပေး ၃ရစ် တောင်လည်း ယင်းမှာ ပါစီလော‥ ပီချောင်းဝယ်လေးမြို့သား ယိုးချောင်းနယ်လည်း ထိုဝယ်သည့် လိုက်ပါ၍ ကျွန်းအုပ်ခန့်၍ပေ‥ သားစဉ်မြီးဆက် မပျက်ခရလိအဟာမြွက် ထွီခါသောအခါ ဖွံ့ဒါကြီးသည် လျှင်ဆော့ရှီးထုံးပါလျက် ပရဝါနားဆတ်ကြီးစပ် ငါးရှက်စာကို သိုခါချက်ချင်းအပ်က"လို့ ရေးစပ်ခဲ့တာ တွေ့ရပါတယ်။

အဲဒီလို ပီကျွန်းအုပ်အရာကို သော်တလီ အောင်ကျော်ရှိကို ခန့်အပ်ပြီး ဂဖန်ရာပသိန်သတ်နဲ့အတူ လိုက်ပါခဲ့ရတယ်။ ရန္တပိုစာချုပ် ချုပ်ဆိုတဲ့အခါ ရခိုင်နယ်မြေအကျယ်အဝန်းကိစ္စကို ဝင်ရောက်ဆွေးနွေးခဲ့ပါတယ်။

ရန္တပိုစာချုပ်ပြီးနောက် ပီကျွန်းအုပ် အောင်ကျော်ရှိမှာ ရန်ကုန်မှာ တစ်နှစ်ကျော်ခန့် နေနေခဲ့ရတယ် ဆိုပါတယ်။

ရန်ကုန်က ရခိုင်သို့ ပီကျွန်းအုပ် ရောက်တဲ့အခါ စစ်တွေမြို့တည်ဆောက်ရေးကိစ္စတွေ ဒေးရှိန်သတ်နဲ့ ပတ္တင်တို့ တိုင်ပင်ဆောင်ရွက်ရပြန်တယ်‥ အဲဒါကြောင့် ပီကျွန်းမှာ မနေရတော့ဘဲ စစ်တွေသို့ ပြောင်းလာခဲ့ရပါတယ်။

အဲဒီအချိန်မှာ အခ မေးနာ(လစာ)တစ်ရာစီ ရရှိပြီး ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပီကျွန်းအုပ် အောင်ကျော်ရှိကို အခွန်ဘဏ္ဍာခန့်ဖနော ငွေနှစ်သိန်း စည်းကြပ်ဖို့ရာ ကုမ္ပဏီအာဏာပိုင်တို့က တာဝန်ပေးအပ်ပါတယ်။ သူ့ကို ကျွန်းအုပ်ရာထူးက ဒေးဝန်းရာထူးသို့ တိုးပေးပါတယ်။

အဲဒီရာထူး ပေးအပ်ပုံကို ဒေးဝန်းကြီးက…

"သက္ကရာဇ်တစ်ထောင်ဖြစ် တစ်ရာ့ရှစ်ဆယ်ငွန်းသည့် ကိုးခုဝယ် တိုင်းပြည်၏ ဘဏ္ဍာတော် ငွေနှစ်သိန်းကိုယင်းခါစည်းကြပ်ပါလျက် တိုင်းပြည်ရွာအားလုံးဝယ် မယ်ချစ်လင်ကို ဒေးဝန်းခန့်သည်တည်း တစ်လစီ မင်းမေးနား ငွေတစ်ရာကို မပြတ်ပီးတံ့ပါလျက်"လို့ ရေးသားထားခဲ့တာ တွေ့ရပါတယ်။

ဒီလိုနဲ့ သူဟာ…

ဒေးဝန်းကြီးအရာကို တာဝန်ထမ်းဆောင်ရတဲ့အခါ ကုမ္ပဏီအာဏာပိုင်တွေ အလိုအရ အခွန်ဘဏ္ဍာခန့် ဖနောကို စည်းကြပ်လာရတယ်။ အဲဒါကြောင့် ရခိုင်ပြည်သူလူထုမှာ ဆင်းရဲဒုက္ခအမျိုးမျိုးနဲ့ ရင်ဆိုင်ခဲ့ရတယ်။

ပြည်သူလူထုအလိုနဲ့ ဆန့်ကျင်လာခဲ့တယ်။ အဲဒါအပြင် ကုမ္ပဏီအာဏာပိုင်တွေနဲ့ ယခင်က အပေးအယူ ရှိခဲ့တာတွေကို ကုမ္ပဏီအာဏာပိုင်တွေက ဘက်ကပျက်ကွက်ခဲ့ပါတယ်။

ဒါကြောင့် ဒေးဝန်းကြီးအရာရပြီး မကြာမီ၊ မင်းသားကြီး၊ မြို့သူကြီးနဲ့ တိုင်ပင်ပြီး ကုမ္ပဏီနယ်ချဲ့အစိုးရကို တော်လှန်ခဲ့ကြတယ်။

ဒါပေမဲ့ မိယုတ်မာ ဖမ့်သားတို့ သစ္စာဖောက်မှုကြောင့် တော်လှန်ရေးမှာ အောင်မြင်မှုနဲ့ လွဲခဲ့ရပါတယ်။ ကာလကတ္တားသို့ ကြီးသုံးကြီးဖြစ်တဲ့ မင်းသားကြီးရွှေဘန်း ဒေးဝန်းကြီးအောင်ကျော်ရှိနဲ့ မြို့သူကြီးအောင်ကျော်ဇံတို့ကို ဖမ်းဆီးခေါ်ဆောင်တာ ခံခဲ့ရပါတော့တယ်။



"တန်ဆောင်လျှင်ဆန်းလတ်ခါ ကစ္ဆပနဒီ မြောက်ဆီ ဟောဝန္တာက သွန်ချလာသည်။ စုံလီပြင်း စိမ့်စိမ့်ချမ်းတဲ့ မွေ့ရာသလွန်တွင်း၌ လွမ်းတင်းတည် တကာကာ တစာစာသည် ကြမ္မာငှက်ပမာသို့ ဘယ်နန့်ခါ ရောက်ပါမည်။ ကျွန်ုပ်တို့အရှင်သားဖခင်နှင့် အလျှင်ဖူးချင်ပါသည်ဟု စီးမျက်ရည်ယိုကျကာ ညဉ့်ပင်မစက် လက်ဆယ်ဖြာကိုပေါင်းလျက် ဦးတင်ပါ၏။ ဓာတ်မွေတော်ရှစ်စရွတ်ကိုယ်စား ရှင်တော်မြတ်မဟာကို စောင့်ကာရှင့်နတ်မြတ်အား နေ့မခြား လျှောက်လျက်သော် သားဖြူမိခင် သက်လုံးကြင်နှင့် နို့ရှင်ချွေးမတော်တို့ ကမ်းမျှော်ကြရှိလိမ့်မယ်"

တော်လှန်ရေးစာဆိုရဲ့ လွမ်းမောဖွယ်စာတစ်ပုဒ်ပါပဲ။ ဒီလိုနဲ့ ဒေးဝန်းကြီး အကျဉ်းခံနေရစဉ်မှာပဲ သူယုံကြည်ကိုးကွယ်တဲ့ ဆရာတော်ပျံလွန်တော်မူခဲ့ရတယ်ဆိုတာ ဆိုခဲ့ပြီးပါပြီ…။

ခု သူဟာ ဒါတွေ သူမှတ်တမ်းတင်ခဲ့ပါတယ်။ ဒါထက် ထူးခြားတာက သူဟာ နောင်လာနောက်သားတွေအတွက် မကြောက်တရားရဲဆေးမော်ကွန်းလဲ ရေးသားမှတ်တမ်းထားခဲ့ပါသေးတယ် ဆိုတာပါပဲ။

"ပညာနှင့်ဉာဏ် သင့်စွာဖန်လျက်
တာဝန်မပျက် သစ္စာရှက်လျက်
အသက်ကိုလှီး သွီးရောင်စီးမျှ
အပြီးကြံ့ခိုင် နိုင်ငံတိုင်းမြို့…
အစို့စိုးနှင့် ကိုယ့်မြို့ကိုယ့်မြေ
ကိုယ့်ဌာနီကို ရမည်မုချ…
ဤလောကသည်…
အောက်ကျမခံချင်သောကြောင့်…"

www.burmeseclassic.com

www.burmeseclassic.com



နှောင်းလူသားတွေအတွက် မကြောက်တရားကို နှိုးထပေးထားခဲ့ပါတယ်။ လမ်းညွှန်ဖော်ပြခဲ့ပါတယ်။ သူ့စိတ်ထားကား မြင့်မားပေစွ…

မြို့သူကြီးရဲ့ ဘဝမှတ်တမ်း သျှိုးလိုက်ရတုတစ်ပုဒ်မှာတော့ "လွှန်ယုတ်မာသည် မိစ္ဆာလူဗာလတို့ မည်နာမစံရှိဖွေ၊ ရောက်ဖွေတူးဩား အောင်ကုလားနှင့်မယား ငပုဝေ"ဟု လူမိုက်လင်းပြန် မျိုးမမှန်သည့် တစ်ကျိပ်ခြောက်ယောက် သစ္စာဖောက်တို့၏ စာရင်းတွင် စံရှိဖွေအမည်နဲ့ ဖော်ပြထားတာ တွေ့ရပါတယ်။

အဲဒီစံရှိဖွေမှာ "သုဘာဒါရဲ့ စံရဖွေပဲ" ဖြစ်ပါတယ်။ ဒါမှမဟုတ် တခြားစီ ဖြစ်မဖြစ်တော့ အတိအကျ မသိရသေးပါဘူး။

ဒါပေမဲ့ ကုမ္ပဏီအာဏာပိုင်တို့ရဲ့ အမွှမ်းခံနေရသူ "သုဘာဒါရဲ့ စံရဖွေ ဆိုတာဟာ မြို့သူကြီးရဲ့ ဥဒါန်းမကျေနိုင်တဲ့ လူမိုက်လင်းပြန် မျိုးမမှန်တဲ့ စံရဖွေပဲ ဖြစ်လိမ့်မယ်" ထင်ကြပါတယ်။

သူ့ရဲ့ သျှိုးလိုက်ရတုတစ်ပုဒ်မှာလည်း သုဘာဒါ ခံရဖွေခန့်စာမှာ "သိဘာဟိအရာကပင် သုဘာဒါရဲ့ အရာတိုင်းလို့လည်း" ဖော်ပြထားခဲ့ပါတယ်။ "ဆိပ်ဖာအိပ်နဲ့ သိဘာဟိ"တွေမှာ စစ်ပါရီပဲ ဖြစ်ပါတယ်။

## တစ်ကျိပ်ခြောက်ယောက် သစ္စာဖောက်တွေ

မင်းသားကြီး၊ ဒေးဝန်းနဲ့ မြို့သူကြီးတို့မှာ ကုမ္ပဏီနယ်ချဲ့တွေက ပေးခဲ့တဲ့ စကားမတည်။ ပြည်သူတွေကို အခွန်ဘဏ္ဍာခန့်ဇနော့တွေ တင်းကျပ်စည်းကြပ်ကောက်ခံမှုကို မကျေနပ်ဖြစ်ပြီးတော့ ကုမ္ပဏီနယ်ချဲ့သမားတွေကို တော်လှန်ခဲ့ကြပါတယ်။

အဲဒီကြီးသုံးကြီး တော်လှန်ရေးမှာ ဦးစောက်လင်းပြန် မျိုးမမှန်တဲ့ တစ်ကျိပ်ခြောက်ယောက် သစ္စာဖောက်တို့တွေကြောင့် အရေး



နိမ့်ခဲ့ကြရပါတယ်။

အဲဒီတစ်ကျိပ်ခြောက်ယောက် သစ္စာဖောက်တွေကို မြို့သူကြီး အောင်ကျော်ဇံက မှတ်တမ်းတင်ခဲ့ပါတယ်။

သူတို့ရဲ့ ယုတ်မာပုံတွေ ဖော်ထုတ်ထားခဲ့ပါတယ်။ ဒီလိုပါ…

- ကျောင်းတရာရဲဘော်သယ် မြို့ထဲခဲပစ် ဆန္ဒညစ်နှင့် စင်စိုက်လင်း ဒငယ်သို့ သတ်စားမယ့် ကြောင်အလားသို့ ပမာတူသူ ပဝံသဟိန္ဒာ လွှန်ယုတ်မာသည် မိစ္ဆာလူဗာလတို့ မည်နာမစံရှိဖွေ ရောက်ဖွေပုဩား အောင်ကုလားနှင့် မယားငပုဝေ မြေကြီးမျိုတွင်၊ ဆုံးကျများ သူယုတ်လင်းပြန်ရင် ရန့်တဖန် တိုးအောင်စသား လူဗာလများ…
- လူဒိဋ္ဌိ ငပုံသား ဟိန္ဒာသွေးသား အောင်ကုလားနှင့် ကုလားရွှေလုံး…
- စရဲဘော်တလင်းသား၊ မယားမျိုးနွယ် ငပုဝေကား ရောက်ဖွေဒုံးကုလားနှင့် သင်ချိုသား ဒိုးအောင်ရှိ လူလောင်ဟုဘိ ပါတလိသား ဒိဋ္ဌိတ်ယောနှင့် သက်နှံစေ‥ ကျွန်မသား ကုလားလင်းပြန်ရင် နံရဲ လူလွှန်ရှမ်းအောက်သား သေအောင်မိုက်သည့် လူညစ်ဥဂါရှိ စသည်တို့ ပါဝင်ပါတယ်။

အဲဒီတစ်ကျိပ်ခြောက်ယောက်တို့ဟာ ကုမ္ပဏီနယ်ချဲ့သမားတွေထံက တံစိုးစားခဲ့တယ်။ မုသားစကား ပြောပြီးတော့ တစ်ဖက်သူများနဲ့ ပေါင်းခဲ့ကြတယ်။

အဲဒီတံစို့ စားဆယ့်ခြောက်ယောက် လူကျွန်ရန်သူလို့ တင်စားနိုင်းနှိုင်းချက် အမျိုးမျိုးနဲ့ စာအမှုကွန်းတို့ ရေးထိုးခဲ့ပါတယ်။

ဒီလို မြို့သူကြီး အောင်ကျော်ဇံကဲ့သို့ပါပဲ‥ ဒေးဝန်းကြီး အောင်ကျော်ရှိကလည်း မိယုတ်မာဘမဲ့သားတွေက တစ်ယောက်စီ

www.burmeseclassic.com

www.burmeseclassic.com



စဆင်ခြီ၊ ဟိုမှာတစ်ခွန်း သည်မှာတစ်ခွန်း (ငကန်းတောင်ဝှေ့ဆီ)သို့ လုပ်ကြံသက်သီအရ ဘယ်ကျမ်းဂန်မှမရှိ ဒေါသမီးကို ဖော်လုပ်ပါသည်တည်း”

အဲဒီလို သူတို့ရဲ့ အကြံပက်စက်ပုံကို ဖော်ပြထားခဲ့ပါတယ်။

ယုတ်မာပုံတွေကို သမိုင်းမှတ်တမ်း တင်ထားခဲ့ပါတယ်။ အဲဒီလို ငကန်းတောင်ဝှေ့သကဲ့သို့ သက်သေမဟုတ်မမှန် လုပ်ကြံပြီး ထွက်ဆိုခဲ့ကြတာကြောင့် မင်းသားကြီး၊ ဒေးဝန်းကြီးနဲ့ မြို့သူကြီးတို့မှာ သက္ကရာဇ် ၁၁၉၉ ခု၊ ဝါခေါင်လပြည့်ကျော် (၁၀)ရက်မှာ ပျံလွန်တော်မူသွားခဲ့တဲ့ ဆရာတော်သာရလင်္ကာ ပျံလွန်တော်မူချိန်မှာတော့ သူတို့တွေဟာ ထောင်နန်းစံနေရချိန် ဖြစ်ခဲ့ကြပါတယ်။

ဆရာတော်ရဲ့ နောက်ဆုံးခရီးမှာ ဦးချကန်တော့ခွင့် မရခဲ့ကြရှာပါဘူး။

တစ်ရက်စီပေး ရိက္ခာလေး ပိုက်ဆံသုံးပြားနဲ့အတူ ထမင်းကို တစ်ထပ်သာ သွားစားကြရတဲ့ဘဝ ဆင်းရဲဒုက္ခ အမျိုးမျိုးကို ခံစားနေခဲ့ရတာ မှတ်တမ်းစာ ရေးသားထားခဲ့သူလဲ ရှိပါတယ်။

သူကတော့ မြို့သူကြီး အောင်ကျော်ဇံပဲ ဖြစ်ပါတယ်။ သူဟာလည်း မင်းသားကြီး၊ ဒေးဝန်းကြီးတို့နဲ့အတူ ကုမ္ပဏီနယ်ချဲ့အစိုးရကို တော်လှန်ရာမှာ ပါဝင်ခဲ့သူပဲ ဖြစ်ပါတယ်။

မြို့သူကြီးအောင်ကျော်ဇံမှာ တစ်ချိန်က သူဟာလည်း ကုမ္ပဏီအစိုးရရဲ့ အမှုထမ်းတစ်ဦးပဲ ဖြစ်ပါတယ်။

သူဟာ မြို့သူကြီးရာထူးကို မထမ်းဆောင်မီမှာ ပြည်စိုးကြီးကျွန်းအုပ်အဖြစ် ထမ်းဆောင်ခဲ့ရပါတယ်။ မြို့သူကြီးရာထူး ရရှိပြီးတဲ့နောက် အခွန်ဘဏ္ဍာခန့်ဇနော စည်းကြပ်ဖို့ရာ ကုမ္ပဏီအစိုးရက တာဝန်ပေးအပ်ခဲ့ပါတယ်။



အဲဒီလို အခွန်ဘဏ္ဍာ ခန့်ဇနော စည်းကြပ်မှုကြောင့် ပြည်သူလူထုမှာ သိပ်ကို ဆင်းရဲဒုက္ခအမျိုးမျိုး ကြုံခဲ့ကြရတယ်။ မကျေနပ်မှုတွေ ဖြစ်ပွားခဲ့ကြရပါတယ်။

ကုမ္ပဏီအစိုးရက စစ်စရိတ်အကုန်အကျ ကာမိစေဖို့ရာ အတင်းအကြပ် စည်းကြပ်ပါတယ်။ တစ်ဖက်မှာလဲ ဆင်းရဲဒုက္ခခံနေရသူ ပြည်သူလူထုက ရှိနေကြတယ်။ တစ်ဖက်မှာလဲ မိမိရဲ့အာဏာပိုင်တွေက အတင်းအကြပ် အခွန်စည်းကြပ်မှုကို တွန်းအားပေးလို့ နေပါတယ်။ အဲဒီလို အချိန်အခါမျိုးမှာ မြို့သူကြီးဟာ ပြည်သူဘက်မှာ ရပ်ခဲ့ပါတယ်။

မြို့သူကြီးရာထူးနဲ့ စည်းစိမ်ကို စွန့်လွှတ်ခဲ့ပါတယ်။ ရာထူးကို စွန့်လွှတ်ကြောင်းကို မြို့သူကြီးရဲ့ဇနီး မသန္တာဝေက တောင်းပန်ပြီးပေမူဇာတ် ရာဇဝင်ဆရာကြီး ဦးကျော်မည်း ရေးခဲ့တဲ့ ဂဏန်းသင်္ချာနီဂုံးမှာ အောက်ပါအတိုင်း ရေးစပ်ခဲ့တာ တွေ့ကြရပါတယ်။

“လိမ္မာပွန်းတီး မြို့သူကြီးဟု မှားပြီးယသံအောင်ကျော်ဇံက အကြံကောင်းထ သတိရ၍ သုခချမ်းသာ သည်လောက်ဟာကို ငါမလိုဟု ငြင်းဆန်ပြုလျက် များထုလှည့်ပတ် ဒေးရှိန်သတ်ကို ပြန်အပ်ပြီးမှ သောမနဖြင့် ရှင်ပဝန်းသာ ရှိသောခါဝယ်”လို့ ရေးစပ်ထားခဲ့ပါတယ်။

အဲဒါကြောင့်ပဲ မြို့သူကြီးဟာ ပြည်သူတွေ ဆင်းရဲဒုက္ခရောက်နေချိန်မှာ ကုမ္ပဏီနယ်ချဲ့အစိုးရက ပေးကမ်းထားတဲ့ အခွင့်အရေးကို မယူခဲ့ဘဲ ပြည်သူနဲ့ လက်တွဲခဲ့တဲ့ ခေါင်းဆောင်ကောင်းတစ်ဦး ဖြစ်တယ်ဆိုတာကို တွေ့နိုင်ကြပါတယ်။

ပြည်သူတွေရဲ့ ဆင်းရဲဒုက္ခ အမျိုးမျိုးကို ခံစားကြုံဆုံနေရတဲ့ တဆက်တည်းမှာပဲ ကုမ္ပဏီအစိုးရရဲ့ ပေးတဲ့ကတိစကားတွေက ပျက်ပြားလို့ လာခဲ့တာ တွေ့လိုက်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် ရခိုင်ကို ကုမ္ပဏီနယ်ချဲ့အစိုးရလုပ်ရပ်ဟာ မရိုးသားဘူး‥ ရေရှည်အုပ်စိုးရဖို့ လိုလားတာ တွေ့လာရတယ်။ ဒါကြောင့် မင်းသားကြီး၊ ဒေးဝန်းကြီးတို့နဲ့အတူ မြို့သူကြီးမှာ နယ်ချဲ့သမားတွေကို တော်လှန်ဖို့ရာ စိုင်းပြင်းခဲ့ကြပါတယ်။

ဒါပေမဲ့ တော်လှန်ရေးသမားတွေမှာ အောင်ပွဲနဲ့ လွဲခဲ့ကြရပါတယ်။ ဝဲသဟိန္ဒမျိုးမမှန်တဲ့ လင်းပြန်မသား တစ်ကျိပ်ခြောက်ယောက်တွေရဲ့ သစ္စာဖောက်မှုကြောင့်ပဲ ဖြစ်ပါတယ်။

မြို့သူကြီးကို၊ မင်းသားကြီး၊ ဒေးဝန်းကြီးနဲ့ အခြားသွေးသောက်ရောင်းရင်းတွေနဲ့အတူ "မိစ္ဆာမြေဟု သူ့မြေဒေသကို တို့မိဘ အစဉ်အလာရန်ခါဆန်းထူး မရောက်ဘူးတည်း‥ ဝေးကျူးကုလားရွာသို့" ဖမ်းဆီးခေါ်ဆောင်သွားတာ ခံခဲ့လိုက်ရပါတယ်။

မြို့သူကြီးဟာ ဦးဆောင်လင်းပြန် မျိုးမမှန်လွန်ယုတ်မာသည့် သစ္စာဖောက်တွေကို ကမ္ဘာ့နဲ့ ချီပြီးတော့ နာကျည်းခဲ့ပါတယ်။ မိစ္ဆာလူဗာလတို့ အမည်နာမ မ စံ ရ ဖွေ ရောက်ဖွေ ဟူကြား အောင်ကုလားနှင့် မယားငပုဝေ အစရှိသည်တို့အား ကျိန်စာအမျိုးမျိုး တိုက်ခဲ့ပါတယ်။ ဘုရားနတ်သိကြားများထံ အမျိုးမျိုး တိုင်တည်ခဲ့တယ်။

တော်လှန်ရေးအတွက် မကျေဥဒါန်း အမှုကွန်းကို ရေးထိုးခဲ့ပါတယ်။ "ဥဒါန်းမကျေ ဖြစ်ရလေခြင်း။ ဘဝတဆစ် လူပြန်ဖြစ်၍ အသစ်ခုပင် တော်လှန်ချင်သည် ဘယ်တွင်မမေ့နိုင်သောကြောင့်" လို့ ထောင်တွင်းက ရေးခဲ့တဲ့ကဗျာနဲ့အတူ နောင်းလူတွေကို နယ်ချဲ့သမားနဲ့ သစ္စာဖောက်တွေကို တိုက်ခိုက်သုတ်သင်ဖို့ရာ သတိပေး ရေးသားခဲ့ပါတယ်။

သူဟာ ပြစ်ဒဏ်ဘယ်လောက်ထိ ခံရတယ်ဆိုတာတော့ ရှာမတွေ့သေးပါဘူး။



သူဟာ ထောင်ကလွတ်ပြီးတော့ သင်္ဘောနဲ့ ရခိုင်သို့ ပြန်လာခဲ့ပါတယ်။ အဲဒီမှာ စစ်တွေမြို့ကို သင်္ဘောပေါ်မှ မြင်ရပုံ‥၊ မြို့ဝန်းကျင်ရဲ့ သာယာပုံတွေကို စာရတုသွယ်ခဲ့ပါသေးတယ်။

ပြီးမှ မိမိရဲ့သားသမီးတွေနဲ့ ဆုံဆည်းရလို့ ပျော်ရွှင်အားရဝမ်းသာလှပုံတွေကို မှတ်တမ်းပြုခဲ့ပါတယ်…။

"လွန်နှစ်သက် တို့နှစ်ဖြာ‥ သည်းချာရှုမြီး‥ သားအကြီးကို‥ ရည်မှန်းနိဗ္ဗာန်ဌာလျှင် သံသရာဖို့အကြောင်း‥" ရှင်သာမဏေပြုခဲ့တာတွေကိုလည်း မြို့သူကြီးထောင်က လွတ်လာပြီးတဲ့ အိမ်အပြန်မှာ ပြုလုပ်ခဲ့ပါတယ်…။

အဲဒီနောက် ချက်မြုပ်ရာ မိနှင့်ဘ ဌာနတူနေ ကျိန်းမြို့မြေသို့ သွားရောက်ခဲ့ပါတယ်။

"ဂနိုင်သာမော ကျိန်းတောင်တော ကျိန်းမြို့က ကျိန်းရွာဒေ‥ နာမဂယော ကျက်သရေတွင် အလှကြင်ဟာ မယ်နှစ်ဖြာနှင့်‥ ဟင်္သာမောင်နှမတို့ကဲ့သို့ မကွာသည်းချာ နှစ်ပါးသမီးသားနှင့် ပျော်ပါးစွာနေထိုင်ကြတာ"ကို မြို့သူကြီးက မိမိရဲ့ဘဝမှတ်တမ်းကို တင်ပြခဲ့ပါတယ်။

ဆောင်းလအပြေး‥ လေသွေးပြန်ခေါက်…
ကာလရောက်၍‥ နတ်ခြောက်ဘုံမှာ…
ဝတိမ်သာနှင့်‥ စံရာပြိုင်ခိုင်း…
သာရှည်နှိုင်းသည်…
ရှာတိုင်းပျော်ဖွယ်တွေ့လိမ့်မည်…။

(နတ်သျှင်မှောင်)

**** **** ****

www.burmeseclassic.com

www.burmeseclassic.com



# သမိုင်းဆိုတာ ရပ်နေရိုးထုံးစံမရှိပါဘူး

မြန်မာနိုင်ငံရေးရဲ့သမိုင်းဟာ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ အမျိုးသားလွတ်မြောက်ရေးနဲ့ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းပဲ ဖြစ်ပါတယ်။

ဘုံရန်သူနယ်ချဲ့အင်္ဂလိပ်ရဲ့ ကိုလိုနီစနစ်နဲ့ ကျူးကျော်မှုကို တိုင်းရင်းသားတွေက ညီညီညွတ်ညွတ် လက်တွဲတိုက်ခဲ့ကြပါတယ်။

အဖိနှိပ်ခံနဲ့ ကိုလိုနီလက်အောက်ခံ နိုင်ငံဘ၀မှာ ကျွန်လူတန်းစားချင်း အတူတူ လူမျိုးစု အရေးမခွဲဘဲ အမျိုးသားရေးအမြင်နဲ့ ကိုလိုနီဘ၀က လွတ်မြောက်ရေးတိုက်ပွဲတွေကို ဆင်နွှဲခဲ့ကြပါတယ်။

ဆရာတော်ဦးဥတ္တမဟာ ပြည်နယ်သား ရခိုင်လူမျိုးပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ အမျိုးသားလွတ်မြောက်ရေးနဲ့ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာတော့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စတဲ့ ပြည်ထောင်စုဖွား ညီနောင်တွေနဲ့အတူ တက်တက်ကြွကြွ ပါဝင်ခဲ့တဲ့ ဆရာတော်ပဲ ဖြစ်ပါတယ်။

ဒါကြောင့် ဆရာတော်ဦးဥတ္တမဟာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ ညီညွတ်မှုရဲ့ ပြယုဂ်ပဲဖြစ်တယ်။ လူတန်းစားတိုက်ပွဲ အထိမ်း အမှတ်ပဲ ဖြစ်တယ်။

ကိုလိုနီဆန့်ကျင်ရေး။ နယ်ချဲ့ဆန့်ကျင်ရေး။ အမျိုးသားလွတ်မြောက်ရေးရဲ့ အမှတ်အသားပဲလို့ ဆိုရပါမယ်…။

တကယ်တော့ ဆရာတော်ရဲ့ ဘ၀ဟာ တိုင်းပြည်နဲ့ လူမျိုးအတွက် မြှုပ်နှံထားတဲ့ဘ၀ပဲ ဖြစ်ပါတယ်။



ဆရာတော်ရဲ့ ဘ၀ဟာလဲ အမျိုးသားလွတ်မြောက်ရေးနဲ့ နယ်ချဲ့ဆန့်ကျင်ရေးဘ၀ပဲ ဖြစ်ပါတယ်။

ကွဲလွဲချက်တချို့နဲ့ လုပ်ရပ်ကို ပြန်ဖော်ပြရရင်…

ဦးဥတ္တမဆရာတော်ကို စစ်တွေမြို့ ရူပရပ်မှာ ကုန်သည် ဦးမြနဲ့ ဒေါ်အောင်ကျော်သူတို့က ၁၂၄၁ ခု၊ ပြာသိုလပြည့်ကျော် တစ်ရက် တနင်္လာနေ့မှာ ဖွားမြင်ခဲ့တယ် ဆိုပါတယ်။ နာမည်မှာ ပေါ်ထွန်းအောင်ပဲ ဖြစ်ပါတယ်။

သူဟာ အသက် (၁၇)နှစ်သားမှာ အိန္ဒိယပြည် ကာလကတ္တားမြို့သို့ သွားရောက်ပညာသင်ပြီး အသက် (၁၉)နှစ်သားမှာ အင်္ဂလိပ်ပညာ ဆယ်တန်းအောင်ပြီး ပြန်လာခဲ့ပါတယ်။

အဲဒီနှစ်မှာပဲ ပခုက္ကူမြို့ ရေစကြိုတိုက် မဟာဝိသုတာရာမကျောင်းမှာ ရဟန်းပြုခဲ့ပါတယ်။

တဖန် ပခုက္ကူက ကာလကတ္တားသို့ ပြန်ကြွခဲ့ပြန်ပါတယ်။ ဒီတစ်ခေါက် ကာလကတ္တားသို့ ဆရာတော်ရောက်ခဲ့တာကတော့ ဆရာတော်ကို အမျိုးသားလွတ်မြောက်ရေးနဲ့ နယ်ချဲ့ဆန့်ကျင်ရေးဘ၀ ဆီသို့ တွန်းပို့လိုက်စေခဲ့တာပဲ ဖြစ်ပါတယ်။

အဲဒီတုန်းက အိန္ဒိယနဲ့ မြန်မာနိုင်ငံဟာ ဗြိတိသျှနယ်ချဲ့ အုပ်စိုးသူတွေက တစ်ပြည်ထောင်တည်းအဖြစ် ပူးတွဲအုပ်စိုးနေချိန်ပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ အင်္ဂလိပ် ကိုလိုနီ အိန္ဒိယရဲ့ ပြည်နယ်တစ်ခုပဲ ဖြစ်ပါတယ်။

အဲဒီလိုကာလမှာ အိန္ဒိယရဲ့ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲတွေဟာ ဆရာတော် ဦးဥတ္တမအဖို့မှာ အားကျစရာ ဖြစ်လာခဲ့ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ဆရာတော် ကာလကတ္တား ရောက်ချိန်မှာတော့ အိန္ဒိယ ခေါင်းဆောင်တွေဟာ လွတ်လပ်ရေးအတွက် ထကြွနိုးကြားတဲ့ အခိုက်နဲ့ ကြုံကြိုက်လို့ နေခဲ့ပါတယ်။

ဒီလိုနဲ့ ၁၉၀၄ ခုနှစ် အိန္ဒိယ ဘုရင်ခံချုပ် လော့ကာဇင်က ဘင်္ဂလားနယ်ကို အရှေ့နဲ့အနောက် နှစ်ပိုင်းခွဲခြားလိုက်ပါတယ်။ ဒါကို ဘင်္ဂလားအမျိုးသားတို့က မခံမရပ်နိုင်ဖြစ်ပြီးတော့ ဆူပူလာခဲ့ကြပါတယ်။

အိန္ဒိယစာဆို ဒေါက်တာရာဘင်ဒရာနတ်သပ်တခိုး အပါအဝင် ပညာတတ်တွေဟာ ရှုပ်ရှုပ်ချွန်ချွန် တိုက်ပွဲဝင်ခဲ့တယ်။ ဗင်နီဂိုရှ်ဟာ အိုင်စီအက်စ်အရာရှိကြီးတစ်ဦးက အလုပ်ကထွက်ပြီး ကျောင်းအုပ်အဖြစ် လုပ်ပြီးတော့ အမျိုးသားကောလိပ် တည်ခဲ့ပါတယ်။

နယ်ချဲ့သမားကို ဆန့်ကျင်ရေးတိုက်ပွဲဝင်ဖို့ရာအတွက် အသင့်ဖြစ် နေတဲ့ ဆရာတော်ဟာ ဘင်္ဂလားသားတို့နဲ့ တိုက်ပွဲဝင်ကျွန်ချင်းအတူတူ လူမျိုးမခွဲဘဲ ပါဝင်ခဲ့ပါတယ်။ သူတို့ အမျိုးသားကောလိပ်မှာ ဆရာတော် ဟာ ပါဠိနဲ့ ဗုဒ္ဓဘာသာကို သင်ပြပေးခဲ့တာက စပြီးတော့ နယ်ချဲ့ ဆန့်ကျင်ရေးတိုက်ပွဲ စခဲ့ပါတယ်။

အိန္ဒိယကတဆင့် အီဂျစ်၊ ပြင်သစ်နိုင်ငံ စတဲ့ ဥရောပသို့ လှည့်လည်နေစဉ်မှာပဲ ၁၉၀၄ ခု ဂျပန်ရဲ့ ရုရှားစစ်ကို အောင်ပွဲခံလိုက်တဲ့ အရှေ့တိုင်းသား ဂျပန်တွေရဲ့ အစွမ်းအစကို အားကျပြီးတော့ မြန်မာ့ လွတ်လပ်ရေးတိုက်ပွဲအတွက် အတုယူစရာ လေ့လာစရာ လူမျိုးအဖြစ် မှတ်ချက်ချပြီးတော့ ၁၉၀၇ ခုနှစ်မှာ ရန်ကုန်သို့ ခဏပြန်ခဲ့ပြီး အဲဒီနှစ် ဖေဖော်ဝါရီလမှာ ဂျပန်သို့ ပြန်ကြွသွားခဲ့ပါတယ်။

ဂျပန်မှာနေတုန်း ဗြိတိသျှ ကိုလိုနီနယ်ချဲ့ကို တိုက်ဖို့ရာ အာရှ တိုက်သားတွေရဲ့ စည်းရုံးရေးကို ဆောင်ရွက်ခဲ့ပါတယ်။



ဂျပန်က တက္ကသိုလ်မောင်း အလုပ်လုပ်တဲ့ အိန္ဒိယသား ၃၀၀ ဘုံဘေနယ်ဘာဘိုးဒါဓတိတ်က ကျွန်စာရင်းအသွင်းမခံဘဲ လွတ်မြောက် ရေးအတွက် ဂျပန်အကူအညီ ရဖို့ရာ ထွက်ပြေးလာခဲ့တဲ့ မဟာရာဇာ စော်ဘွားတစ်ဦးနဲ့ လွတ်မြောက်ရေး ဆွေးနွေးခဲ့ပါတယ်။

တရုတ်ခေါင်းဆောင် ဒေါက်တာ ဆွန်ယက်ဆင်နဲ့လဲ ဂျပန်မှာ ဆွေးနွေးခဲ့ပါသေးတယ်၊ ဆိုပါတယ်။

၁၉၁၀ ခုမှာ ဂျပန်နိုင်ငံက မြန်မာနိုင်ငံသို့ ပြန်ခဲ့ပါတယ်။ လမ်းမှာတော့ ကိုရီးယားပြီးတရုတ်ပြည်ကတစ်ဆင့် ပြင်သစ်ပိုင် အင်ဒို ချိုင်းနားရှိ ဆေးဂုံသို့ ဝင်ပြီးတော့မှ မြင်ကွန်းမင်းသားကြီးနဲ့ တွေ့ဆုံ ဆွေးနွေးခဲ့ပါသေးတယ်။ အဲဒီနောက်တော့မှ အမျိုးသားလွတ်မြောက် ရေးအတွက် အိန္ဒိယက ဘာဘိုဒါသီဟာရာဇာနဲ့ တွေ့ဆုံဆွေးနွေးဖို့ရာ အတွက် ယိုးဒယားကတစ်ဆင့် မဒရပ်သို့ ပြန်ကြွခဲ့ပါတယ်။

ဒါကြောင့် ဒါကို အင်္ဂလိပ် ရာဇဝတ်ဝန်က သိထားခဲ့ပြီး ဖြစ်နေ ခဲ့တယ်။ ဘာကိုဒါသို့ မသွားတော့ပဲ သီပေါဘုရင်နဲ့ လျှို့ဝှက်ပြီး တွေ့ဆုံခဲ့ပါ သေးတယ်။ အင်္ဂလိပ်အစိုးရ ထားသလို နေရတဲ့ဘဝ ဖြစ်နေရတော့ ဆရာတော်အဖို့ တွက်ကိန်းလွဲခဲ့ရပါတယ်။ ဒီလိုနဲ့ အမျိုးသား လွတ်မြောက်ရေးတိုက်ပွဲကို ပြည်တွင်းမှာပဲ ဆောင်ရွက်ဖို့ရာ မြန်မာ နိုင်ငံသို့ ပြန်ဝင်ခဲ့ပါတော့တယ်။

၁၉၁၁ ခု၊ အဲဒီခုနှစ်မှာ မြန်မာနိုင်ငံသို့ ပြန်ရောက်ခဲ့တယ်။ ရန်ကုန်မြို့မှာ သီတင်းသုံးပါတယ်။ ဆရာတော် ပြန်ရောက်လာတဲ့အခါ သူရိယသတင်းစာကို ဦးဘဖေနဲ့ ဦးလှဖေတို့က ထုတ်ဝေခဲ့ကြတယ်။ မြန်မာနိုင်ငံမှာ ရှေးဦးဆုံး ထူထောင်ခဲ့ကြတဲ့ ဘာသာရေးအသင်းအစု ကလေးတွေက တစ်ဆင့်စုပေါင်းဖွဲ့စည်းလိုက်ကြတဲ့ ဗုဒ္ဓကလျာဏယုဝ

www.burmeseclassic.com

www.burmeseclassic.com



အသင်း (ဝိုင်အမ်ဘီအေ) တွေ စတင်လှုပ်ရှားချိန် ဖြစ်တယ်…။

ဒါဟာ တိုင်းရေးပြည်မှု မပါခဲ့သေးပါဘူး။ နိုင်ငံရေးသဘော မဆောင်ပါဘူး‥ ဘာသာရေးနဲ့ ယှဉ်တဲ့ ဂရုဓမ္မသီလစောင့်ရေး စည်းလုံး ညီညွတ်ရေး ကိုယ်ကျင့်တရား ကောင်းမွန်ရေး ခြိုးခြံချွေတာရေး ပညာရေး ဗဟုသုတ ဆည်းပူးရေးတရားပဲ ဟောနေချိန် ဖြစ်ခဲ့ပါတယ်။

အဲဒီအချိန်မှာ အဲဒီတရားတွေထက် ပြင်းတဲ့တိုက်ပွဲခေါ်တဲ့ အမျိုးသား လွတ်မြောက်ရေးကို လှုံ့ဆော်တဲ့ ဆရာတော်ရဲ့ တရားမှာ ထင်ရှားလာခဲ့ပါတယ်။

တိုင်းပြည်လွတ်လပ်ရေး ရရာရကြောင်းအလုပ်ကို ပထမဦးဆုံး ညီညီညွတ်ညွတ် စုပေါင်းလုပ်သင့်ကြတယ် ဆိုတာမျိုးပါပဲ။

တခါ သံဃာ လူ ဘယ်သောအခါမှ ခွဲခြားလို့မရ… သာသနာ တော်ကြီး တကယ်စည်ပင်ပြန့်ပွားတိုးတက်စေချင်ရင် ထာဝရပူးတွဲပြီး လွတ်လပ်ရေးရအောင် ပထမဆုံး အရေးကြီးဆုံး ဖြစ်တာကို ကျိုးကြောင်းပြသွန်း တိုက်တွန်းခဲ့ပါတယ်။

ဒီလိုနဲ့ ဆရာတော်ဟာ အမျိုးသားလွတ်မြောက်ရေးအတွက် မြို့ကြီးမြို့ငယ်ပေါင်း အများအပြားသို့ အကြိမ်ကြိမ်အခါခါ လှည့်လည် ဟောပြောတော်မူခဲ့ပါတယ်။ ဒါ့ပြင် သူရိယသတင်းစာကနေ ခေါင်းကြီး ပိုင်းနဲ့ အခြားဆောင်းပါးတွေကို ကူညီရေးပေးနေခဲ့ပါတယ်။ အများဆုံး အကြံပေးချက်တော့ ဝံသာနုရက္ခိတ တရားကို မြန်မာတွေ စောင့်စည်းဖို့တွေ ဟောပါတယ်။ နိုင်ငံခြားအဝတ်ကို မဝတ်ကြဖို့နဲ့ တိုင်းရင်းဖြစ် ဝတ်ဖို့ ကိုယ်တိုင်ရက်လုပ်တဲ့ ဝံသာနုပင်နီနဲ့ ယောထဘီကို ဆင်မြန်းကြဖို့ လှုံ့ဆော်ခဲ့ပါတယ်။

ဆရာတော်ဟာ ကမာရွတ်က ကျောင်းခန်းတစ်ခန်းမှာ



တစ်ပါးတည်း နေထိုင်ပြီး တိုင်းရင်းဖြစ် အဝတ်ကို ဝတ်သူနဲ့မှသာ စကားလက်ခံပြောခဲ့ပါတယ်။

ဆရာတော်က "မြန်မာတို့သည် နိုင်ငံခြား အထည်အလိပ် ဟူသမျှကို ပယ်ရမည်။ နိုင်ငံခြား စားဖွယ်သောက်ဖွယ် နိုင်ငံခြား စည်းစိမ်တို့သာဖြစ်သော သုရာ။ စက္ကူ ဆေးလိပ် စသည်ဖြင့် အခြား မကောင်းသော အရာဟူသမျှကို ရှောင်ကြဉ်ကြရမယ်။ မြန်မာတို့သည် သီလကို စောင့်ထိန်း၍ အမျိုးကို ချစ်ခင်ကြရမယ်။ အလုပ်အကိုင်ကို အားထုတ်သော လူမျိုးဖြစ်စေပြီးလျှင် ကိုယ်တိုင်လေ့လာသင်ကြားရမယ်။ တခြား လူတစ်ဦး (သို့မဟုတ်) လူမျိုးတစ်မျိုးကို အားမကို လိုသောလူမျိုး ဖြစ်စေမည်။ ပျပ်ဝပ်သောသဘောကို မြန်မာတို့၏ စိတ်မှ နုတ်ပယ် ပစ်ရမည်။ အချင်းချင်းယုံကြည်အားထားနိုင်စေရန် ဖြောင့်မတ်စွာ အားထုတ်ကြရမည်"ဟု ဟောပြောခဲ့ပါတယ်။ မြန်မာပြည်သူတို့ကို ဝံသာနုအသင်းတွေ တိုးလာစေခဲ့ပါတယ်။ ဆရာတော် ဟောပြောမှုနဲ့ အတူ ဝံသာနုအသင်းတွေ တိုးတက်လာခဲ့ပါတယ်။

ဆရာတော်ဟာ တရားဟောရာမှာ နားရှင်းအောင် ဟောလေ့ ရှိပါတယ်။ ပြီးတော့ တရားနာသူတွေ မပျင်းရိစေဖို့ရာ ရယ်ရွှင်ဖွယ်ရာ ပုံပြင်ကလေးတွေ ကြားညှပ် ဟောတတ်တာကြောင့်လည်း ပရိသတ်က နှစ်ခြိုက်ကြပါတယ်။ မှန်တဲ့အချက်တွေကို မထောက်မညှာ ဟောတာ ကြောင့်လည်း မှန်ကြောင်း ထောက်ခံတတ်ကြတာကြောင့်လဲပဲ ဖြစ်ပါတယ်။

ဆရာတော် ဟောပြာရာမှာလဲ ရခိုင်သံကလေး ဝဲဝဲနဲ့ အပြော ပိုင်နိုင်လှတယ် ဆိုပါတယ်။

အင်္ဂလိပ်အစိုးရကို ရူးရှပိုင်နိုင်တဲ့ စကားလုံးတွေနဲ့ တိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com



ရာမှာ နှောင်ခေတ်သခင်တို့တွေရဲ့ ရှေ့ပြေးအလင်း ကိုယ်တော်ကြီး ဖြစ်ကြောင်း တင်စားခဲ့ကြပါတယ်။ တရားဟောစင်မြင့်ပေါ်က သူ့ရဲ့ ပိုင်နိုင်တဲ့ စကားလုံးတွေနဲ့ သူ့ရဲ့ အမူအရာတွေမှာ အပိုအလိုမရှိပါ။ ဒါဟာ ဆရာတော်ရဲ့ အောင်မြင်ခြင်း အထိမ်းအမှတ်ပဲ ဖြစ်ခဲ့ပါတယ်။

ဆရာတော်ရဲ့ တရားပွဲကြောင့် တရားနာသူ တစစများလို့ လာခဲ့တယ်ဆိုပါတယ်။ သူရိယသတင်းစာကလည်း ဆရာတော်ရဲ့ ဟောပြောချက်တွေကို ဖော်ပြပြီးတော့ အထူးချီးကျူး ရေးသားခဲ့တာကြောင့် တစ်နိုင်ငံလုံးမှာ နာမည်ကျော်ကြားလာခဲ့ပါတယ်။ နိုင်ငံရေးတရား နာပြီးတော့ အစိုးရက မဖမ်းဘူးလို့ စိတ်ချရတာကြောင့်လဲ ခရိုင်မြို့နယ်တွေက ဆရာတော်ရဲ့ နိုင်ငံရေးတရားကို နာယူဖို့ရာ ပင့်ဖိတ်လာကြပါတော့တယ်။ ဒါကြောင့် ခရိုင်မြို့နယ်မပြတ် လှည့်လည်ဟောခဲ့တာကြောင့် မြန်မာတစ်ပြည်လုံး စတင်နိုးကြားထကြွစပြုလို့ လာခဲ့ကြပါတော့တယ်။

ဒီလိုနဲ့ ၁၉၂၁ ခုနှစ်ကာလဟာ ကျောင်းသားသပိတ် အရှိန်အဝါ မြင့်မားနေချိန် ဖြစ်ပါတယ်။ အဲဒီကာလမှာ ဆရာတော်ဟာ ဦးဘဖေ မဒန်ဂျစ် ဦးဝေပုလ္လကိုယ်တော်။ ကျောင်းဆရာကိုသက်ပန်တို့နဲ့အတူ အမြို့မြို့အရွာရွာသို့ တရားလှည့်လည် ဟောဖို့ရာ ၁၉၂၁ ခု၊ မတ်လ (၃)ရက်နေ့မှာ ရန်ကုန်ကနေ ကြံခင်းမြို့သို့ မတ်လ (၅)ရက်နေ့ ညနေ (၅)နာရီအချိန် ရောက်ခဲ့တယ်။ မတ်လ (၅)ရက်နေ့ ညမှာ တရားဟောပြီး ကြံခင်းမြို့က ထွက်လာခဲ့ပြီး အင်္ဂပူမြို့သို့ မတ်လ (၆)ရက်နေ့မှာ ဆိုက်ရောက်တယ်။ အဲဒီည တရားဟောပြီးတဲ့နောက် အင်္ဂပူက ထွက်ခွာခဲ့ပြီး ဟင်္သာတမှာ မတ်လ (၇)ရက် တရားဟောတယ်။ ပြီး.. ဦးဝေပုလ္လကိုယ်တော်နဲ့အတူ နှစ်ပါးတည်း ဟင်္သာတမြို့က ထွက်ခွာလာခဲ့တယ်။ ကျောက်ကုန်းမြို့သို့ မတ်လ (၈)ရက်နေ့မှာ ရောက်တယ်။



မတ်လ (၁၀)ရက်နေ့မှာ တရားဟောနေစဉ် ဖျာပုံစီရင်စုက ဒေးဒရဲမြို့ အပိုင် ဆူးလပ်ရွာကြီးမှာ တရားဟောစဉ်က ဟောပြောတဲ့ တရားဟာ အစိုးရကို အကြည်အညိုပျက်စေတဲ့ အချက်အလက်တွေပါတယ်လို့ ဆိုပြီးတော့ ဖျာပုံအရေးပိုင်က ပုဒ်မ ၁၂၄ (က) အရ ဖမ်းဆီးခဲ့ပါတယ်။ ဖမ်းဆီးပြီးတော့ ဖျာပုံသို့ ပို့ခဲ့ပါတယ်။ အဲဒီက တစ်ဆင့် မအူပင်မြို့ စက်ရှင်တရားသူကြီး ဦးဘိုးလှရုံးက စစ်ဆေးပြီးတော့ ပုဒ်မ ၁၂၄(က) အရ ပြစ်မှုထင်ရှားတာကြောင့် အလုပ်ကြမ်းနဲ့ ထောင်ဒဏ်သုံးနှစ် ပေးခဲ့ပါတယ်။ ဆရာတော်ကဲ့သို့ မိမိတိုင်းပြည်နဲ့ နိုင်ငံအကျိုးကို ဆောင်ရွက်နေသူတစ်ဦးကို နိုင်ငံရေးနဲ့ ထောင်ဒဏ်ပေးတာဟာ မြန်မာပြည်မှာ ဒါပထမဆုံးဖြစ်တယ်ဆိုပါတယ်လို့ မိုးကြိုး ဦးအုန်းခင်က ရေးခဲ့ပါတယ်။

ဒီလိုနဲ့ ဆရာတော်အရှင်မြတ်ကို နယ်ချဲ့သမားက ဖမ်းဆီး ထောင်ချလိုက်တာကို အကြောင်းပြုပြီးတော့ မြန်မာ့နိုင်ငံရေးကို သံဃာရော လူရော စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်လာခဲ့ကြပါတော့တယ်။ သံဃာသမဂ္ဂီအဖွဲ့တွေ ဖွဲ့ကြတယ်။ အဲဒီကမှတစ်ဆင့် မဟာ သံဃာ့သမဂ္ဂအဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းထူထောင်ခဲ့ကြပါတယ်။ အမျိုးသမီး ကုမ္မာရီအဖွဲ့တွေလည်း ရာနဲ့ထောင်နဲ့ချီခဲ့ပြီး မြို့တိုင်းရပ်တိုင်း လိုလိုမှာ ပေါ်ပေါက်လာခဲ့ပါတော့တယ်။ ရန်ကုန်ပုလိပ်မင်းကြီး အမိန့် ထုတ်ထားတဲ့ကြားက ဆရာတော်ကို ဖမ်းဆီးထောင်ချမှုကို ဆူပူ ကန့်ကွက်ခဲ့ကြပါတယ်။ အဲဒီလို တစ်မျိုးသားလုံး အုံကြွလာတာဟာ ဆရာတော်ရဲ့ စေ့ဆော်ချက် လှုံ့ဆော်မှုရဲ့ အောင်ပွဲပဲ ဖြစ်ခဲ့ပါတယ်။

မြန်မာပြည်သူတွေရဲ့ နိုင်ငံရေး အနိုးကြားဆုံးကာလ ၁၉၂၀-၂၁-၂၂ ခုနှစ်တွေအတွင်းမှာပဲ ဆရာတော်ကို ထောင်က လွှတ်ပေးခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ စာရိတ္တကောင်းလို့လို့ အကြောင်းပြခဲ့ပါတယ်။ တကယ်တော့ ပြည်သူတို့ရဲ့ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ အရှိန်မြင့်လာလို့ပဲ ဖြစ်ပါတယ်။

၁၉၂၂ ခု၊ ဇွန်လ (၂၆)ရက် မအူပင်ထောင်က လွတ်ပြီးတော့ ဇူလိုင်လ (၁၅)ရက်နေ့ (၁၂း၀၀)နာရီအချိန်မှာ ရန်ကုန်မြို့ ဂျူဗလီဟောမှာ မြန်မာအသင်းချုပ်ကြီးရဲ့ အစည်းအဝေးကြီးကို ကျင်းပရာမှာ ဆရာတော်က ဩဝါဒစကား ပြောကြားခဲ့ပါတယ်။ နယ်ချဲ့သမားရဲ့ ပရိယာယ် ကွန်ယက်ဖြစ်တဲ့ ဒိုင်အာခီကောင်စီအတွင်းသို့ မဝင်ဖို့ဘဲ ဖြစ်ပါတယ်။ ဒါကို မေတ္တာရပ်ခံခဲ့ပါတယ်။

၁၉၂၂ ခု၊ ဇူလိုင်လ (၂၉)ရက်နေ့မှာတော့ မန္တလေးသို့ ကြွခဲ့ပါတယ်။ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေးတရား ဟောခဲ့ပါတယ်။ အမျိုးသားလွတ်မြောက်ရေးအတွက်ပါပဲ။ အဲဒီနောက် ဥရောပအနောက်နိုင်ငံတွေသို့ ကြွရောက်ပြီး ၁၉၂၄ ခုမှာ မြန်မာနိုင်ငံသို့ ပြန်လာခဲ့ပါတယ်။ ဩဂုတ်လ (၁၆)ရက်နေ့မှာ မန္တလေးမြို့သို့ တရားဟောဖို့ ကြွခဲ့ပါတယ်။ (၂၁)ဦးအဖွဲ့တို့ နှောင့်ယှက်တာကြောင့် ရဲအစောင့်နဲ့ ရန်ကုန် ပြန်ကြွခဲ့ရပါတယ်။ ရန်ကုန်မြို့ လမ်းမတော်မှာ မြို့လုံးကျွတ်အစည်းအဝေး ခေါ်ပြီးတော့ အင်္ဂလိပ်ဆန့်ကျင်ရေးတရား ဟောပြီး (၇)ရက်အတွင်းမှာ ဒုတိယအကြိမ် အဖမ်းခံခဲ့ရပြီးတော့ ထောင်ဒဏ်သုံးနှစ် ကျခဲ့ပြန်ပါတယ်။

၁၉၂၇ ခု၊ ဖေဖော်ဝါရီလမှာ ဆရာတော် ထောင်က လွတ်တာနဲ့ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ ဝင်ပြန်ပါတယ်။ ၁၉၂၇ ခု၊ မတ်လ (၂၁)ရက်နေ့ ပဲခူး၊ သဲဖြူချောင်းကွင်းမှာ ကျင်းပတဲ့ ဦးစိုးသိမ်းဂျီစီဘီအေရဲ့ (၁၄)ကြိမ်မြောက် အစည်းအဝေးမှာ မိန့်ခွန်းပြောခဲ့ပါတယ်။



အဲဒီနောက် အိန္ဒိယပြည် မဒရပ်မြို့မှာ ကျင်းပတဲ့ အိန္ဒိယအမျိုးသားကွန်ဂရက်သို့ တက်ရောက်ခဲ့ပါတယ်။

အိန္ဒိယပြန်လာတဲ့အခါမှာလည်း အမျိုးသားလွတ်မြောက်ရေးနဲ့ နယ်ချဲ့ဆန့်ကျင်ရေးတရားတွေကို လှည့်လည်ဟောကြားခဲ့ရာ ၁၉၂၈ ခုနှစ် ကျိုက်ထီးရိုးကအပြန်မှာ တတိယအကြိမ် အဖမ်းခံရပြန်ပါတယ်။ တတိယအကြိမ် ထောင်ကလွတ်ပြီးတဲ့ နောက်မှာလည်း ဆရာနဲ့ဗျာဒိတို့ရဲ့ ဖိစီးမှုခံရတဲ့ကြားက နိုင်ငံရေးတရား ဟောခဲ့ပါသေးတယ်။

နောက်ဆုံး ဆီးချိုရောဂါဝေဒနာနဲ့ပဲ လူအင်အား ဦးနောက်အင်အားချို့တဲ့ပြီးတော့ ရန်ကုန်ဆေးရုံကြီးမှာ ၁၃၀၁ ခု၊ ဝါခေါင်လဆုတ် (၁၁)ရက် (၉-၉-၃၉)မှာ ဘဝနတ်ထံပျံသွားခဲ့တာ သိရပါတယ်။

ဆရာတော်ဟာ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးကို ကျွန်ပြုတဲ့နယ်ချဲ့စနစ် ကိုလိုနီစနစ်ကို ဆန့်ကျင်ခဲ့တယ်။ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲကို ဦးဆောင်ခဲ့ပါတယ်။ တိုက်ပွဲမှာ ရဟန်းရှင်လူပြည်သူတစ်ရပ်လုံး ပါဝင်စေဖို့ စည်းရုံးခဲ့တယ်။ လှုံ့ဆော်ခဲ့တယ်။ သတ္တိသွေး မွေးပေးခဲ့ပါတယ်။

ဆရာတော်ရဲ့ လှုံ့ဆော်ဟောပြောမှု လက်တွေ့လုပ်ရပ်တွေကြောင့် ဆရာတော်ရဲ့ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲခေတ် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲခေတ်တွေမှာ ပြည်သူတို့ရဲ့ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ အရှိန်အမြင့်မားဆုံး ဖြစ်ခဲ့ရပါတယ်။

ဆရာတော် ဦးဥတ္တမဟာ ပြည်သူ့အကျိုးစီးပွားကိုသာပဲ ရှေးရှုခဲ့ပါတယ်။ ပြတ်သားတဲ့ ဆုံးဖြတ်ချက်နဲ့ ပြည်သူ့ဘက်ကပဲ လိုက်ခဲ့ပါတယ်။ ပြည်သူ့အတွက် ဆုံးဖြတ်ချက်နဲ့ပဲ ပြည်သူဘက်ကသာပဲ လိုက်ခဲ့ပါတယ်။ ပြည်သူ့အတွက်ကို ပြည်သူကိုစည်းလုံးပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူတို့နဲ့အတူ ရှေ့တန်းက တိုက်ပွဲဝင်ခဲ့ပါတယ်။

ဆရာတော်ရဲ့ ကျေးဇူးတော် အစုံစုံတို့ ပူဇော်ကန်တော့ရင်းက ပြည်ထောင်စုသား အားလုံးက နယ်ချဲ့စနစ် ကိုလိုနီစနစ်ကို ဆန့်ကျင်ပြီးတော့၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ပြီးတော့၊ လွတ်လပ်ရေးနဲ့ နိုင်ငံ့အချုပ်အခြာ အာဏာကို ကာကွယ် စောင့်ရှောက်ကြရမှာကို ရှေ့ဆောင်လမ်းပြ ပြုခဲ့တာကို အစဉ်သတိရ အောက်မေ့နေမိခဲ့ပါတော့ဘယ်။ မိမိကိုယ်ကိုလည်း ဒီစိတ်မြဲစေဖို့ရာ သတိပေး လှုံ့ဆော်လို့သာ နေမိပါတော့တယ်။

"နောင်ဥဒါန်း… ဘယ်မကျေစရာ
ရာဇဝင် အထင်အရှား…
တို့ခေတ်တွင်မှ ညှဲ့ကြတော့မှာလား…"

(ဘိုမအေသီချင်း)မှ

**** **** ****

# အာဇာနည်ဦးဥတ္တမ (သာခြင်း)

ကမ္ဘာက သိကတ်လီယင့် မြန်မာ့အာဇာနည် မြန်မာ့အာဇာနည် ဆရာတော်ဦးဥတ္တမ ကျွန်တော်တို့အာဇာနည် မြန်မာပြည်လွတ်လပ်ရေးရဖို့အတွက်နဲ့ တော်လှန်ရေးမျိုးစေ့ကို ချပီးစွာက ကျွန်တော်တို့ အာဇာနည် အားလုံး သူလဲ သိကတ်လီ။ ကမ္ဘာပြတ်သားလဲ သိကတ်လီ မြန်မာ့သွေးရောင် ဆောင်ပါသည်။ အမည်နာမ ရှင်ဥတ္တမတွင်သည်။

ဆရာတော်ဦးဥတ္တမ ကျေးဇူးတရားကြီးမားလှသည်။ ကိုယ့်ဌာနီ၊ ကိုယ့်လူမျိုးကို နယ်ချဲ့စိုးစော်မခံနိုင်သည် လွတ်လပ်သောနိုင်ငံရှိကို



သွားရောက်ကာ လေ့လာခဲ့သည်။ တိုင်းခြားစာပီဘာသာကိုးမျိုးကို တတ်ကျွမ်းကာ နားလည်ပါသည်။

ယင်းပိုင်အသိတရားနဲ့ မြန်မာပြည်တလွှားမှာ တော်လှန်ရေးတရား ဟောကြားသည်။ တရားဟောကေ ဖမ်းသည်။ လွှတ်ကေ ဟောသည်။ ဟောကေ ဖမ်းသည်။ နယ်ချဲ့အစုတ်ကို ဆရာတော် မထိထောင်အခါခါ ကျလတ်ခါ မြန်မာသွေးကို ထုတ်လို့ ပြခသည် မြန်မာပြည် အာဇာနည်မျိုးဇာနည် ရခိုင်ပြည်အတွက် မတစ်ထောင်မှာ တစ်ကောင်ရာ ဖွားကေ ကျားကျားလျားလျား ယောကျ်ားအာဇာနည် ကျေးဇူးတော် အနန္တကို ဇာခါဆပ်လို့ ကျေဖို့မထင်သည် သတိရကတ်လီ အောက်မေ့တမ်းတသည်။ ကျေးဇူးရှင် ဆရာတော်ဘုရား နတ်ရွာနန်းက သာစုခေါ်ပါစီ…။

မြန်မာပြည် လွတ်လပ်ရေးရဖို့အတွက်နဲ့ တော်လှန်ရေးမျိုးစေ့ကို ချပီးစွာက ကျွန်တော်တို့ အာဇာနည် အားလုံးသူလဲ သိကတ်လီ ကမ္ဘာပြတ်သားလဲ သိကတ်လီ မြန်မာ့သွေးရောင် ဆောင်ပါသည်။ အမည်နာမ ရှင်ဥတ္တမတွင်သည်။

ဆရာတော်ဦးဥတ္တမ ကျေးဇူးတရားကြီးမားလှသည်… ကိုယ့်ဌာနီ ကိုယ့်လူမျိုးတို့ နယ်ချဲ့စိုးစော်မခံနိုင်သည် လွတ်လပ်ရေနိုင်ငံရှိကို သွားရောက်ကာ လေ့လာခသည် တိုင်းခြားစာပီ ဘာသာကိုးမျိုးကို တတ်ကျွမ်းကာ နားလည်ပါသည်။ ယင်းပိုင်အသိတရားနဲ့ မြန်မာပြည်တလွှားမှာ တော်လှန်းရေးတရား ဟောကြားခဲ့သည် တရားဟောကေ ဖမ်းသည်။ လွှတ်ကေ ဟောသည်။ ဟောကေ ဖမ်းသည်။ နယ်ချဲ့ အစုတ်ကို ဆရာတော်မထိ ထောင်အခါခါကျလတ်ခါ မြန်မာ့သွေးကို ထုတ်လို့ပြခသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည် အာဇာနည်၊ မျိုးဇာနည် ရခိုင်ပြည်သား မတစ်ထောင်မှာ တစ်ကောင်ရာဘွားရေ ကျားကျားလျားလျား ယောကျ်ားအာဇာနည် ကျေးဇူးတော် အနန္တကို ဇာခါပင်ဆပ်လို့ ကျီဖို့မထင်သည် သတိရှိကတ်လီ အောင့်မေ့တမ်းတသည်။ ကျေးဇူးရှင်ဆရာတော်ဘုရား နတ်ရွာနန်းက သာစုခေါ်ပါလီ....။

# အာဇာနည်ဦးဥတ္တမ (သီချင်း) (မြန်မာပြန်)

ကမ္ဘာက သိကြလေရဲ့ မြန်မာ့အာဇာနည်×××မြန်မာ့အာဇာနည် ဆရာတော်ဥတ္တမ××× ကျွန်တော်တို့ အာဇာနည်××× မြန်မာပြည် လွတ်လပ်ရေးရဖို့အတွက်နဲ့ တော်လှန်ရေးမျိုးစေ့ကို××× ချပေးတာ ကျွန်တော်တို့ အာဇာနည်××× အားလုံးသူလဲ သိကြလေ ကမ္ဘာသားများ လဲ သိကြလေ မြန်မာ့သွေးရောင် ဆောင်ပါသည် အမည်နာမရှင်ဥတ္တမ တွင်သည်×××

ဆရာတော်ဦးဥတ္တမ××× ကျေးဇူးတရားကြီးမားလှသည်××× ကိုယ့်ဌာနေ ကိုယ့်လူမျိုးကို နယ်ချဲ့စိုး(စော်)စိုးတာမခံနိုင်သည်××× လွတ်လပ်တဲ့နိုင်ငံတို့ကို သွားရောက်ကာ လေ့လာခဲ့သည်××× တိုင်းခြား စာပေ ဘာသာကိုးမျိုးကို××× တတ်ကျွမ်းကာ နားလည်ပါသည်××× အဲဒီလို အသိတရားနဲ့ မြန်မာပြေတလွှားမှာ တော်လှန်ရေးတရား××× ဟောကြားသည်××× တရားဟောရင် ဖမ်းသည်××× လွတ်ရင် ဟောသည်××× ဟောရင် ဖမ်းသည်××× နယ်ချဲ့အစုတ်ကို ဆရာတော်မထီ ထောင်အခါခါ ကျပြီးခါ မြန်မာ့သွေးကို ထုတ်လို့ ပြခဲ့သည်×××



မြန်မာပြည် အာဇာနည် မျိုးဇာနည် ရခိုင်ပြည်အတွက်××× မတစ်ထောင်မှာ တစ်ကောင်သာဖွားတဲ့ ကျားကျားလျားလျား ယောကျ်ား အာဇာနည်××× ကျေးဇူးတော်အနန္တကို ဘယ်ခါမှ ဆပ်လို့မကျေ ထင်သည်××× သတိရှိကြလေပါ××× အောက်မေ့တမ်းတပါတယ် ကျေးဇူးရှင်ဆရာတော်ဘုရား နတ်ရွာနန်းက သာစုခေါ်ပါစေ×××

မြန်မာပြည် လွတ်လပ်ရေးရဖို့အတွက်နဲ့ တော်လှန်ရေးမျိုးစေ့ကို ချပေးခဲ့တာက××× ကျွန်တော်တို့ အာဇာနည် အားလုံးသူလဲ သိကြလေ××× ကမ္ဘာလုံးသားများလဲ သိကြပါလေ××× မြန်မာ့ သွေးရောင် ဆောင်ပါသည်××× အမည်နာမ ရှင်ဥတ္တမတွင်သည်×××

ဆရာတော်ဦးဥတ္တမ ကျေးဇူးတရားကြီးမားလှသည်××× ကိုယ့်ဌာနေ ကိုယ့်လူမျိုးတို့ နယ်ချဲ့စိုး(စော်)စိုးတာ မခံနိုင်သည်××× လွတ်လပ်သောနိုင်ငံတို့ကို သွားရောက်၍ လေ့လာခဲ့သည်××× တိုင်းခြား စာပေ ဘာသာကိုးမျိုးကို တတ်ကျွမ်းကာ နားလည်ပါသည်××× အဲဒီလို အသိတရားနဲ့ မြန်မာပြည်တလွှားမှာ တော်လှန်ရေးတရား ဟောကြားခဲ့ သည်××× တရားဟောရင်ဖမ်းသည်××× လွတ်ရင်ဟောသည်××× ဟောရင်ဖမ်းသည်××× နယ်ချဲ့အစုတ်ကို ဆရာတော်မထီ ထောင်အခါခါ ကျလို့သာ မြန်မာ့သွေးကို ထုတ်လို့ပြခဲ့သည်×××

မြန်မာပြည် အာဇာနည် မျိုးဇာနည် ရခိုင်ပြည်သား မတစ်ထောင်မှာ တစ်ကောင်သာဖွားတဲ့ ယောကျ်ားအာဇာနည်××× ကျေးဇူးတော် အနန္တကို ဘယ်လိုမှ ဆပ်လို့ကျေဖို့ မထင်သည်××× သတိရှိကြလေ××× အောင့်မေ့တမ်းတသည်××× ကျေးဇူးရှင် ဆရာတော် ဘုရား နတ်ရွာနန်းက သာစုခေါ်ပါလေ×××

**** **** ****

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

# တောင်ပိုင်းရခိုင်ဒေသ

## (မြင့်မြတ်ခြင်း)

ကိုယ်ကျင့်သီလ ဘာပဲဖြစ်ဖြစ် ထိုင်းမြင့်မြတ်သွားရင် ဘယ်အလုပ်ပဲလုပ်လုပ် အဲဒီအလုပ်က ကိုယ့်ရဲ့ မြင့်မြတ်မှုကို အကောင်အထည် ဖော်ပေးနေတယ်။

ကိုယ်လုပ်တဲ့အလုပ်က ကိုယ့်ရဲ့ မှူတတဲ့စိတ်နဲ့ အသိဉာဏ်ကို လေးနက်အောင် မြင့်မြတ်အောင် လုပ်ပေးနေတယ်။

စိတ်ချမ်းသာမှုရအောင် လုပ်ပေးနေတယ်။

(ဆရာတော်ဦးဇောတိက)

## (ဝန်ခံခြင်း)

လူဟာ အရာရာ မပြည့်စုံနိုင်ပါ။ ဒါကြောင့်မို့ အားနည်းချက်ကို ဝေဖန်ထောက်ကူ ပေးကြပါ...၊ ကျေးဇူးတင်ပါတယ်။

(စာရေးသူ)

## လားလို့ကြွကတ်မေ

ရေး-အောင်စံဖွေ / ဆို-ဦးသိန်းအောင်

(လာယ်××× လာယ်××× လာယ် အကျွန်ရို့ ခေါ်ယူရေ××× သွားကြွဖို့ လားကတ်မေ××× ရှိဟောင်းပစ္စည်း အမွှီအနှိုက်ရို့ကို



လေ့လာကတ်လို့ ထိန်းသိမ်းဖော်ထုတ်မေ×××)၂

(ယင်းပိုင်ရာ ဖော်ထုတ်မေ××× အကျွန်ရို့ ရခိုင်မာလေ××× (ဘစောင်)၂ တိုးတက်ရေ ဇာပြေရို့နန့် ဆက်သွေခလေ ဇာမင်းရို့က အုပ်စိုးခလေ နောင်လာနောင်သား အားလုံးသိလီမေ×××)၂

တေးစုံ (ရခိုင် ပြေမာ ရှိခိုက်အယင်ခါ ထီးနန့် နန်းနန့် အုပ်စိုးခစွာ အထင်အရှား ဟိပါရေ)၂

ရွှီရောင် ငွီရောင် ပြောင်ပြောင်လွှမ်းလို့ လျှမ်းလျှမ်းပြောင်ညီး ဖြူဖြူဖွီးပါရေ××× ဇာတီပုထိုး အမျိုးမျိုးနန့်××× မြို့ရိုးတံတိုင်း ပြအိုး ဟိပါရေ××× အဂုခါမာလေ××× အုတ်ကျိုး အုတ်ပေ့ ပျက်စီးနိန့်လို့ ရှုမြင်မကောင်း ဟိနီကတ်ပါရေ)၂

(ယေကေလေးသော့ ကြီးပွားစေပင် ခမ်းနားခစွာ ခန့်မှန်း သိနိုင်ရေ)၂

(လာယ်××× လာယ်××× လာယ် အကျွန်ရို့ ခေါ်ယူရေ××× ကြွဖို့ လားကတ်မေ××× ရှိဟောင်းပစ္စည်း အမွှီအနှိုက်ရို့ကို လေ့လာကတ်လို့ ထိန်းသိမ်းဖော်ထုတ်မေ×××)၂

## သွားလို့ကြည့်ကြမယ် (မြန်မာပြန်)

ရေး-အောင်စံဖွေ/ ဆို-ဦးသိန်းအောင်

(လာခဲ့××× လာခဲ့××× လာခဲ့××× ကျွန်တော်တို့ ခေါ်ယူတယ်××× သွားကြည့်ဖို့ သွားကြမယ်××× ရှေးဟောင်းပစ္စည်း အမွေအနှစ်တွေကိုလေ့လာ×××ကြလို့××× ထိန်းသိမ်းဖော်ထုတ်မယ်)၂

(အဲဒီလို ဖော်ထုတ်မယ်××× ကျွန်တော်တို့မှာလေ××× ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



တိုးတက်တယ်××× ဘယ်ပြည်တွေနဲ့ ဆက်သွယ်ခဲ့တယ်××× ဘယ်မင်းတို့က အုပ်စိုးခဲ့တယ်××× နောင်လာနောက်သားအားလုံး သိလိမ့်မယ်×××)၂

သပြိုင် (ရခိုင်ဒေသမှာ ရှေးတုန်းကဟိုအခါ ထီးနဲ့နန်းနဲ့××× အုပ်စိုးခဲ့တာ အထင်အရှား ရှိပါတယ်)၂

ရွှေရောင်ငွေရောင်××× ပြောင်ပြောင်လွှမ်းလို့ လျှမ်းလျှမ်း ပြောင်ညီ××× ဖြူဖြူဖွေးပါတယ်××× စေတီပုထိုးအမျိုးမျိုးနဲ့××× မြို့ရိုးတံတိုင်း ပြအိုးရှိပါတယ်××× ခုနေခါမှာလေ××× အုတ်တွေက ကျိုး××× ပျက်စီးနေလို့ ရှုမြင်မကောင်း ရှိနေခဲ့ကြပါတယ်)၂

(လာ×××လာ×××လာ××× ကျွန်တော်တို့ ခေါ်ပါတယ် ကြည့်ဖို့ သွားကြမယ်××× ရှေးဟောင်းပစ္စည်း အမွေအနှစ်တွေကို လေ့လာကြဖို့ ထိန်းသိမ်းဖော်ထုတ်မယ်)၂

# (အညွန်း)

ရေးချင်ရာရေး ရသပဲ··၊ ရေးတတ်ရင် ရသဖြစ်တယ်ဆိုတာ ရှိတယ်။ ဒါပေမဲ့ အဘိဓမ္မာ မမဲ့ရဘူး။ အနှစ်သာရ ရှိရမယ် ဆိုတယ်။

ဒီအမြင်နဲ့ မိမိဟာ မိမိအင်မတန် ရွံရှာစက်ဆုပ်လှတဲ့ လောလော လတ်လတ်မှာ ကြုံတွေ့လိုက်ရတဲ့ တစ်ကိုယ်ကောင်းဆန်လွန်းသူ နှစ်ယောက်နဲ့ ရင်ဆိုင်ကြုံတွေ့လိုက်ရပါတယ်။ ဒီစရိုက်ကို မကြိုက်ဘူး။ စက်ဆုပ်တယ်။ ရှုတ်ချချင်တယ်။ ရှုတ်ချရမယ်။

အစားအသောက်ကအစ ငတ်ကြီးကျလွန်းသူတွေ ဆိုပါတော့။ ဥပမာဆိုပါတော့ အစားအသောက်က နည်းနေတဲ့အခါ မိမိကတစ်ခါ လျှော့ပေးလိုက်ရင် ကိုယ့်ကိုယ်သူက တစ်သက်လုံး လျှော့ပေး လေးစား



သွားမယ်ဆိုတာ အားလုံးအသိပဲ။ ခု ဒါကလေးတောင်မှ မဆင်ခြင် နိုင်သူတွေ ဘကြီးညာကြီး နာမည်ခံသူတွေကို (ရယူစိတ်ပဲသိသူ တွေ) မိသားစုအချို့တွေနဲ့ ရင်ဆိုင်ကြုံတွေ့လိုက်ရတဲ့အခါ မိမိဟာ ပေးဆပ်သူဘဝ အနစ်နာခံသူ ဘဝရဲ့ အနှစ်သာရကို အထူးပဲ လေးစား မြတ်နိုး တန်ဖိုးထားသထက်ထားလို့ လာမိပါတော့တယ်။

တကယ်တော့ ပေးဆပ်ခြင်းလောက် ရယူရတာ လောကမှာ ဘာရှိမှာလဲ···။

တစ်ဘို့ထဲသမားနှစ်ယောက်ရဲ့ ငတ်ပြတ်ဆင်းရဲဒုက္ခရောက် သိက္ခာမဲ့ပုံ တွေ့ရတော့ နောင်ကြဉ်မိပါတယ်။

ပေးတာ ဘယ်လောက် မွန်မြတ်လဲ··၊ ဒီလိုလူမျိုးတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရတာ ဘယ်လောက် လူသားတန်ဖိုး မြင့်မြတ် လိုက်ပါသလဲ···။

ငို့ဘသမားတွေဟာ တကယ်တော့ ရွံ့ရှာစက်ဆုပ်စရာ ကောင်းလွန်းလှပါတယ်။ ဒီအကျင့်တွေ အမူတွေ သိရတဲ့အခါ ဘယ်လိုမှ နားလည်ခွင့်လွှတ်လို့ မရ··၊ စက်ဆုပ်ရွံ့ရှာလွန်းလှပါတယ် ဆိုတာပါ။

ဒါကြောင့် ပေးဆပ်ခြင်းစိတ်ဓာတ်နဲ့ ပေးဆပ်သူဘဝရဲ့ မွန်မြတ် ပုံကို ဖော်ကျူးပုံဖော်လိုခြင်းပဲ ဖြစ်ပါတယ်။

အမိုက်မှောင်ဟာ၏ မိခင်ဖြစ်သော စိတ်ညစ်ငြူးမွှယ်ရာ ပျင်းရိခြင်း က ပျိုးထောင်ပေးလေ့ရှိသည့် တဏှာရသနှင့် အဘိမ္မာတို့ကဲ့သို့သော ဒုစရိုက်တို့ ဝင်မလာအောင် တံခါးကို ပိတ်ကာ ကျွန်ုပ်သည် စာကြည့် တိုက်တွင်းသို့ ဝင်လိုက်သည်။ ထို့နောက် ထာဝရအငွေ့ရှည် ကြည်တဲ့ သော တရားစာပေများအကြားတွင် ထိုင်လိုက်သည်။ ထိုအခါ ပီတိ အဟုန်နှင့် သန္တိသုခတို့ ပြည့်လျှမ်းလာလေရာ ဤသို့သော ချမ်းမြေ့မှု

www.burmeseclassic.com

www.burmeseclassic.com



မျိုးကို မသိကြသည့် မဟာပုဂ္ဂိုလ်ကျော်များနှင့် သူဌေးသူကြွယ် အားလုံးကို သနားနေမိတော့သည်။

**ရှောဘတ်ဘာအန် (၁၅၇၇-၁၆၄၀)**

**အင်္ဂလိပ်စာရေးဆရာ**

မိမိ စာရေးမလို့ ကလောင်ကို ဖွင့်လိုက်တယ်။ ကလောင်ဟာ ရောကက်ဒုံးကျည်ထိပ်ဖူးနဲ့ တူနေသလား ထင်ရတယ်။

ကလောင်လက်နက် ထက်လှတယ်။

စာရေးဆရာအလုပ်ဟာ ကြေးစားလုပ်စားတာ မဟုတ်ဘဲ တကယ်ရေးရမယ့်စာတွေ ရေးသင့်တာတွေ ရေးသွားမယ်ဆိုရင် တကယ် မလွယ်ပါဘူး။

သမန်ကာလျှံကာ ရေးစားမြှောက်ထိုးပင့်ကော်လုပ် လုပ်စားရင်တော့လဲ လွယ်သမျှ သိပ်ကို လွယ်ပဲပေါ့...။

ကွယ်တယ်ခက်တယ်ဆိုတာ ပေးဆပ်မှုနဲ့ တာဝန်ယူရမှု အပိုင်းပါပဲ...။

ဘဝမှာ တချို့က ရယူလိုကြပါတယ်။ မိမိဟာ ရယူတတ်သူတွေရဲ့အကြောင်းကို တွေးတောလို့ နေမိပါတယ်။ ဆိုပါတော့ လူတစ်ယောက်ဟာ တောင်းတတ်တယ်။ သူတောင်းနေတယ်။ တစ်နှစ်၊ ဆယ်နှစ်၊ အနှစ် နှစ်ဆယ် သုံးဆယ် တောင်းမြဲတောင်းဆဲပါပဲ...။ ပြောင်ရောင်နေသလား မပြောင်ရောင်ပါဘူး...။

လူတစ်ယောက်ဟာ ပေးဆပ်နေတယ်။ သူပြောင်ရောင်နေတယ်။ ပေးကမ်းနေတယ်။ ရွှန်းလက်နေတယ်။ တောက်ပနေတယ်။ အရွေအရုံတွေ ဝိုင်းရံလို့နေတယ်။

ဘဝမှာ ပေးဆပ်သူလား.. ရယူသူလား...။



တကယ်တော့ ပေးဆပ်သူဘဝဟာ အားမာန်တက်ကြွပြီး ရွှန်းလဲ့တောက်ပနေတယ် ဆိုတာပါပဲ...။

ရယူနေသူဘဝကတော့ နုံနဲ့စုတ်ချာဘဝ ညှိုးနွမ်းနေကြတယ် ဆိုတာပါပဲ...။

ဒါကြောင့် ပေးဆပ်သူဘဝနဲ့ ရယူသူဘဝဟာ ဆီနဲ့ရေလိုပဲ ကွာခြားလှတယ်။

ဒါပေမဲ့ လူတွေအများစုက ပေးဆပ်သူဘဝထက် ရယူသူဘဝကို လိုလားကြတယ်။

အဲဒီလူတွေဟာ တကယ်တော့ သူတို့ဟာ အရာရာပေးဆပ်လို့ နေသူတွေသာ ဖြစ်လို့သွားကြရတော့တယ် ဆိုတာပါ။

တောင်းတောင်း ဘယ်လောက်တောင်းတောင်း။ ဘဝဆိုတာ တောင်းလို့ ပြည့်ဝတာမှ မဟုတ်တာပါဘဲ..၊ ဘယ်လောက်ရယူပြုယူ ပြည့်ဝတယ် ဘယ်ရှိမလဲ...။

အဲဒီတော့ တောင်းရမ်းသူဟာ မိမိလောဘဇောရဲ့ အလိုဆန္ဒကို ပေးဆပ်သူ ဖြစ်သွားရရော။ ပေးလို့မကုန်နိုင်တော့ပါဘူး ဆိုတာပါ။

သူတို့ကို လူသူတွေက ရှောင်တယ်။ သူတို့ကို လူသူတွေကမြို့ကို ငြိုငြင်တယ်။ ဆားငံရည်နှောက် သောက်သူပမာပဲ ဆိုပါတော့...

မိမိဟာ ဒီလိုလူတွေအများအပြားနဲ့ ဆုံတွေ့လို့ နေခဲ့ရပါတယ်။

တကယ်ရှုံ့ရှာဖွယ် လူသားတွေပါ..။ သနားစရာလူသားတွေပါ။ စိတ်ဓာတ်ခွန်အား ကိုယ်ရည်ကိုယ်သွေးဟန်ပန်အမူအရာ အကုန်လုံးဟာ စုတ်ပြတ်သနက် လန်ထွက်နေတတ်ကြပါတယ်။

လူ့ပုံအလယ်မှာလဲ ပွဲလယ်မတင့်ပါ။ ရှက်ဖို့ကောင်းလွန်း လှကြပါတယ် ဆိုတာပါ။

www.burmeseclassic.com



မိမိဟာ နယ်က ရန်ကုန်ရောက်လာတဲ့အခါ ရန်ကုန်မှာ ဒဏ်ပိချောင်ပိတ်မိတဲ့ပမာ ဖြစ်သွားခဲ့ရပါတယ်။ ကိုယ်မရှိရင်ဘဲ ရန်ကုန်မြို့ကြီးက သက်ဝင်မှု မဖြစ်တော့သလိုမျိုးထိပါ နေခဲ့ရတယ်..။ ဒါကြောင့် နယ်တွေဘာတွေ သိပ်မရောက်ဖြစ်တော့ပါဘူး။

ရန်ကုန်ကိုတော့ မရောက်ဖူးတဲ့ နေရာမရှိသလောက်ပါဘဲ..။ ဒီထက် ထူးခြားတာက ရောက်ဖူးဖို့ တယ်ခက်လှတဲ့ရန်ကုန် အင်းစိန်အထဲကိုတောင်မှ ပညာတော်သင်ဘဝနဲ့ ခြောက်နှစ်နီးပါး လေ့လာနေထိုင်ခွင့်လဲ ရောက်သွားခဲ့ရပါသေးတယ်။

အဲဒီမှာ ထူးခြားတာက ဘဝကို အနားယူချိန် ကောင်းကောင်းရခဲ့ပါတယ်။ ပညာသင်ချိန် ကောင်းကောင်းရခဲ့ပါတယ်။ ဘုရားတရားလေ့လာပွားများ လိုက်စားပြုမူကျင့်ကြံကြိုးကုတ်အားထုတ်ခွင့်လဲ အများကြီးပဲ ရခဲ့ပါတယ်။

“ရှုံးနိမ့်မှုဟာဘာလဲ ပညာယူစရာနဲ့ ပိုကောင်းအောင် ဖြစ်လာဖို့အတွက် ဦးတည်တဲ့ ပထမခြေလှမ်းကလွဲပြီး တခြားဘာမှ မဟုတ်ဘူး”

(ဝီဒီလ်ဖီလစ်) (စာရေးဆရာ)

တစ်စက္ကန့်မှ မနားရအောင် ဇာတ်ဆောင်ဘဝ ပညာတော်ဘဝနဲ့ လိုက်ဖက်ညီဖို့ ကြိုးစားခဲ့ရတယ်။ မိတ်သစ်မိတ်ဟောင်း စုံလွန်းလှတယ်။

တစ်ခု ထူးခြားတာက လူတစ်ယောက်ဟာ မိမိဘဝမှာ ဘုရားတရား ကြိုးစားအားထုတ်သူတွေအတွက် နတ်ပြည်၊ ဗြဟ္မာပြည်မှာ ဗိမာန်တွေ ဘယ်လို ဘယ့်နှယ် တည်ဆောက်နေတယ် ပြောဆိုနေတတ်ကြပါတယ်။ တချို့က နတ်ရထားက လာခေါ်နေတယ်..၊ ဘာညာ ပြောကြပါတယ်။

ဒီလိုပါပဲ မိမိတို့အထဲ ရောက်သွားတဲ့အခါ အဝတ်တစ်ထည်



ကိုယ်တစ်ခုပါ ဘာဆိုတာမှ မပါခဲ့ကြတော့ပါဘူး ဆိုပါတော့။ တိုက်တာ၊ အိမ်ယာ၊ ကား၊ တယ်လီဖုန်း၊ စည်းစိမ်ဥစ္စာ ဆိုပါတော့...။

အဲဒီမှာ သိသာတာက မိမိလုပ်ခဲ့တဲ့ အလုပ်အစဉ်အလာဟာ ဒီမှာလာရိုက်ခတ်တော့တယ်ဆိုတာပါပဲ။ မိမိကို ဘယ်လိုအသိအမှတ်ပြုကြတာပဲ..၊ ဘယ်လိုဆက်ဆံကြတာလဲ..၊ အထာထားကြတာလဲ ဆိုတာပါပဲ...။

ဒါမျိုးကို အဲဒီအထဲ မရောက်ဖူးရင် မကြုံဖူးရင် ဘယ်လိုလုပ်သိရ ခံစားရမှာလဲ...။

ဘဝမှာ သေဖူးဖို့ လွယ်မလား။ ရှင်လျက်နဲ့ သေဖူးတယ်ဆိုတဲ့ အတွေ့အကြုံရှိသူဟာ သေဖူးတဲ့ အရသာနဲ့ ရှင်ရတဲ့ အရသာကို ဘယ်လို မသိဘဲ နေပါ့မလဲ ဆိုတာပါပဲ။

မိမိအထဲက လွတ်လာတော့ အပြင်မှာတုန်းက ဖတ်ခဲ့ရတဲ့ ဆရာမြသန်းတင့်ရဲ့ ကံကောင်းဝတ္ထုပဲက အမှာကို သတိရတယ်။ ပြီးတော့ ကျွန်တော် ဆက်၍ရေးချင်သော ဝတ္ထုများထဲက...

လူဟာတစ်ယောက်ထဲနေရတဲ့အခါ ပိုပြီး ခွန်အားရှိလာတယ် ဆိုတာမျိုးတွေကို ပိုမိုနားလည်လို့ လာခဲ့တယ်။

တစ်ထိုင်ထဲ ဇာတ်ဆောင်ပေါင်းများစွာ စရိုက်ကာရိုက်တာတွေ အများအပြားတွေကို တပြုံတမ တွေ့ရှိခံစားခဲ့ရပါတယ်။

ထူးရင်းထူး မထူးရင် ရှူးဆိုတဲ့ လောကရဲ့ ပေးဆပ်မှုတာဝန်ကို ခံစားရင်ဆိုင်ခဲ့ရပါတယ်။

ဒါတွေဟာ အမြတ်တွေချည်းပါပဲ ဆိုပါတော့။ မိမိတို့ဟာ ထောင်အကြောင်း နယ်ချဲ့လက်ထက်က ထောင်ကျခံရသူတွေရဲ့ အကြောင်းကို တလေးတစား တအံ့တဩ အားကျဂုဏ်ယူစိတ်တင် စံပြုခဲ့ကြရတယ်။

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ မိမိတို့ဟာ အဲဒီအထဲ နှောဝင်ခွင့်ရခဲ့တယ်။ မရှုးမနှမ်း မဖောက်မပြန် မသွေမဖယ်ဘဲ သင်တန်းပြီးတဲ့အထိ ကြမ်းတမ်းတဲ့ အဲဒီသင်တန်းတက်ရောက်ပြီး ဒီဂရီတစ်ခုကို ရယူနိုင်ခဲ့တာဟာလဲ မိမိအတွက်ရော မိမိကိုယ်စားပြုရာ ဒေသနယ်ပယ်အတွက်ရော ဂုဏ်ယူမယ်ဆိုရင် ဂုဏ်ယူစရာပါပဲ…။

ဘာကြောင့်ဆို ဟိုမှာက မိမိတို့ဟာ အမျိုးကို ကိုယ်စားပြုရတဲ့ ပုဂ္ဂိုလ် အလိုလို ဖြစ်နေခဲ့ရလို့ပါပဲ ဆိုတာပါ…။

မိမိမိတ်ဆွေတစ်ဦးက ဒီလိုပြောဖူးတယ်။ "ရေတွင်းထဲ ကျသွားခဲ့ရင် မြေကြီးနဲ့ ခြေထောက်မတွေ့မချင်း အပေါ်သို့ ပြန်မတက်နိုင်တော့ဘူးဆိုတယ်။ အဲဒီနက်လှတဲ့ ရေတွင်းရဲ့ မြေကြီးနဲ့တွေ့မှပဲ အဲဒီမြေခြေကန်ကြီး ရေပေါ်ပြန်တက်နိုင်တယ် ဆိုခဲ့တယ်" မဟုတ်လား…။

မိမိရေပေါ် ခြေကန် ပြန်တက်နိုင်ခဲ့တယ်။

ပြီး‥ အမှောင် နံရံရဲ့ အပြင်ရဲ့ဖက်အလင်းဘက်ကို မိမိ ရောက်ခဲ့ရတယ်။

"ပစ္စည်းဥစ္စာ ဆုံးရှုံးသောအခါ ဘာမျှမဆုံးရှုံး‥။ ကျန်းမာရေး ဆုံးရှုံးသောအခါ တစ်စုံတစ်ခု ဆုံးရှုံး၏။ အကျင့်စာရိတ္တ ဆုံးရှုံးသောအခါ အားလုံးဆုံးရှုံး၏"

***(Anonymous)***

မိမိဘက်က အာမခံရဲပါတယ်။ မိမိအကျင့်စာရိတ္တအရာမှာ ဘာမှ မဆုံးရှုံးခဲ့ပါဘူး။

အထဲလောက အနှစ်ပ…

အပြင်လောက လှပေစွ…

မိမိအပြင်ရောက်တဲ့အခါ ပြောင်းလွဲသွားတဲ့ လူနေမှုနဲ့ မိမိရဲ့ တည်ဆောက်လာတဲ့ ကိုယ်ရည်ကိုယ်သွေးနဲ့ တိုက်ဆိုင်လေ့လာ ထိစပ်



ကြည့်တဲ့အခါ သိပ်ကိုအံ့သြစရာ ကောင်းလှပါတယ် ဆိုတာပါပဲ…။

ဘာနဲ့မှ လဲယူလို့မရနိုင်တဲ့ သင်ခန်းစာတွေပါ…

"အတွင်းထဲကအကြောင်းတွေတော့ မရေးပါနဲ့ဗျာ"

သူငယ်ချင်းတစ်ယောက်က အကြံဉာဏ်ပေးပါတယ်။ စိုးရိမ်စိတ်နဲ့ပါ‥၊ ဘဝမှာ ရှင်တာလဲ မဆန်းပါဘူး။ သေတာလဲ မဆန်းပါဘူး။ ဒါအတွက် ကြောက်စရာ မဟုတ်ပါဘူး။ တကယ့်ကြောက်စရာက နာမည်သေမှာ သမိုင်းသေမှာ တကယ့်ကို ကြောက်စရာ ကောင်းလှပါတယ်။

မိမိကိုလုပ်တဲ့၊ မိမိကြုံတွေ့ခဲ့ရတဲ့ အဲဒီအသက်ရှင်ပြီး နာမည်သေနေတဲ့သူနဲ့ သူတို့တွေရဲ့ဘဝဟာ သိပ်ကို ကြောက်စရာ ကောင်းလှတယ်။

ဘာနဲ့တူသလဲဆိုတော့ မိန်းမသားမှာ (ပြည့်တန်ဆာ)နဲ့ မိန်းမချင်းတူပေမယ့် ပြည့်တန်ဆာမနဲ့ သာမန်မိန်းမ ဘယ်လိုနှိုင်းယှဉ်လို့ ရမှာလဲ‥ ဒီလိုပါပဲ…။

အဲဒီလူတွေဟာ လူတစ်ယောက်လိုပဲ ပြောနေဆိုနေလုပ်နေကိုင်နေကြတာပါပဲ‥။ ဒါပေမဲ့ ဘာတရား ဘာသစ္စာ ဘာကျင့်ဝတ်ကိုယ်ကျင့်သီလ သမိုင်းအစဉ်အလာ အဘိဓမ္မာပေါ်မှာမှ တည်ဆောက်ထားတာ မဟုတ်လေတော့ အားလုံးဟာ ဓမ္မန္တရာယ်ပါဆိုတာတွေပါပဲ။ ထားပါတော့…

"ရှုံးနိမ့်မှုသည် အားသစ်ဖြစ်ပေါ်စေရန် နှိုးဆွပေးသည့် အားဆေးတစ်ခွက်ဖြစ်သည်မှလွဲ၍ ဘယ်သောအခါမှ စိတ်ပျက်အားလျော့မှု ပေါ်ထွက်ရာ မဖြစ်သင့်ပေ"

***South*** (စာရေးဆရာ)

www.burmeseclassic.com

www.burmeseclassic.com



အတွင်းအကြောင်း မရေးဖို့ ပြောသူကိုတော့ မိမိက ဥပမာတစ်ခု ပေးရတယ်။ ဘာလဲဆိုတော့ မိမိတို့အရပ်မှာ၊ ငါးစည်အကမှာ၊ ငါးစည်ရှာဖို့အတွက် ဇောကပ်နေတဲ့သူဟာ အိမ်ကအထွက်မှာ သူ့မျက်လုံး ဆီးပင်ကိုင်းမှာ သွားချိတ်တော့ မျက်လုံးက အပြင်ရောက်သွားတယ်။ အဲဒီမှာ ကမန်းကတန်း မျက်လုံးပြန်အတပ်မှာ မျက်လုံးဟာ ပြောင်းပြန်တပ်မိပြီး အထဲက ကလီစာတွေ ဘယ်သူမှ မမြင်ရတာတွေ မြင်နေခဲ့ရတယ် ဆိုတာမျိုးပါပဲ...။

မိမိပြောတဲ့ ဥပမာကို သူငယ်ချင်းက သဘောကျပါတယ်။ အဲဒီမှာ မိမိက...

"အထဲအကြောင်း မရေးပါဘူး။ အပြင်အကြောင်း ရေးရင် ကောဗျာ" မိမိက စလိုက်တော့...

"ဟာ.. မလုပ်ပါနဲ့.. မလုပ်ပါနဲ့"

ခုတော့ စိတ်ဝင်စားစရာ ကောင်းလှတဲ့ လောကပါပဲ.. မိမိကင်းကွာနေတဲ့ ကမ္ဘာမြေဟာ အားလုံးအသစ်အဆန်းတွေ၊ စရိုက်တွေ လက္ခဏာတွေ၊ လေ့လာစရာတွေ အံ့သြစရာတွေနဲ့ ပြည့်သိပ်လို့နေတယ်။ လူသစ်ကမ္ဘာသစ် မူအသစ် အသစ်တစ်ဖန် မွေးဖွားရှင်သန်လာရခြင်းတွေ အရောင်တွေ အသွေးတွေ အံ့ဖွယ်စိန်ခေါ်ချက်တွေနဲ့ ပြည့်သိပ်လို့နေတယ်။

မိမိတို့ဟာ မပြည့်ဝမှုဆိုတဲ့ စိန်ခေါ်ချက်တွေနဲ့ လူးလဲနိုးထ လူလားမြောက်လို့ လာခဲ့တယ်။

ဒီစိန်ခေါ်ချက်ဟာ ဘဝအတွက် တွန်းအားပဲ..။ မိမိတို့ဟာ ပင်လယ်ကမ်းခြေမှာ လှိုင်းကစားခဲ့ရသလိုပါပဲ..။ လှိုင်းကြီးလေ လှိုင်းကစားရတာ ပျော်စရာကောင်းလေပေါ့..။ ဘဝတာ ဆိုတာလဲ ဒါပဲလေ...။ မပြည့်ဝမှုဆိုတာ ပြည့်ဝအောင်လုပ်ဖို့ စိန်ခေါ်ချက်ပဲ မဟုတ်လား...။



"မအောင်မြင်ခင် ရှုံးနိမ့်မယ်။ ရှုံးနိမ့်မှုဟာ ဘာလဲ။ ပညာယူစရာနဲ့ ပိုပြီးကောင်းအောင် ဖြစ်လာဖို့အတွက် ဦးဆောင်တဲ့ ပထမခြေလှမ်းက လွဲပြီး တခြားဘာမှ မဟုတ်ဘူး"

***Wedell Phillips*** (စာရေးဆရာ)

ဘာဖြစ်လဲ ဒီလိုပါပဲ...။

မတတ်ဖူးဆိုတာ တတ်အောင်လုပ်ဖို့အတွက် စိန်ခေါ်ချက်ပဲ မဟုတ်လား။

မိမိ ဒါနဲ့ပတ်သက်ပြီး မိမိတို့အရပ်က လူငယ်တစ်ယောက် အဲဒီ စာအုပ်ရောင်းသူတစ်ယောက်ကို မိမိက အကြံဉာဏ် ပေးဖူးပါတယ်။

"မင်း စာအုပ်မရောင်းပါနဲ့ကွာ.. စာအုပ်ထုတ်ပါ.. မင်း အရည်အချင်းနဲ့ဆို ထုတ်ဝေသူလုပ်ဖို့ပဲ ဖြစ်ပါတယ်"

"ကျွန်တော့်မှာ ငွေကြေးမှ မရှိတာဘဲ အစ်ကိုရာ"

"ငွေက အကြောင်းမဟုတ်ပါဘူးကွာ"

"ဗျာ"

သူ အံ့သြသွားတယ်။ မိမိက ပြောပြရတယ်။ ငွေမရှိဘဲနဲ့ ထုတ်ဝေသူ လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်က မိမိမှာ ရှိရမယ်။ ငွေက ဘယ်လောက် ကုန်ကျမယ်။ အဲဒီအတွက် ဘယ်လိုရှာကြံရမယ်။ အဲဒီအတွက် ခွန်အားဉာဏ်အား ဒီနှစ်ခုကို ဘယ်လောက်ညှစ်ထုတ်နိုင်မလဲ ဆိုတာမျိုးပဲ ဖြစ်ပါတယ်။

မိမိတို့ စာတစ်အုပ်ကို ရေးတယ်။ ဒီစိတ်ကူးနဲ့ စိတ်ဆော်ပဲ။ အဲဒီအပေါ်မှာပဲ စာအုပ်က ဖြစ်ပေါ်ရေးဖြစ်လာတယ်။ အဲဒီကမှ စာအုပ် ထွက်ပေါ်လာတယ် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



ရှိမှဖြစ်မှဆိုရင် ဘယ်တော့မှ လုပ်ဖြစ်ကြမှာ မဟုတ်ပါဘူး ဆိုပါတော့။ ထုတ်ဝေပေးမယ့်သူရှိမှ စာအုပ်ရေးမယ်ဆိုရင်…

ထုတ်နိုင်တဲ့ အင်အားရှိမှ စာရေးမယ်ဆိုရင် ထားပါတော့… ရေးတဲ့စာအုပ်နဲ့ ထုတ်မယ့် ငွေကြေး သဟာဇာတဖြစ်ဖို့ ချိန်ကိုက်မှုတို့ ဘယ်တော့မှ ကွက်တိဖြစ်နိုင်မှာ မဟုတ်ဘူး။

ဆိုလိုတာက စာတစ်အုပ်ဟာ သုံးသိန်းလောက်ရှိလို့ စာအုပ် ဖြစ်ချင်မှ ဖြစ်မယ်။ ကုန်မှာက ငါးသိန်း ဒီလိုပဲ ငွေအား လူအား စိုက်ထုတ်နေရမှာပဲ…။

လောကမှာ ပုံသေကွက်တိ ဘယ်တော့မှ ဖြစ်နေမှာ မဟုတ်ပါဘူး။

မိမိသားချင်းတစ်ယောက်ဖြစ်တဲ့ ပညာတတ်ဆရာတစ်ယောက် က "ကျွန်တော် စိတ်ညစ်မခံနိုင်ဘူး" ဆိုပြီးတော့ မိမိကို ပြောဖူးပါ တယ်။ ဆိုလိုတာက သူက အေးအေးချမ်းချမ်းနဲ့ပဲ ဘဝမှာ နေချင်တဲ့ သဘောမျိုး ပြောတယ်။ သူရောက်နေတာကတော့ အထဲမှာ။ အဲဒီလိုပဲ ဘဝဆိုတာကို ဒါကြောင့် မိမိက ပြောလိုက်တယ်။ "စိတ်ညစ်မခံနိုင်ရင် ဘာတာဝန်မှ ယူနိုင်မှာ မဟုတ်ဘူး"လို့ ပြောလိုက်ပါတယ်။ "ဘာမှ ဖြစ်လာမှာလဲ မဟုတ်ဘူးလို့"လဲ ပြောလိုက်တယ်။

ကြည့်လေ လူကြီးလုပ်တယ်။ သာရေးနာရေး လူမှုရေးတွေနဲ့ ဘယ်လိုလုပ် ကင်းမှာလဲ…။ ဒါကို တတ်နိုင်သလောက် မှန်မှန်ကန်ကန် ဖြေရှင်းနိုင်ရေးကပဲ မိမိရဲ့တာဝန် မဟုတ်ပါလား။ ဒါပဲ အရည်အချင်းပဲ မဟုတ်ဘူးလား။

တစ်ခါတလေ လူမှာ ငွေတွေလဲ အများကြီး ရှိတတ်ပါတယ်။ လက်ထဲရှိတော့ သိမ်းဆည်းရတာ ဘယ်လောက်ခက်လဲ‥။ အဲဒီအတွက် ပြန်ဆပ်ဖို့ ပြန်ပေးဖို့ ဖြန့်ဝေသုံးစွဲ ဖလှယ်လုပ်ဆောင်ရတာပဲ‥။ အဲဒီမှာ



ယုံကြည်ရတဲ့သူ မယုံကြည်ရတဲ့သူ လူလိမ်လူကောက်တွေတွေ့ရ ပေါ်လာရတယ်။

တကယ်က လူဟာ ငွေနဲ့ ဆက်ဆံကြည့်ရင် အများစုက ကိုယ်ရည်ကိုယ်သွေးတွေ ပေါ်လာကြတော့တာပဲ မဟုတ်လား။

ဘဝမှာ ဘာမှ အလွယ်မရဘူး။ လွယ်တာ မရှိပါဘူး။ ဒါပေမဲ့ အားလုံးကို အခက်ချည်းပဲလဲ တွေးစရာ မလိုပါဘူး။ အခြေအနေပေါ်မှာ မူတည်ပြီး ဖြတ်သန်းသွားရဲတဲ့ ခေတ်မီတဲ့ ခရီးသွားတစ်ယောက် ဖြစ်နေ ဖို့ပဲ လိုပါတယ် ဆိုတာပါပဲ…။

ဒါကြောင့် မိမိက ထိုသူကို ဥပမာတစ်ခု ပေးလိုက်ပါတယ်။

လူဟာ အိမ်ဆောက်မယ်ဆိုပါတော့ကွာ… အဲဒီမှာ မိမိမှာ ဆယ်သိန်းရှိလို့ ဆယ်သိန်းတန် ဆောက်မယ့်အိမ်က တစ်မျိုး၊ ဆယ်သိန်းပဲ ရှိတယ်။ သိန်းတစ်ရာတန် အိမ်ဆောက်မယ့်ပုံစံကတစ်မျိုး… တစ်ပြား မှ မရှိဘဲ သင့်တော်တဲ့ အိမ်တစ်လုံးကို ဖြစ်သလို ရှာကြံဆောက်လုပ်မယ်။ ဒါကတမျိုး။ ဒါတွေဟာ အားလုံးစိတ်ကူးပေါ်မှာ အခြေခံရတယ်။ စွမ်းအားညှစ်ထုတ်မှုပေါ်မှာ အကောင်အထည် ဖြစ်ပေါ်လာရတယ် ဆိုတာကို မိမိက သူ့ကို ပြောပြလိုက်တယ်။

ဒါပဲ…။ ခေါင်း‥ ခေါင်းဟာ ရတနာအိုးပဲ… ခေါင်းထဲကလဲ လူဟာ သုံးမကုန်တဲ့ ရတနာတွေ ညှစ်ထုတ်လို့ ရတယ်။

ခန္ဓာထဲက ခွန်အား လူမှာ လိုအပ်သလောက်ကို ထုတ်လုပ်လို့ ရတယ်။

တကယ်ကတော့ လူတွေဟာ စွမ်းအားကို တခြားမှာ သွားရှာ နေတတ်ကြတာ များတယ်။

တကယ်က စွမ်းအားအစစ်ဟာ မိမိဆီမှာပဲ ရှိနေကြတယ် ဆိုတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ ဘယ်လောက်အားစိုက်မလဲ… ဘယ်လောက် ဖြန့်ကျက်ကျယ်ပြန့်သလဲ။ ဘယ်လောက်လိုချင်သလဲ‥ ဘယ်လောက် ပေးဝယ်မလဲ‥ ဘယ်လောက် ဖြစ်ချင်သလဲ… ဘယ်လောက် ရယူချင်သလဲ‥ ဘယ်လောက် ပေးဆပ်နိုင်သလဲ ဆိုတာပါ…။

ဟာသ ဥပမာတစ်ခု ပြပါရစေ…

တစ်ခါက ဆိုပါတော့… ရှေ့နေနှစ်ယောက်တို့ဟာ သစ်ပင်အောက်မှာထိုင်ပြီးတော့ အရက်သောက်လို့ နေနေကြပါတယ်။

ဒါပေမဲ့ သူတို့မှာ မြည်းစရာ အမြည်းမရှိဘဲဖြစ်လို့ နေပါတယ်။ အဲဒီမှာ သစ်ပင်ပေါ်မှာတော့ ဝက်အူချောင်းကို ကိုက်ထားတဲ့ ကျီးကန်းကို မြင်လိုက်ရပါတယ်။

ကျီးကန်းထံက အဲဒီဝက်အူချောင်းကို ဘယ်လိုရအောင် လုပ်ရမလဲ ဆိုတာကို ရှေ့နေတစ်ယောက်က စဉ်းစားလိုက်ပါတယ်။ ဒီတော့…

"ဟေ့ ကျီးကန်း မင်းဆီမှာ ဖန်ခွက်ပါလားကွ"

"ဟင့်အင်း မပါဘူး"

အဲဒီလို ဖြေရင်းက ကျီးကန်းရဲ့ပါးစပ်က ဝက်အူချောင်း ထွက်ကျလို့ လာခဲ့ပါတယ်။

သူတို့ ဒုတိယပုလင်းကို ဖွင့်လိုက်ချိန်မှာတော့ မြည်းစရာ မကျန်တော့ ပါဘူး။ ဒါကြောင့် သစ်ပင်ပေါ်ကို ဝေ့ကြည့်လိုက်တော့ ကျီးကန်းရဲ့ ပါးစပ်ထဲမှာ ထောပတ်ခဲကို ကိုက်ထားတာကို တွေ့လိုက်ရပြန်ပါတယ်။

"ဟေ့‥ကျီးကန်း မင်းဆီမှာ ဖန်ခွက်ပါလား"

ကျီးကန်းက ဘာမှမပြောပဲ နေနေပါတယ်။

"ကျီးကန်း မင်းကော အရက်မသောက်ချင်ဘူးလား"



"သောက်ချင်တာပေါ့ဗျ"

ထောပတ်ခဲ ကျလာခဲ့ပါတယ်။ ရှေ့နေနှစ်ယောက်တို့ စားလိုက်သောက်လိုက်ကြပြန်ပါတယ်။

ဒီလိုနဲ့ တတိယပုလင်းကို ဖွင့်ကြပြန်တယ်။ မြည်းစရာ အမြည်းမရှိတော့တာကြောင့် သစ်ပင်ပေါ်သို့ ကြည့်လိုက်ပြန်ရာ စောစောက ကျီးကန်းဟာ ကြက်ကင်တစ်ကောင်ကို ကိုက်ထားတာကို တွေ့လိုက်ရပါတယ်။

"ဟေ့‥ ကျီးကန်း မင်းဆီမှာ အရက်ခွက်ပါလား"

ကျီးကန်းက ဘာမှမပြောဘဲ နေနေပါတယ်။

အဲဒီမှာ ရှေ့နေတစ်ဦးက သူ့အဖော် ရှေ့နေကို ပြောလိုက်တာက တော့…

"ကျီးကန်းကို သွားမစနဲ့ ဒီကောင်တော်တော်မူးနေလောက်ပြီကွ…"

"ဘယ်ကလာမူးရမှာလဲ အရက်ဖြင့် ပေးမသောက်ဘဲနဲ့များ"လို့ ကျီးကန်းက မကျေမနပ် ပြောလိုက်ရာက ကြက်ကင်ပါ ပြုတ်ကျလာခဲ့ရတယ် ဆိုတာပါ…။

ဒါက အတုယူဖို့တော့ မဟုတ်ပါဘူး။ လိုရင်ကြံဆနည်းလမ်းရတယ်ဆိုတာ ဥပမာကို ပြတာပါ…။

နောက်ဥပမာတစ်ခုကိုလည်း တင်ပြပါရစေဦး…

ဒီလိုပါ…

စုတ်ပြတ်နွံချာလှတဲ့ အဝတ်အစားတွေ ဝတ်ဆင်ထားတဲ့ လူတစ်ဦးဟာ လမ်းသွားလမ်းလာတွေထံက နေပြီးတော့ ပိုက်ဆံတွေ တောင်းခံလို့ နေနေပါတယ်။

အဲဒီမှာ သားနားခံ့ညားပြီး အဝတ်အစား သပ်သပ်ရပ်ရပ်

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆင်ထားသူတစ်ဦး လျှောက်လှမ်းလို့ လာခဲ့ပါတယ်။

"နောင်ကြီးရယ် စားစရာမရှိလို့ စေတနာရှိသမျှ မစပါခင်ဗျာ"

"မပေးနိုင်ပါဘူး‥ မင်းကို ငါးဒေါ်လာလောက် ပေးကြည့်ချက်ချင်း မင်းအရက်သောက်ပစ်မှာ"

"ကျွန်တော် အရက်မသောက်တတ်ပါဘူးခင်ဗျား"

"မသောက်လဲ မင်းဖဲရိုက်ပစ်မှာပေါ့ကွ"

"ကျွန်တော် အလောင်းအစား မလုပ်တတ်ပါဘူး ခင်ဗျာ"

"အလောင်းအစား မလုပ်တတ်ရင် မကောင်းတဲ့ မိန်းမဆီသွားမှာပေါ့ကွ"

"ဒါလဲ ဝါသနာ မပါပါဘူးခင်ဗျာ"

သားနားခံ့ညားတဲ့ အဝတ်ဝတ်ဆင်ထားတဲ့သူဟာ တောင်းရမ်းနေတဲ့သူကိုသူ ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပါတယ်။

"အိုကေ မင်းကို ငါ ငါးဒေါ်လာပေးမယ်။ ဒါပေမဲ့ မင်းငါ့အိမ်ကို လိုက်ခဲ့ရမယ်။ ဘာအပျော်အပါးမှ မလိုက်စားတဲ့ ယောကျ်ားတွေ ဘယ်လိုဖြစ်တတ်တယ်ဆိုတာ ငါ့မိန်းမကို ကိုယ်တိုင်မြင်အောင်တွေ့အောင် ပြချင်လို့ပါ"

လဲဆိုတာမျိုးတွေ ရှိပါတယ်။

စကားပုံတစ်ခုမှာတော့ ရှိပါတယ်။ "လုပ်ငန်းတစ်ခု မအောင်မြင်သေးတာဟာ မိမိရဲ့ အားထုတ်မှု နည်းနေသေးလို့သာ မဖြစ်သေးတာ" မျိုးပဲ ဆိုထားတာလဲ ရှိပါတယ်။

အမျိုးသားနိုင်ငံများသည် လူပုဂ္ဂိုလ်တစ်ယောက်စီ ကဲ့သို့ပင် ရှင်သန်၏။ ပျက်စီးသေဆုံး၏။ သို့သော် လူ့ယဉ်ကျေးမှုကား ချုပ်ငြိမ်းပျောက်ကွက်ခြင်း မရှိနိုင်ပေ။

***Mazzini*** (စာရေးဆရာ)



နောက်စာတစ်ပုဒ်မှာလဲ…

"ဖွင့်ဟဝန်ခံခြင်းသည် စိတ်နှလုံးကို ကြည်လင်စေ၏"

(စတော့စထားဖို)

မိမိဟာ ဒီ(ရှိုင်လား)စာရေးရတာမှာ ပျော်နေမိပါတယ်။

ခရီးမထွက်ဖြစ်တာ ကြာခဲ့ပြီဖြစ်တဲ့ မိမိဟာ လူကိုယ်တိုင်မရောက်ဖြစ်ပေမယ့် မိမိဒေသဆီ ခရီးရောက်ဖြစ်ခဲ့လို့ပဲ ဖြစ်ပါတယ်။

မိမိရေးလက်စ အဖြူဆီကပေးစာအုပ်တွဲတွေ မိမိထုတ်ရမယ့် လေထန်လှိုင်းပြင်းဘင်္ဂလားအော်(ကဗျာစာအုပ်) မိမိရေးလက်စ ရမ်းဗြဲကျေးလက်လေးတွေ…

လူကသာ ဘာမှမဟုတ်တာ တာဝန်တွေက မနည်းမနောပါလား။

တစ်သက်လုံးလဲ လုပ်ခဲ့တယ်။ ဘယ်လောက်မှတော့ အရာရောက်လှတယ် မထင်သေးပါဘူး။

ဒါပေမဲ့ နာမည်မကြီးပေမယ့် နာမည်တော့ ဆိုးဆိုးဝါးဝါး မပျက်လှဘူး ထင်ခဲ့တယ်။

မလုပ်ဘဲနေတာထက်စာရင် လုပ်နေတာဟာ အမြတ်ပါပဲ။

အောင်မြင်ပြီး စည်းစိမ်ယစ်နေတာထက်စာရင် လှုပ်ရှားရုန်းကန်နေရတာဟာ ပေးဆပ်နေတာဟာ အမြတ်ပဲ မဟုတ်ပါလား။

တကယ်တော့ မိမိဟာ တချို့အများနည်းတူပမာ ပေးဆပ်မှုကို ရယူ(မြတ်နိုး)နေသူဘဝ ရောက်နေရပြီလားလဲ မသိတော့ပါ။ မိမိဟာ ပေးဆပ်နေရတာချည်းပါ။ ဒါဆိုရင်လဲ မိမိ ကျေနပ်လှပါတယ်။

ပြီး‥ မိမိချစ်တဲ့ ကဗျာ‥ မိမိ အမှတ်တရ ရေးခဲ့တဲ့ကဗျာ‥ လူသိနည်းပေမယ့် မိမိကဗျာတစ်ပုဒ်ကို အမှတ်တရ ဖော်ပြလိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



ရစေ·· ဒါဟာ မိမိဟာ မိမိ အေသကိုချစ်တယ်။ မမေ့ဘူးဆိုတာကိုပါ···။

၁၉၇၉ မှာ ရေးခဲ့ပြီး ၁၉၈၀ ခုနှစ်မှာ ထုတ်ဝေခဲ့တဲ့ ကဗျာစာအုပ်ထဲက တစ်ပုဒ်ပါ···။ နာမည်ကတော့···

'ကိုယ်ချစ်တဲ့ ဘင်္ဂလားအော်' ဆိုတာပါ။

(၁)

◆ သတင်းစာရေဒီယို
နားထောင်လိုထောင် ဖတ်လိုဖတ်
မပြတ်အမြဲလေ
သူ့အကြောင်းတွေ ပါရမယ် ကြားရမယ်···။

◆ ဘင်္ဂလားအော်ပါတဲ့
ဆန်းပြားတဲ့နာမည်ဟာ
ကြားဖန်များလာတော့ ယဉ်ပါးသလိုပေါ့လေ
ဒါပေမဲ့ ကြမ်းထော်ထောင့်တောင့်နေ
နားထဲမယ် ထော်လော်ကန့်လန့်···။

◆ အိုဘယ့်ဘင်္ဂလားအော်
သင့်အပေါ်မှာ
သူသူငါငါ ဘာဖြစ်လို့လဲ
သင့်ကိုပဲ အရေးတယူ အလေးတမူ
တူညီစိတ်ဝင်စားကြတာလဲနော်
အော်·· သင်ငြိမ်တော့လဲ ငြိမ်တဲ့အကြောင်း
အော်·· သင်ထန်တော့လဲ ထန်တဲ့အကြောင်း
သတင်းပေါင်းစုံ ဖြစ်ကြောင်းကုန်စင် တပုံတပင်



သင်တို့ငါတို့တွေ သိစေကြားစေ
ဖန်တီးလှုံ့ဆော်ပေးနေပါသလေ
(သြော်) ဘင်္ဂလားအော်ပင်လယ်
(ဟယ်) ဒီလောက်တောင် ရှိလှတာ
ဘာဖြစ်လို့လဲ တကတဲရယ်
ကဲ·· ဒီတော့ကာ
သင်ဟာ ရိုးတာလား ဆန်းတာလား
ဖျက်တာလား ဆိုးတာလား
ကွဲကွဲပြားပြား ခွဲခွဲခြားလေ
တို့တွေ ဆန်းစစ်ကြည့်လိုက်တဲ့အခါ···။

(၂)

ဟယ်·· ဘွာဘွာ
တကယ့်တကယ်မှာတော့ သင်ဟာ ရိုးရိုးသားသားကလေးရယ်ပါ
ကဲ ကြည့်ကြစမ်းပါလေ
ဘင်္ဂလားအော်ပင်လယ်ရေ
ပြီးတော့ ဘင်္ဂလားအော်ကမ်းခြေ
ဘယ်လောက်ကို လှပါသလဲကွယ်
ရေကြည်က စိမ်းမြနေ
သောင်ခြေသဲမွှဖြူလှ လှပရှည်မျော
အုန်းပင်တောတန်းတွေ ညီညာရှုခင်း
စီရီညီညာမြင်ကွင်းမှာ လေပြေလေညှင်းလေပြင်းအဟော
(အလို) အိုစုန်းမာတ်ပါတဲ့လေ လူတွေအတွက်အားဆေး

www.burmeseclassic.com

www.burmeseclassic.com



ပေးကမ်းစွန့်ဝေ ဘယ်အချိန်မဆို
ကုသိုလ်သမှု ဝေပြုနေတယ်ဆိုပါတော့…
အင်း… ပြီးတော့ လဲလေ တို့တတွေနဲ့
တစ်မြေတစ်နယ် တဒေသခြား
သွားရေး လာရေး သက်မွေးကုန်သည်
လှေသင်္ဘောနဲ့သဘောအစ စပါးဆန်ရေ
သယ်ပို့သွားလာ အခရာသင် ပင်လယ်အော်ပေါ့
ပြီးတော့လဲလေ ဆင်းရဲနွမ်းပါး
အစားအစာ ငါးရှာရေလုပ်သား
မိသားစုမှ ပြည်သူ့ထံပါး သားငါးပုစွန်ရှာကြံပို့ရာ
သက်မွေးရာလေ… ဝမ်းစာရေလဲ ပင်လယ်အော်…

(၃)

◆ အာပါးပါး
ဒီဂရီတွေ တကယ်များ ဆားလိုင်တဲ့ပင်လယ်ရေ
ကုန်းမြေပေါ်က ကန်ရေလိုလေ ရေသေမဟုတ်
လှုပ်ရှားထက်သန် လှိုင်းထန်တဲ့ရေ
မာန်ပြင်းတဲ့လေနဲ့ အမြဲတစေ
မလွဲမသွေ ထိနေတွေ့နေ
ကြံ့ခိုင်နေတဲ့ ပင်လယ်အော်…
◆ သဲသဲမဲမဲ တကတဲ
ရဲစိတ်ရဲမာန် သင့်စွမ်းမာန်နဲ့
ထန်ချင်သလောက် ထန်လိုက်စမ်း…



ဒိုက်မြည်းမနေ သက်ဝင်နေအောင်
ကြံဆောင်မာန်ပြင်း တင်းလိုက်စမ်း…

(၄)

◆ ဘင်္ဂလားအော်ပင်လယ်
ဟယ် လေထန်လှိုင်းကြီး သည်းသည်းထန်ထန် ဖိနှိပ်ဟန်ကို
အာခံတော်လှန် အားမာန်သို့ပြောင်း
မထောင်းမတာ မဖြုပါလေ
အို မဟာဆိုင်ကလုန်း မာန်ဟုန်ဒီရေ
စွမ်းမာန်တွေကို ကမ်းခြေနေသမား
တို့များမမှု စုပေါင်းအားနဲ့ ရပ်တည်ခဲ့
အောင်ခဲ့နိုင်ခဲ့ ယနေ့တိုင်…

(၅)

◆ တကယ်ဆိုမှ
ကမ်းခြေသူတို့ တူညီစိတ်ထား
နှီးကြားလုံ့လ ထစေပွားစေ
နှိုးဆော်နေတဲ့ တကယ့်ရဲဘော်ပင်လယ်အော်…

(၆)

◆ ကဲ သဲသဲမဲမဲ
လဲလဲပြိုပြို မမှုလိုပါ
အို မဟာဆိုင်းကလုန်း မာန်ဟုန်လှိုင်းဂယက်

www.burmeseclassic.com

www.burmeseclassic.com



ဆူပွက်မာန်ပြင်း ဘင်္ဂလားအော်
ကြွေးကြော်မာန်ဟုန် သိမ့်သိမ့်တုန်လဲ
မဖြုံစိတ်ဓါတ်ခွဲ ရဲရဲတောက်
မကြောက်မရွံ့ နောက်မတွန့်ပဲ
တို့စိတ်ထဲမှာ ထူးကဲယုံမှန်သိတာ
အလင်္ကာတေး ငြိမ့်အေးရှင်ချို
အို ကိုယ်တို့ချစ်တဲ့ ဘင်္ဂလားအော်
ချစ်ဖော်မိတ်ဆွေ
သေဖော်ရှင်ဖက် တက်ကြွစရာ
မဟာအားဆေး လှုံ့ဆော်တေးမို့
အားမွေးတက်ကြွ နိုးထကြလေ နိုးထကြ…။

(**အစီဘင်္ဂလားပင်လယ်အော်သို့ ဦးညွှတ်လျှာ**)

ပြီးတော့…
မြန်မာ့စွယ်စုံကျမ်းအတွဲ(၈)
၁၉၆၃ ထုတ်မှာတော့ ခုလို ရေးထားတာ မှတ်မိသမျှ အမှတ်တရ ဖော်ပြလိုက်ပါရစေ…။

ဘင်္ဂလားအော်အကြောင်းပဲ ဖြစ်ပါတယ်။

**** **** ****



# ဘင်္ဂလားအော်

ဘင်္ဂလားအော်ဟာ ထိပ်ပိုင်းချွန်ပြီး အောက်ပိုင်းက တြိဂံပုံသဏ္ဍာန်ရှိတဲ့ အိန္ဒိယသမုဒ္ဒရာမြောက်ပိုင်း ရေပြင်ဒေသပဲ ဖြစ်တယ်။

အရှေ့ဖက်မှာ ပါကစ္စတန်၊ မြန်မာ၊ ယိုးဒယားနဲ့ မလ္လာယုနိုင်ငံတွေ ရှိတယ်။ အနောက်ဖက်မှာ အိန္ဒိယနိုင်ငံတို့ ရှိပါတယ်။ တောင်ဘက်သို့ သီဟိုဠ်ကျွန်းနဲ့ ဆူမတြားကျွန်းတို့အထိ ကျယ်ပြန့်ပါတယ်။

ဘင်္ဂလားအော်တွင်းသို့ စီးဝင်တဲ့ မြစ်ကြီးတွေမှာ မြောက်ဘက်က ဂင်္ဂါမြစ်နဲ့ ဗြဟ္မပုတ္တရမြစ် အနောက်ဖက်က မဟာဒီ ဂိုဒါဝရီး ကစ္စနားနဲ့ ကော်ဗရီမြစ် အရှေ့ဘက်က ဧရာဝတီမြစ်တို့ဖြစ်တယ်။

ဂင်္ဂါမြစ်ဝနဲ့ ခပ်လှမ်းလှမ်းမှာ ရေမြုပ်သောင်ခုံကြီး တဖြည်းဖြည်း ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းတည်ရှိပါတယ်။

ရခိုင်ရိုးမတောင်တန်းရဲ့ အဆက်ဖြစ်ပြီးတော့ ဘင်္ဂလားပင်လယ်အော်အတွင်းမှာ ကျွန်းအဖြစ် ပေါ်နေတဲ့ ကပ္ပလီကျွန်းနဲ့ နီကိုဗာကျွန်း တဝိုက်မှာ ပေခြောက်ရာခန့်သာ နက်တဲ့ရေပြင်ဒေသ ရှိပါတယ်။

ဘင်္ဂလားအော်ကမ်းရိုးတန်းအနီးရှိ ထင်ရှားတဲ့ မြို့ကြီးတွေမှာ ကာလကတ္တား၊ ရန်ကုန်နဲ့၊ မဒရပ်မြို့တွေ ဖြစ်ကြပါတယ်။

အရှေ့ဘက် ကမ်းရိုးတန်းမှာ မြန်မာနိုင်ငံကနေ စစ်တွေ၊ မော်လမြိုင်နဲ့၊ ရန်ကုန်မြို့တွေ အပါအဝင် ဆိပ်ကမ်းကောင်းတွေ အများအပြား ရှိလေတယ်။ အနောက်ဖက် ကမ်းရိုးတန်းတွေမှာတော့ ဗိုလ်ဇတ်ဂပတ်မြို့က လွဲပြီး ဆိပ်ကမ်းကောင်းတွေ မရှိကြပါဘူး။

ကပ္ပလီနဲ့ နီကိုဗာကျွန်းတွေအပြင် ပရီပါရစ်ကျွန်း၊ ကိုကိုးကျွန်းစု၊ မြိတ်ကျွန်းစု စတာတွေ ရှိပါတယ်။ မြန်မာနိုင်ငံ ကမ်းရိုးတန်းနဲ့ မနီး

www.burmeseclassic.com

www.burmeseclassic.com



မဝေးမှာ တည်ရှိနေတဲ့ ဒီကမ်းရိုးတန်းနဲ့ မနီးမဝေးမှာ တည်ရှိနေတဲ့ မာန်အောင်ကျွန်း စတဲ့ တချို့ကျွန်းငယ်ကလေးတွေမှာ နဂါးပွက် အိုင်တွေ ရှိပါတယ်။

ဘင်္ဂလားအော်အတွင်း ရာသီဥတုဟာ အပူဝင်ရာသီဥတု မျိုးတွေပဲ ဖြစ်ပါတယ်။

ဒါကြောင့် ဆောင်းအခါမှာ အရှေ့မြောက်မုတ်သုန်လေ တိုက်ပြီး တော့ နွေအခါမှာ အနောက်တောင်မုန်သုန်လေ တိုက်ခတ်တတ်ပါတယ်။

(၄င်းစာ ၁၀၉)

သေးလ်ဆိုတဲ့ ဂရိပညာရှိကြီးကို ""လူ့အတွက် အခက်အခဲဆုံး အရာဟာ ဘာလဲ""လို့ အမေးခံရတဲ့အခါ သူက ""ကိုယ့်အကြောင်းကို သိရေးပါ""လို့ ပြန်ဖြေခဲ့တာ ဖတ်မှူးခဲ့ပါတယ်။

***Diogenes***

မိမိတို့ဟာ ကိုယ့်ဒေသ ကိုယ့်ပတ်ဝန်းကျင်ကို အထင်မသေး ကြဖို့ပါ.. ချစ်ခင်လေးစား တန်ဖိုးထားကြဖို့ပါပဲ...။

တစ်ဆက်တည်းမှာပဲ...

""ကိုယ့်ကိုယ်ကို အထင်ကြီးကိုးကွယ်တဲ့ ဘဝင်သမားဟာ နေမင်းကြီး ထွက်လာတာ သူတွန်တာ နားထောင်ဖို့လို့ ထင်တဲ့ ကြက်ဖနဲ့ တူတယ်""

***Gearge Elliot Adam Bede***

အသေးအဖွဲ့ကို လေးစားတဲ့ အပြုအမူလေးတွေဟာ လူ့ဘဝကို သာယာချိုမြစေပါတယ်။ ကြီးမားတဲ့ ဂါရဝပြုမှုတွေဟာ လူ့ဘဝကို မြင့်မြတ်တင့်တယ်စေတယ်။

***Franklin***



မိမိဟာ မိမိတို့ရဲ့ ဒေကို ချစ်ခင်နှစ်သက်ရာ သူ့ရဲ့အခြေခံမူလ ကို သိကြစေဖို့ရာ သင့်ရာကို ထပ်ဆင့် ဖော်ပြလိုက်ရတာပဲ ဖြစ်ပါတယ်။

ဘယ်နေရာ ဘယ်ဒေသမဆို သူ့သဘာဝ သူ့အလှ သူ့အသံ သူ့ရန့် ဆွတ်ပျံ့နှစ်လိုမှုတွေဆိုတာ ရှိပါတယ်။ သိရှိခံစားနားလည် လေးစားတန်ဖိုးထားကြဖို့ရာသာ အခရာဖြစ်တယ် ဆိုတာပါ။

**** **** ****

# ကျောက်ဖြူခရိုင်

ကျောက်ဖြူခရိုင်ဟာ မြန်မာနိုင်ငံရဲ့ ရခိုင်ပြည်နယ်မှာ ပါဝင်တဲ့ ခရိုင်တစ်ခုပဲ ဖြစ်ပါတယ်။ ကျောက်ဖြူခရိုင်မှာ ခရိုင်ကမ်းရိုးတန်း တလျှောက် ဘင်္ဂလားပင်လယ်အော် မအီချောင်းအထိ ရှည်လျားတဲ့ ကမ်းမြောင်ဒေသပဲ ဖြစ်ပါတယ်။

အဲဒီကမ်းရိုးတန်းရဲ့ အနောက်ဖက်မှာ ရမ်းဗြဲကျွန်း၊ မာန်အောင် ကျွန်းနဲ့ ကျွန်းငယ်တွေ အမြောက်အများတို့ ပါဝင်ပါတယ်။

နယ်နိမိတ်အနေနဲ့ မြောက်ဖက်မှာ စစ်တွေခရိုင်၊ အရှေ့ဖက်မှာ ရခိုင်ရိုးမတောင်တန်း၊ တောင်ဖက်မှာ သံတွဲခရိုင်၊ အနောက်ဖက်မှာ ဘင်္ဂလားပင်လယ်အော်တို့ တည်ရှိပါတယ်။

ကျောက်ဖြူခရိုင် မြောက်ပိုင်းနဲ့ အရှေ့ပိုင်းမှာ တောင်တွေ အထူး ထူထပ်ကြပါတယ်။

တောင်ပိုင်းမှာတော့ မြစ်ငယ်ချောင်းငယ်တွေ အမြောက်အများ တို့ဟာ တစ်ခုနဲ့တစ်ခု ယှဉ်ကပ်စီးဆင်းပြီးတော့ ရှိကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကမ်းရိုးတန်းနဲ့ ရမ်းဗြဲကျွန်းအကြားမှာ ကျွန်းငယ်ကလေးတွေ အများအပြား ရှိကြပါတယ်။ အရှေ့မြောက်ဖက်ရှိ ကျောက်ဖြူသင်္ဘောဆိပ်ကိုတော့ သဘာဝအနေနဲ့ လုံခြုံနေစေတာလဲ ဖြစ်ပါတယ်။

ကျောက်ဖြူခရိုင်ဟာ အရှေ့ဘက်ရှိ မင်းဘူးခရိုင်နဲ့ နယ်နိမိတ်ချင်းက ဆက်စပ်ပြီး ရှိပါတယ်။ ဒါပေမဲ့ ရခိုင်ရိုးမတောင်ကြီးက ခြားပြီး ရှိနေတာကြောင့် ကူးသန်းရောင်းဝယ်ဖို့ သိပ်ကို ခက်ခဲပါတယ်။

အဲဒီရိုးမတောင်တန်းကို ဖြတ်ကျော်တဲ့ တောင်ကြားလမ်း ထွက်ပေါက်နှစ်ခုပဲ ရှိပါတယ်။

အဲဒါတွေက ဒလက်နဲ့ အမ်းတောင်ကြားလမ်းတွေပဲ ဖြစ်ကြပါတယ်။ ဒလက်တောင်ကြားလမ်းမှာ ဖြတ်သန်းဖို့ရာ အတော်ပဲ ခက်ပါတယ်။ အမ်းတောင်ကြားလမ်းမှာတော့ ပင်လယ်ပြင်အထက် ပေပေါင်း ၄၆၆၄ အထိ မြင့်ပါတယ်။ နွားလှည်းတွေတောင် ဖြတ်ကျော်နိုင်ကြပါတယ်။

ဒလက်မြစ်မှာ ဒလက်ရွာအထိ၊ အမ်းမြစ်မှာ အမ်းမြို့အထိ၊ လှေတွေနဲ့ ဆန်တက်နိုင်ပါတယ်။ ကျွန်းတွေမှာတော့ ချောင်းငယ်မြောင်းငယ်တွေ ရှိကြပါတယ်။ လှေငယ်တွေနဲ့ သွားလာနိုင်ကြပါတယ်။

ကုန်းလမ်းခရီးမှာတော့ လမ်းပန်းအဆက်အသွယ် ကောင်းကောင်း မရှိခဲ့ပါဘူး။ (ယခင်ကပါ)

ခရိုင်အတွင်းက တောင်ကုန်းတွေမှာတော့ သစ်တောကြီးတွေ ရှိကြပါတယ်။ ပျဉ်းကတိုး၊ ကညင်စတဲ့ သစ်ကြီးတွေနဲ့ ဝါးတောကြီး၊ ကြိမ်တောကြီးတွေ ဖြစ်ထွန်းပါတယ်။

ခရိုင်သစ်ဖွင့်ခါစ အခါက ခရိုင်တစ်ခုလုံးမှာ တောတောင်ထူထပ်လှတာကြောင့် လယ်ယာစိုက်ပျိုးဖို့ရာ နေရာတွေဟာ သိပ်ကို မရှိလှပါဘူး။



ဝီရိယကောင်းသူတွေကသာ တောကြီးတွေကို ခုတ်ထွင်ရှင်းလင်းပြီးတော့မှ၊ တာတမံတွေကို ဆည်ဖို့ပြီးတော့မှပဲ အသင့်အတင့် စိုက်ပျိုးခဲ့ကြရပါတယ်။

ယခုနောက်ပိုင်းအခါမှာတော့ တစ်ခရိုင်လုံး ခုတ်ထွင်ရှင်းလင်းပြီး လယ်ယာပြုပြင်စိုက်ပျိုးလို့ လာခဲ့ကြပါတယ်။

ခုတော့ တစ်ခရိုင်လုံး ခုတ်ထွင်ရှင်းလင်းလာခဲ့ပြီးတော့ လယ်ယာပြုပြင် စိုက်ပျိုးလို့ လာခဲ့ကြပါတယ်။ မြေပြန့်လွင်ပြင်တွေမှာ လယ်မြေတွေ အနှံ့အပြားရှိလို့ နေကြပါပြီ။

ဒါပေမဲ့ ခရိုင်နယ်နိမိတ် အကျယ်အဝန်းနဲ့ နှိုင်းစာရင်တော့ လယ်ကွက်တွေ နည်းပါးလှပါတယ် ဆိုရမှာပါပဲ။ မြေပြန့်လွင်ပြင်ဖြစ်တဲ့ မာန်အောင်ကျွန်းမှာတော့ ဆန်စပါးတွေ ကောင်းကောင်း ဖြစ်ထွန်းပါတယ်။ ကျောက်ဖြူခရိုင်ကတော့ စပါးအကောင်းဆုံးနဲ့ အများဆုံး ထွက်ရာ ဒေသပဲ ဖြစ်ပါတယ်။

မြေပုံမြို့နယ်မှာတော့ မြစ်ရေ ရောက်ရှိရာ ကမ်းစပ်မြေတွေကို ခုတ်ထွင်တိုးချဲ့ပြီးတော့ ရေကာဆည်ကြီးတွေ ပြုလုပ်ပြီးတော့ စပါးတွေ စိုက်ပျိုးလေ့ ရှိခဲ့ကြပါတယ်။

အဲဒီတုန်းက ပြည်တော်သာ စီမံကိန်းအရ ကျောက်ဖြူခရိုင် အတွင်းမှာ ဆည်ကတုပ်တွေ ပြုလုပ်ပြီးတော့ စပါးတွေ စိုက်ပျိုးရေးကို အထူး ကြိုးပမ်းလျက် ရှိခဲ့ကြပါတယ်။ ရေနှစ်တွေမှာတော့ စပါးတွေကို ပိုမို ထွက်ရှိလာအောင်ပဲလို့ လုပ်ဖြစ်ခဲ့ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီး… မြေအိုးမြေခွက်လုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းနဲ့ စက္ကူထီးလုပ်ငန်းတွေ အသင့်အတင့် ရှိခဲ့ကြပါတယ်။ အခြားထင်ရှားတဲ့ လုပ်ငန်းတွေကတော့ ပိုးထည်ချည်ထည်တွေ ရက်လုပ်တာ၊ ကြံသကာချက်တာ၊ ဆားချက်တာတို့ပဲ ဖြစ်ကြပါတယ်။

ခရိုင်အတွင်း စိုက်ပျိုးရရှိတဲ့ သီးနှံတွေ၊ ဆန်းစပါး၊ ကြံ၊ ဝါဂွမ်း၊ ပိုက်ဆံပင်၊ ဆေး၊ ကွမ်း၊ ခနဲ၊ ငရုတ်၊ နှမ်း၊ မြေပဲ၊ ကြက်သွန်နဲ့ အုန်းပင်တွေပဲ ဖြစ်ကြပါတယ်။ ကျောက်ဖြူခရိုင်အတွင်းက ထွက်တဲ့ မာန်အောင်ကဆေး ဂန့်ဂါသားနဲ့ ရဲကျွန်းကြက်သွန်တွေမှာ ထင်ရှားတဲ့ ထွက်ကုန်တွေပဲ ဖြစ်ကြပါတယ်။ ရခိုင်ပြည်နယ်အနှံ့အပြားကို တင်ပို့ရောင်းချကြပါတယ်။

ခရိုင်းအတွင်းမှာ ပါဝင်တဲ့ မာန်အောင်ကျွန်းမှာတော့ တောင်နီတောင် (သို့မဟုတ်) မြေနီတောင်ခေါ်တဲ့ နဂါးပွက်တောင်တစ်လုံးက ရှိလို့နေပါတယ်။

အဲဒီတောင်မှာတော့ မီးတောင်ကဲ့သို့သော ချော်ရည်မထွက်ဘဲ ရွှံ့တွေထွက်ပါတယ်။ အဲဒီတုန်းက ကျောက်ဖြူမှာ ရေနံလည်း အနည်းငယ် ရပါတယ်။

ကျောက်ဖြူခရိုင်မှာ ရခိုင်မှာ ရှေးအစဉ်အလာအနေနဲ့ ထင်ရှားခဲ့တဲ့ ရထားပွဲခေါ် ပွဲတော်တစ်ခု ကျင်းပလေ့ ရှိခဲ့ပါတယ်။ ရထားပွဲမှာ မြန်မာပြည်မကြီးမှာ ခေတ်စားပြီးရှိတဲ့ လှူနံပွဲနဲ့ သဘောချင်း တူညီပါတယ်။ ရထားပွဲ ကျင်းပခြင်းရဲ့ အလိုကတော့ မိုးကောင်းဖို့ စပါးနဲ့ သီးနှံစပါးတွေ ဖွံ့ဖြိုးဖြစ်ထွန်းစေဖို့ပဲ ဖြစ်ပါတယ်။

ကျင်းပပုံမှာ ဘီးလေးဘီးတပ်ထားတဲ့ ရထားငယ်တစ်ခုပေါ်မှာ ဝါပင်ပို့တွေကို စုစည်းချည်နှောင်ပြီးတော့ စိုက်ထူရပါတယ်။ ရထား



ရှေ့နဲ့ နောက်ဖက်တွေမှာ လွန်ကြိုးတစ်ချောင်းစီ ချည်ထားရပါတယ်။ လွန်ပွဲတွေမှာ ကျင်းပသကဲ့သို့ ရထားကို တစ်ဖက်နဲ့ တစ်ဖက် အနိုင်ဆွဲကြရတယ်။ ရထားဆွဲတဲ့အခါ အတီးအမှုတ် အကျွေးအမွေးတွေပါ ပါဝင်တာကြောင့် ပိုမိုစည်ကား သိုက်မြိုက်လှပါတယ်။

ရထားပွဲသဘင်ကို နှစ်စဉ် တပို့တွဲလဆန်း (၁၄)ရက်နေ့ ညဦးကနေပြီး လပြည့်ကျော် တစ်ရက်နေ့ ညဦးအထိ ကျင်းပလေ့ ရှိကြပါတယ်။

တတိယညဦးဖြစ်တဲ့ နောက်ဆုံးနေ့မှာ ရထားကို မီးရှို့ပြီးတော့ ပွဲကို အပြီးသပ်ရပါတယ်။

ကျောက်ဖြူမြို့ပေါ်မှာတော့ ယခုအခါ ရထားပွဲသဘင်ကို ဆင်ယင်မှု မပြုလုပ်ကြတော့ပေမယ့် ကျောက်ဖြူခရိုင်အတွင်းမှာတော့ အနှံ့အပြား ပြုလုပ်ကျင်းလျက်ပဲ ရှိနေခဲ့ကြပါသေးတယ်။

မြန်မာသက္ကရာဇ် (၉၅၀)ခန့်က ရခိုင်ဘုရင်မင်းရာဇာကြီးရဲ့ သားတော် မင်းခမောင်းနဲ့အတူ ဟံသာဝတီနေပြည်တော်မှာ ရှိနေတဲ့ ရခိုင်စာဆိုတော် ဥက္ကာပျံဟာ ရထားသဘင်နဲ့ စပ်လျဉ်းပြီးတော့ မင်းခမောင်းထံသို့ ဆက်သွင်းတဲ့ ဆယ့်နှစ်ရာသီ ရတုမှာတော့…

ရာသီကုံလွဲ တပို့တွဲဝယ်
လွန်းပျော်ဖွယ် ရှင်စမ္ပါယ်လုရပ်မြေ
ရထားသခင် နှစ်စဉ်ငယ်ငင်သည်
လူရှင်သောင်းရပ်မြိုတည့်
ပျော်ရွှင်ချို့ လူတို့ဒြို
ရာဇဌာနေ မင်းနေပြည်ဝယ်

www.burmeseclassic.com

www.burmeseclassic.com



ထိုပြည်ဇနပုဒ်၌ ကျူးသံရိုက်
ထိန့်ထိန့်ဆူ သမုဒ္ဒရာ ယမုန္နာသည်
သီတာ ချောင်းနှယ်တူသို့…

စသည်ဖြင့် ဖွဲ့ဆိုထားခဲ့ပါတယ်။

ကျောက်ဖြူခရိုင်မှာ ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ မြေပုံမြို့နယ်၊ အမ်းမြို့နယ်နဲ့ မာန်အောင်မြို့နယ်ဆိုပြီးတော့ (၅)နယ် ပါဝင်ပါတယ်။

ကျောက်ဖြူခရိုင်မှာ ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေးစနစ် စတင်စမ်းသပ် ဆောင်ရွက်မယ့်ခရိုင်တွေ အနက်က တစ်ခုအပါအဝင်ပဲ ဖြစ်ပါတယ်။

ပြည်တော်သာ စီမံကိန်းအရ ကျောက်ဖြူခရိုင်အတွင်းမှာ ပြည်တော်သာ အုန်းခင်းတွေ စိုက်ပျိုးတာ၊ မြစ်ကျဉ်းသဲသောင်တွေကို တူးဖော်တာ စတာတွေကို ဆောင်ရွက်လို့ နေခဲ့ပါတယ်။

ကျောက်ဖြူခရိုင်ဟာ စတုရန်းမိုင်ပေါင်း ၄၇၉၃ ခန့် ကျယ်ဝန်းပါတယ်။ ၁၉၄၁ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၂၅၂,၂၈၁ ရှိတာ ခု ရခိုင်လားမှာ ဆင့်ပွားဖော်ပြအပ်ပါတယ်။

(၄ငီးစာ ၅၃–၅၄)

“ကျက်သရေရှိတာကို အိုမင်းရင့်ရော်မှု ရုပ်သွင်နဲ့ တွဲလိုက်တဲ့ အခါ အဲတာဟာ ချစ်မြတ်နိုးစရာ ဖြစ်လာတယ်။ ပျော်ရွှင်သာယာတဲ့ သက်ကြီးရွယ်ရင့် အချိန်မှာ ပြောမပြနိုင်တဲ့ အရဏ်ဦးတစ်ခု ရှိတယ်”

(ဗစ်တာဟူးဂိုး)



“အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရဲတဲ့ လူတွေအတွက် အခွင့်အရေးတွေ ရှိတယ်”

***(Roger Baldwin)***

“လူ့ယဉ်ကျေးမှုသည် လှုပ်ရှားမှုဖြစ်သည်။ အခြေအနေမဟုတ်၊ အကူးအပြောင်းခရီးဖြစ်သည်။ ဆိပ်ကမ်းမဟုတ်…”

**အာနိုးတွိုင်းဘီး (အင်္ဂလိပ်သမိုင်းပညာရှင်)**

“လူတစ်ယောက်မှာ စိတ်ကူးယဉ်အိမ်မက်တွေ ရှိရမယ်။ အတိတ်ကို သတိရတမ်းတတဲ့ စိတ်ကူးယဉ်အိမ်မက်တွေ ရှိရမှာဖြစ်သလို အနာဂတ်ကို ရော်ရမ်းမျှော်မှန်းတဲ့ စိတ်ကူးယဉ်အိမ်မက်တွေလဲရှိရမယ်။ ရည်မှန်းချက် ပန်းတိုင်သစ်တွေဆီကို လက်လှမ်းဆွတ်ခူးချင်တဲ့ စိတ်ကို ကျွန်တော် ဘယ်တော့မှ ပျောက်ဖျက်မပစ်ချင်ဘူး”

***Maurice Chevalier*** (သရုပ်ဆောင် ပညာရှင်)

ရှင်လူ ပျော်သောင်းသဲ ရထားသဘင် ရဟတ်ငင်သည် ပွဲတင်မြို့ကြီးကွဲမျှ (ဇမ္ဗူလုံးသည်)ကျော်သောင်းသည်း ပိန်ပေါင်းခရာ စည်ဒုပ္ပါသည် ပတ်သာမြို့လုံးခြုံမျှ ဟာငင်ကုန်ဆွဲသာဆွဲ လက်လှမ်းအညီ ကြိုးဇီကြိုးစဆွဲလော့..၊ တချို့လည်း ရထားပေါင်၊ နောက်ဆုတ် နောက်ဆုတ်ရထား..၊ ပါးဝယ်မြှောင်၍ ဟာမွှီးမောင်၊ ညီယောက်ဖ၊ ကိုယ့်ဘက်တော် ရွှံ့ကိုမြဲကစီလော..။ (ဥက္ကာချို)

လူ့လောက လူ့သဘာဝ၊ ပတ်ဝန်းကျင်ဒေသ ရိုးရာယဉ်ကျေးမှု ချစ်စရာလေး၊ သဘာဝတွေဟာ တန်းဖိုးထားရမဲ့အရာ၊ နှစ်သက်စရာ အရာဝတ္ထုတွေချည်းပါပဲ။ အတိတ်ကို ချစ်မြတ်နိုးသလို ပစ္စုပ္ပန်မှာ ချစ်မြတ်နိုးဖို့ရာမှာလည်း ပျိုးထောင်ပြုစု ဖော်ကျူးဖွင့်ဟ သိရှိခံစားနားလည်နှလုံးသွင်းကြရမှာပဲ မဟုတ်ပါလားဗျာ..။

www.burmeseclassic.com

www.burmeseclassic.com



# ကျောက်ဖြူမြို့

ပြီးတော့ ခု ရခိုင်လားမှာ ကျောက်ဖြူမြို့ဟာ မြန်မာနိုင်ငံမှာ ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်မှာ ရုံးစိုက်ရာမြို့ကြီးပဲ ဖြစ်ပါတယ်။ ရမ်းဗြဲကျွန်းရဲ့ မြောက်ဖက် အစွန်းသံစစ် မြစ်ဝမှာ တည်ရှိပါတယ်။

အဲဒီမြို့ဟာ ရှေးအခါက ရခိုင်ပြည်နယ်ဒေသမှာ မထင်ရှားတဲ့ တံငါရွာကလေးမျှသာ ဖြစ်ခဲ့ပါတယ်။ ၁၈၂၆ ခုနှစ်မှာ ရခိုင်ပြည်နယ် ဒေသကို အင်္ဂလိပ်တို့ သိမ်းပိုက်တဲ့အခါ ကျောက်ဖြူမြို့နေရာမှာ စစ်တပ်တွေကို ချထားခဲ့ပါတယ်။ အဲဒီအခါမှာ ကျောက်ဖြူမြို့ရဲ့ နယ်မြေဟာ စစ်တွေ သံတွဲနဲ့ ရမ်းဗြဲခရိုင်တွေအတွင်းသို့ ကျရောက်ခဲ့ပါတယ်။ အမ်းမြို့မှာ ခရိုင်ဌာနချုပ်ရုံးစိုက်ရာမြို့ပဲ ဖြစ်ခဲ့ပါတယ်။

ဒါပေမဲ့ အမ်းမြို့မှာ ကျန်းမာရေးနဲ့ မညီညွတ်တာ၊ ပင်လယ် ကမ်းခြေနဲ့ ဝေးတာတို့ကြောင့် ရှေးကစစ်တပ်တွေ ချထားခဲ့ဖူးတဲ့ ကျောက်ဖြူမြို့ကို ၁၈၃၈ ခုနှစ်မှာ ပြောင်းရွှေ့ ရုံးစိုက်ခဲ့ပါတယ်။

ရမ်းဗြဲခရိုင်နဲ့ အမ်းခရိုင်တို့ကိုလည်း ပေါင်းပြီးတော့ ကျောက်ဖြူ ခရိုင်လို့ သတ်မှတ်ခဲ့ပါတယ်။ ကျောက်ဖြူမြို့နယ်မှာ ကျေးရွာပေါင်း (၂၇၀)ကျော် ပါဝင်ခဲ့ပါတယ်။

ယခုအခါမှာတော့ ကျောက်ဖြူမြို့မှာ ခရိုင်ဝန်ရုံးစိုက်ရာ စည်ကားတဲ့ မြို့ကြီးဖြစ်လာရုံ မကပါဘူး‥ သင်္ဘောဆိပ်လည်း ဖြစ်လာ ပါတယ်။ ပင်လယ်ကူး သင်္ဘောကြီးတွေ ဝင်ရောက်ဆိုက်ကပ်ကြပါ တယ်။ မြို့ပေါ်မှာက ခရိုင်ဌာနချုပ်ရုံးတွေအပြင် ဆေးရုံ၊ ရဲဌာန၊ စာပို့တိုက်၊ စာသင်ကျောင်းနဲ့ ဈေးတွေ ရှိကြပါတယ်။



မြို့စည်ပင်ရေးကို ၁၈၈၅ ခုနှစ်ကစပြီးတော့ မြူနီစီပယ်အဖွဲ့က စီမံအုပ်ချုပ်လာခဲ့ပါတယ်။

ကျောက်ဖြူမြို့ရဲ့ အရှေ့တောက်ဖက် (၃)မိုင်ခန့်အကွာက စိုင်ခြံရွာအနီးမှာတော့ နဂါးပွက်တောင် (ခ) ရွှံ့မီးတောင်ရှိပါတယ်။ မြို့ရဲ့ အရှေ့တောင်ဖက် (၁) မိုင်ခွဲခန့်အကွာ ကညင်တောရွာအနီးက စေတီတောင်ပေါ်မှာ လျောင်းတော်မူ ရုပ်ပွားတော်တစ်ဆူရှိပါတယ်။

မြို့ရဲ့အနောက်ဘက် (၃) မိုင်ခန့်အကွာ ဂုံးချိန်းရွာသို့သွားတဲ့ ခရီးလမ်းမှာ ကျောက်တစ်လုံးဘုရား တည်ရှိပါတယ်။

ဒီဘုရားမှာ ကြီးမားတဲ့ ကျောက်တစ်လုံးကို ဘုံဆောင် ပြာသာဒ်လိုဏ်ဂူနဲ့ ရုပ်တုတော်တွေပါ အပြီးဖြစ်မြောက်အောင် ထုလုပ်မွမ်းမံထားတာ ဖြစ်ပါတယ်။

လိုဏ်ဂူတော်နဲ့တကွ ဘုရားရုပ်ပွားတော်တွေ၊ ပန်းဆိုင်းတွေ၊ ဘီလူးရုပ်၊ နတ်ရုပ် စတာတွေရဲ့ အရုပ်ဟန်ပန်တို့ဟာ ရှေးရခိုင်တွေရဲ့ ဗိသုကာပညာနဲ့ ကျောက်ဆစ်ပညာတွေကို သရုပ်ဖော်ပြလျက် ရှိနေကြ ပါတယ်။

ကျောက်တစ်လုံးဘုရားရဲ့ တောင်ဖက် (၂)မိုင်ခန့်အကွာ ဂန္ဓဝေါ တောအရပ်မှာ ဂန္ဓဝေါတောဘုရားလို့ ထင်ရှားတဲ့ ရုပ်ပွားတော်တစ်ဆူ ရှိပါတယ်။ အဲဒီရုပ်တုတော်ကိုတော့ ပင်လယ်ထဲက ပင့်ဆောင်ရရှိခဲ့တာ ကြောင့် ပေါ်တော်မူဘုရားလို့လည်း ခေါ်ဝေါ်သမုတ်ပြီးတော့ ကိုးကွယ် ကြပါတယ်။

စေတီတောင်ဘုရား၊ ကျောက်တစ်လုံးဘုရားနဲ့ ဂန္ဓဝေါတော ဘုရားပွဲတော်တွေကို တန်ခူးလအတွင်းမှာ ကျင်းပလေ့ရှိကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၅၃ ခုနှစ်က စပြီးတော့ ဆရာဖြစ်သင် ကောလိပ်ကို ကျောင်းဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၅၄ ခုနှစ်၊ ဇွန်လ (၁၇)ရက်နေ့မှာ ဥပစာ ကောလိပ်ကျောင်းကို ဖွင့်လှစ်ခဲ့ပါတယ်။

ဒီဥပစာ ကောလိပ်ကျောင်းမှာတော့ အထွေထွေဝိဇ္ဇာ ပညာရပ်တွေကိုသာမကပါဘူး။ သချ်ာ၊ ရူပဗေဒနဲ့ ဓာတုဗေဒ၊ သိပ္ပံပညာရပ်တွေကိုပါ သင်ကြားပို့ချပြီးတော့ ရှိခဲ့ကြပါတယ်။

ကျောက်ဖြူမြို့မှာ ရန်ကုန်မြို့နဲ့လည်း လေယာဉ်လမ်းတွေနဲ့ ဆက်သွယ်ပြီးတော့လဲ ရှိပါတယ်။

မြို့ရဲ့ အကျယ်အဝန်းမှာ စတုရန်းမိုင် (၁.၂၂)ရှိပါတယ်။ ၁၉၅၃ ခုနှစ်သန်းခေါင်စာရင်းအရ လူဦးရေ ၇၂၄၁ ယောက် ရှိပါတယ်။

**မြန်မာ့စွယ်စုံကျမ်းအတွဲ(၂) (စာ-၃၄၊ ၃၅)မှ**

"ဆိုးဝါးတဲ့ အခြေအနေဟာ အမြဲတာမရှည်နိုင်သလို ရွှင်မြူးသာယာတဲ့ အချိန်ဟာလဲ သူ့အလှည့် ကျော်မသွားပါဘူး"

***(Hal Borland)***

"ကိုင်းတခွင် လယ်လုပ်သား အသီးကောက်ပင် မွှမ်းဖြင် သားမယားနှင့် ကျီးငှက်များ မောင်နှံစုံ ဥဒေါင်းတွန်ကျာ သာလိကာသည် လင်းပြာ ဆွတ်မျှကြလျှက် ငှက်ဝါမူတဗ္ဗာန တြင်းဆော်သည့် လျင်စွာ ရောက်ပျာလားဟု ကျူးမည်ငြားလူသဏ္ဍာန်ပန်းရက်ယူကုံး တရုံးရုံးသည် ပိတုန်းမျှမကျန်တည်း ပျံ့ဝဲသည် တသောင်းသောင်း ခပ်သိမ်းရဂုံ ကမြူးခုန်သည် ဖော်စုံကျီးငှက်ပေါင်းတို့"

(ဥဩဘာချို)



ရှိုင်လားအတွက် မိမိဟာ စာရေးစာပွဲမှာ စာတွေဖတ်မှတ်ခံစားလေ့လာလို့ နေမိပါတယ်။ ဒီလိုဖတ်မှတ်ရတဲ့ ဒုက္ခ၊ သိရှိခံစားနားလည်လာရတဲ့ ဒုက္ခ၊ ရင်ဖွင့်ရေးသားရတဲ့ ဒုက္ခ၊ မျိုသိပ်ချုပ်တည်းရတဲ့ ဒုက္ခတွေနဲ့အမျှ မိမိဒေသကို လွမ်းစိတ်နဲ့အတူ ကြီးပွားတိုးတက်စေရေး အတွက် စိတ်ဓာတ်တွေ ဆူဆေနေမိ ပါတယ်။ ဒါအတွက် စာတစ်ပုဒ်မှာက ခုလို ရေးထားတာ ဖတ်မိပါတယ်။

"ကိုယ့်ကိုယ်ကို လေးစားနိုင်တဲ့သူ သူတစ်ပါးကိုလည်း လေးစားတဲ့သူ သူတစ်ပါးရဲ့ လေးစားမှုကိုလည်း ထိုက်ထိုက်တန်တန်ခံရတဲ့သူဟာ လောကကို အကျိုးပြုတဲ့သူ ဖြစ်တယ်။ ကိုယ့်ကိုယ်ကိုလည်း လေးစားမှုရှိအောင် ပတ်ဝန်းကျင်အသိုင်းအဝိုင်းကလည်း ကိုယ့်ကိုယ် လေးစားလာအောင် လူတိုင်းကြိုးစားပြီးနေရင် ဒီလောကကြီးဟာ ပျော်စရာကောင်းတဲ့ လောကကြီးဖြစ်မယ်"

(ဆရာတော်ဦးဇောတိက)

နောက် မိမိအကြိုက်ဆုံး စာတပုဒ်ကတော့လဲ ဒီလိုပါ..။

**** **** ****

## သင်လိုချင်တဲ့ အရာ

"သင်လိုချင်တဲ့အရာကို မရဘူးဆိုရင် သင်အမှန်တကယ် လိုချင်စိတ် မပြင်းပြခဲ့လို့ရင်လဲ ဖြစ်ရမယ်..

ဒါမှမဟုတ်..

ဈေးဆစ်နေခဲ့လို့ ရင်လဲဖြစ်ရမယ်..."

(ရွှေဒ်ယာယ်ဒ်တစ်ဝလင်း)

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ လူမှာစိတ်ဓာတ်က အရေးကြီးဆုံးပါပဲ။

ပြီးတော့ အဲဒီစိတ်ဓာတ်မျိုး ဖြစ်ပေါ်စေတဲ့အရာက ပိုအရေးကြီးတယ်။ မြန်မာစာပေနယ်က ကဗျာကို မြေတောင်မြှောက်ပေးခဲ့တဲ့ ဂန္ထလောက မဂ္ဂဇင်းက ဝီလျံအမ်း နက်ဟင်နလေရဲ့ 'အင်ဗစ်တပ်' ကဗျာကို အိုးဝေ ဦးညိုမြက "အနိုင်မခံ" ဆိုပြီး ဖော်ပြခဲ့ပါတယ်။ အဲဒါကတော့ ဗိုလ်ချုပ်အောင်ဆန်းကြိုက်ခဲ့တဲ့ မိမိလဲအကြိုက်ဆုံးရဲ့ အကြိုက်ဆုံးစာ (ဒါမှမဟုတ်) အကြိုက်ဆုံးကဗျာပါ..။ ခု.. မုံရွာဝင်းဖေ ဘာသာပြန်ပါ...။

**** **** ****

# အနိုင်မခံ

"ငါ့အား ဖုံးလွှမ်းအပ်သည့်
ညဉ့်နက်သန်းခေါင် အမှောင်အတွင်းမှ
အသူတရာမျှ နက်လှသော
ချောက်ကမ်းပါးအတွင်းမှ
ငါ၏ မကြောက်တရားကို ဖန်တီးထားသည့်
နတ်သိကြားများကို ငါကျေးဇူးဆိုပါ၏။
လောကဓံတရား၏ ကြမ်းကြုတ်သော လက်ဆုတ်တွင်းသို့
ငါသက်ဆင်း ကျရောက်ငြားလည်း...
ငါကားမတုန်လှုပ် မငိုကြွေး...
ငါ၏ ဦးခေါင်းတို့သည် သွေးဖြင့် ချင်းချင်းနီ၏..



သို့သော် ညွတ်ကားမညွတ်...
လောဘ ဒေါသတို့ကြီးစိုးရာ...
ဤကမ္ဘာ၏ အခြားမဲ့၌...
သေခြင်းတရားသည် ကြောက်ဖွယ်ငုံ့လင့်၏...
သို့သော် ငါ့အား မတုန်လှုပ်သည်ကိုသာ တွေ့ရအံ့...
နောင်တွင်လည်း မကြောက်ရွံ့သည်ကိုသာလျှင်
အစဉ်တွေ့ရလတ္တံ့..။
သုဂတိသို့သွားရာ တံခါးဝသည်
မည်မျှပင် ကျဉ်းမြောင်းသည်ဖြစ်စေ...
ယမမင်း၏ ခွေးပုရပိုက်တွင်...
ငါ၏အပြစ်များ မည်မျှပင် ရေးခြစ်ထားစေ...
ငါသာလျှင် ငါ့ကြမ္မာ၏အရှင်...
ငါသာလျှင် ငါ့ဘဝ၏ သခင်ဖြစ်တော့သည်"

(မုံရွာဝင်းဖေ)

**** **** ****

"အခက်အခဲ အကြပ်အတည်းဆိုတာ အရည်အချင်းကို ပိုပြီး ထွက်စေနိုင်တယ်... စိတ်နေသဘောထားကို ပိုပြီးလေးနက် ရင့်ကျက် မြင့်မြတ်စေနိုင်တယ်"

(ဆရာတော် ဦးဇောတိက)

**** **** ****

www.burmeseclassic.com

www.burmeseclassic.com



"တရားဆိုတာ အမှန်ကို သိတဲ့အသိဉာဏ်ကိုခေါ်တာ…
တရားဆိုတာ အတွေးအခေါ် မဟုတ်ဘူး…
အသိအမြင်ဖြစ်တယ်"

(ဆရာတော် ဦးတေဇနိယ)

**** **** ****

## မိမိမွေးဖွားရာမြေ

ကျောက်ဖြူမြို့နယ်က ရေနံ့ဒွိန်ရွာကလေး။ ကျောက်ဖြူက သွားရင် ၁၉မိုင်ခန့် ဝမ်းချောင်းရွာက ကားဂိတ်ကဆင်း၊ အရှေ့ဖက်ကို တောတောင်ကျော် ကုန်းကြောင်း (၇)မိုင်လောက် လျှောက်ရလိမ့်မယ် ထင်တယ်။

ရွာဟာ အိမ်ခြေသုံးရာခန့်ရှိတယ်။ စိတ်ပျက်စရာက ထုံးစံအတိုင်း ရွာမှာ ကျောင်းကွဲနေတာပဲ ဖြစ်တယ်။

မိမိဟာ ဆရာတော် ဦးသုမနရဲ့ ကျေးရှူးကြောင့် သူ့ကျောင်းမှာ နေပြီး စာတတ်ခဲ့တယ်။ စာကဗျာ အသိအလင်းရောင်လေး ရခဲ့တယ်။ ဒါကြောင့် ကြိုးစား ရုန်းကန်းရင်း စာရေးဆရာ၊ ကဗျာဆရာ ဖြစ်ခဲ့ရပါတယ်။ သေစာရင်စာလောက် အဆင့်က ကြိုးစားရုန်းကန်ခဲ့ရပါတယ်။

ဒီနောက်ပိုင်းမှာ ရန်ကုန်မှာ မိမိရွာက အသင်းအဖွဲ့ထောင်ပြီး သာရေးနာရေးလုပ်ကြဖို့ ပြောတော့ မိမိမူဝါဒ ဆွဲပေးခဲ့တယ်။ ဥက္ကဋ္ဌလုပ် ဦးဆောင်ခဲ့တယ်။ ရွာက ပန်းတိမ်စက်ချုပ်သူတွေပဲ ဖြစ်ကြတယ်။

လူစုံတစ်နေ့မှာ မိမိက စာဖတ်ကြဖို့ စေတနာနဲ့ ပြောမိတယ်။



စာပေထုတ်ဝေရေးတွေ လုပ်ကြဖို့ ရန်ပုံငွေရှာဖို့ပါ‥၊ ပြောတဲ့အခါ အသင်းငွေနဲ့ မိမိက စာရေးဆရာဖြစ်အောင် လုပ်ချင်လို့ပါတဲ့။ စာနည်းနည်းတတ်တဲ့ ညီမကို ငွေကိုင်နိုင်းတော့ မိမိငွေအလွဲသုံးစား လုပ်လိုလို့တဲ့‥၊ ပြီး စာပေထုတ်ဝေရေးလုပ်ရင် သူတို့လဲ စာပါဝင် ရေးကြဖို့ပါ ပြောကြတယ်။ ဟာ‥ ဆရာတွေချည်းပါလား‥၊ 'ဗုဒ္ဓေါ' မိမိ ကမ္ဘာခြားအရောက်မှာ အားလုံးငွေတွေ သုံးပစ်ကြတယ်။ နောက်ဆုံးအသင်းပါ ပျက်သွားတယ်။

ဒီအလုပ်မလွယ်တာ၊ စာရေးဆရာဘဝ အန္တရာယ်များတာ၊ ခက်ခဲတာ သူတို့ ဘာသိမှာလဲ၊ မိမိကို ရွာသားအနေနဲ့ ဂုဏ်ယူကြပေမယ့် ရွာအတွက် ဒေသအတွက် မိမိကိုယ်စားပြု ရေးထားတာ ရေးနေတာ သူတို့ ဘာဆိုဘာမှ သိမှသိကြပါလေစ။ ဒါမဆန်းပါ၊ ဦးဥတ္တမ၊ ဦးကျော်ရင် စသူတို့ဟာလဲ သင့်တော်တဲ့ ဘဝပေးအခြေမှာ သင့်ရာမှာ နေပြီး သင့်တော်တာကိုပဲ သင့်တော်သူနဲ့ လက်တွဲလုပ်ကိုင်ခဲ့ကြရတာပဲ မဟုတ်ပါလား‥။

လူဟာ ရှေ့ဆောင်သွားနိုင်ဖို့လဲ မလွယ်ပါ။ ရှေ့ကဆောင်တော့ နောက်လိုက်ရဖို့ဆိုတာလဲ မလွယ်ပါ။ အပြန်အလှန် အပေးအယူ ခရီးလမ်းပန်း ပန်းတိုင်တူမှကြမှ ဖြစ်ကြပါတယ်။

ဒါပေမဲ့ မတူသူနဲ့ အတူလျှောက်သွားနိုင်ရေးဟာလဲ အရည် အချင်း တစ်ရပ်ပါပဲ မဟုတ်လား။ ဒီခေတ်က ဒီမိုကရေစီခေတ် လူဟာ ဒီမိုကရက် ဖြစ်ဖို့ကလဲ အရေးကြီးတယ်။

ဒီကြားထဲမှာ အသင်းအဖွဲ့လေးက လုံးဝပျက်သွားခဲ့တယ်။ မိမိလည်း ခရီးလမ်းပန်းတွေ (တာရှည်) လွန်သွားခဲ့ရတယ်။ ဒါပေမဲ့

www.burmeseclassic.com



မိမိဟာ လမ်းလဲမပျောက်ပါ။ တောက်လျှောက်အတက် ဆက်တက်နေရမှာပါ။ လမ်းတစ်လျှောက် လျှောက်ရာမှာ ဖောက်ပါစေ.. မတ်ပါစေ.. ဝေးပါစေ.. စိတ်လည်းမပျက်ပါ။ ဘဝလမ်းဆိုတာ ပန်းခင်းလမ်းချည်း မဟုတ်ဘူးဆိုတာပါ။ အမြဲရုန်းကန်နေရမှာ။ လှေလှာသင်ယူနေရမှာပဲ။ ခရီးဆက်လက်သွားလာနေကြရမှာ။ အထူးသဖြင့် ကဗျာနဲ့ စာရေးဆရာဘဝပါပဲ။ ဒီကဗျာကိုတော့ မိမိဟာ ရပ်ရှင်အမြုတေ မဂ္ဂဇင်းရဲ့ ၁၉၇၄ နှိုဝင်ဘာလထုတ်မှာ (မှတ်ချက် - ပန်းချီ ကိုကိုလတ်ရဲ့ ကိုရုပ်ဆိုး စီးရီးခွေဇာတ်လမ်းခွေမှာ အသံသွင်းပြီး ထုတ်လွှင့်ခဲ့ပြီးလဲပဲ ဖြစ်ပါတယ်) မိမိ စတင်ရေးခဲ့တာကတော့ (၂၈-၂-၇၂) မှာပဲ ဖြစ်ပါတယ်။ ဒါကိုဖော်ပြရင်း...

မိမိဆန္ဒ ထပ်ဆင့်ဖွင့်ဟဖော်ကျူးလှစ်ဟ လိုက်ပါရစေဆိုတာပါ..။

**** **** ****

# တောက်လျှောက်အတက်သို့

✶ မွေးကတည်းက လှမ်းလာရတဲ့
ဘဝခရီး အတက်ချည်းတည်း...

✶ ယနေ့ရည်မှန်း စာပေလမ်းလည်း
ကြမ်းတမ်းခက်ခဲ အသိမြဲဘိ
တိုက်ပွဲပြင်းထန် ခက်ခဲလွန်နေ...



✶ အို..စာပေလောက မရေရာသော
သဘောသကာ ဘဝတာကို...
ငါ့မှာနားလည် သိရှိသည်လည်း..
နိုင်ကျည်စွာလှ စိတ်ဆန္ဒက
လုံးဝဖျောက်ဖျက် မရပါ...

✶ ဤသည်လောက ငါ့ဘဝတာ
ဘာပဲဖြစ်ဖြစ် စိတ်မညစ်ဘဲ
မလျှော့ဖွဲ့နဲ့ တိုက်ပွဲမကြောက်
အို.. တောက်လျှောက်အတက်
ဆက်လက်တက်အံ့...
တက်ပြီးသေရင်း ဂုဏ်ယူမယ်...

(ပြီးပြီ)

အားလုံးအတွက်စာရှုစိတ်သာကြွပါစေ
ဆန်းအောင် (ရွှာဝတီ)
၁၅-၉-၂၀၀၈ ညဉ့် ၈း၁၅မိနစ်

**** **** ****

www.burmeseclassic.com